www.burmeseclassic.com

ကြယ်ပွင့်စာပေ

# ေဒဂပကြဲ

ဘုံကျားဦးမင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဘုံကူးဥမင်

(ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ)

## ဒေဝစကြာ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၇၀၁၁၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၇၇၀၁၂၀၈ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ဩဂုတ်လ၊ ၂၀၀၉ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုရဲ |
| အဖုံးဖလင် | - | EMPIRE |
| အတွင်းဖလင် | - | အောဇော် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | - | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| မျက်နှာဖုံးပုံနှိပ် | | ရာပြည့်ပုံနှိပ်တိုက်<br>တိုက်ခွဲ ၁၉၉၊ လမ်း၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန်<br>သင်းစာပေ (မြ-၀၄၂၃၂)<br>အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊<br>လှည်းတန်း၊ ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ဒေဝစကြာ

ဘုံကူးဥမင် / ဒေဝစကြာ - ရန်ကုန်။

သင်းစာပေ၊ ၂၀၀၉။

၁၃၇ - စာ။ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ

## မာတိကာ


- အမှာစာ ၇
၁။ ထူးဆန်းသောကျောက်လက်ဝါး ၁၃
၂။ ပျောက်ဆုံးနေသောရွာ ၄၁
၃။ ဘုံကူးဥမင် ၇၃
၄။ တောင်ကျွန်းနမိတ် ၁၁၇


www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

တချို့က ယနေ့မြန်မာစာပေကို ဆုတ်ကပ်သဖွယ် ဆင်ခြင်သုံးသပ်ကြသည်။ ရသစာပေခေတ် ကုန်ဆုံးတော့မည်ဟုပင်၊ ကြွေးကြော်ကြသည်။ စကောင်းပေကောင်းတွေ မထွက်တော့ဟု ငြီးငြူကြသည်။ မှန်ကန်သော ရှုမြင်မှုဟု မဆိုနိုင်။

ယနေ့ထုတ်ဝေနေသည့် စာအုပ်စာတန်း မဂ္ဂဇင်းအမျိုးအစားအရေအတွက်မှာ မြန်မာစာပေသမိုင်းတလျှောက်၌ အများပြားဆုံးဟု ဆိုနိုင်သည်။ ကိန်းဂဏန်းအနေနဲ့ပဲဖြစ်ဖြစ်၊ အမျိုးအစားအနေနဲ့ပဲဖြစ်ဖြစ် ဘယ်ခေတ်နဲ့မဆို ယှဉ်ပြိုင်ရဲသည်။ ဝတ္ထုတို၊ ကဗျာ အရည်



www.burmeseclassic.com

www.burmeseclassic.com



အသွေးမှာလည်း မည့်ဖျင်းကြ။ အရှေ့တောင်အာရှနိုင်ငံများတွင် ထိပ်တန်းအဆင့်ရှိသည်။ ရောင်းတမ်းဝင် စာပေရေးသားသူတွေလည်း များမှများ။ ထိုသို့ ရေးသားထုတ်ဝေနေနိုင်ခြင်းမှာ လက်ခံဖတ်ရှုသူ ပရိသတ်ရှိနေသောကြောင့်သာ ဖြစ်သည်။

သုတစာပေများမှာမူ နယ်စုံပယ်စုံ ဘာသာရပ်မျိုးစုံ ထုတ်ဝေနေကြရာ၊ မြန်မာစာပေလောကကြီးတစ်ခုလုံး သုတစာပေတွေ ဖုံးလုလုအခြေအနေဟု (ရုတ်တရက်) ထင်စရာရှိနေသဖြင့်၊ တချို့က ရသစာပေတွေကို ကယ်တင်မှ ဖြစ်တော့မယ်ဟု ကြွေးကြော်ကြခြင်း ဖြစ်သည်။ သုတစာပေမှာ ခေတ်၏လိုအင်နှင့် ကိုက်ညီအောင် ထွန်းကားလာခြင်းဖြစ်ရာ၊ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာလက်ခံကြိုဆိုရမည့် စာပေအမျိုးအစားသာ ဖြစ်သည်။ ငြင်းပယ်ဆန့်ကျင်ရမည့် အရာမဟုတ်။ ယခုအခါ 'လိုင်း' စာအုပ်ဟုခေါ်သော ထိုသို့သော သုတစာပေကို ဖြန့်ချိရောင်းဝယ်သည့် ဆိုင်ကြီးများကို ပန်းဆိုးတန်းတဝိုက်၌ ခမ်းနားစွာ မြင်ရသည်။ ယခင်က ဤကဲ့သို့ကြီးကျယ်သော စာအုပ်ဆိုင်ကြီးများ မရှိခဲ့ဖူးပါချေ။

ထို့အတူ ၃၁ လမ်း၊ ၃၂ လမ်းဘက်၌လည်း ရောင်းတမ်းဝင် စာပေဖြန့်ချိသည့်ဆိုင်များ မှိုလိုပေါက်နေတာ တွေ့ကြရသည်။ ထိုအခြေအနေနှင့် ကိုက်ညီအောင် ရောင်းတမ်းဝင် စာရေးဆရာများစွာလည်း ပေါ်ထွန်း၍နေသည်။ အချစ်အလွမ်း၊ ရာဇဝင်၊ စုံထောက်၊





ဂမ္ဘီရ စသဖြင့် အမျိုးအစားအလိုက်၊ ထင်ရှားအောင်မြင်သူတွေ ပရိသတ်လက်ခံအားပေးသူတွေ ရှိနေသည်။ အမည်များကို ရေတွက်ကြည့်လျှင် အလွယ်တကူပင် ရာဂဏန်းကျော်လွန်သွားနိုင်လေသည်။

ထိုအထဲတွင် နောက်ဆုံးထွက်ပေါ်လာသည့် အမျိုးအစားကား ဟာသနှင့် တစ္ဆေသရဲ ဝတ္ထုအမျိုးအစားနှစ်ခုဖြစ်ကာ၊ အံ့သြလောက်ဖွယ် လက်ခံအားပေးသူတွေ များပြားတာ တွေ့ရလေသည်။ အကြည်တော်နှင့် သတိုးတေဇတို့မှာ ထိုလိုင်းတွင် အထင်ရှားဆုံးနှစ်ဦးဖြစ်၏။ ယခုအခါ . . . တစ်နေ့တခြား တစ္ဆေသရဲဝတ္ထုရေးသူတို့ တိုးပွားလာရာ၊ စောင့်ကြည့်သူတို့က ကလောင်အရေအတွက် (၂၀) ကျော်သွားပြီဟု ဆိုကြလေသည်။ ဤလိုင်းကိုပင် နောက်ထပ်တိုးဝင်လာဦးမည့် သူတွေလည်း ရှိနေသေးသည်။ ဤတစ္ဆေသရဲဝတ္ထုများကို မြန်မာစာပေ စောစောပိုင်းကပင် ဆရာ့ဆရာကြီးများ ရေးသားခဲ့ကြ၏။ ဒေါ်ဒဂုန်ခင်ခင်လေး (ကိုကိုလေးအမည်ဖြင့်)၊ ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား တို့ကပင် အစပြုခဲ့သည်ဟု ဆိုနိုင်သည်။ သူတို့ရေးသားခဲ့သော ဝတ္ထုတိုများကို ယခုအခါ ပြန်လည်ထုတ်ဝေနေလေရာ၊ အလွယ်တကူပင် ဝယ်ယူဖတ်ရှုနိုင်ကြသည်။

အနောက်တိုင်းတစ္ဆေဝတ္ထုများ သမိုင်းကိုကြည့်သောအခါ ကျွန်တော်တို့ သိခဲ့သော အင်္ဂလိပ်လင်ပိုး၊ ရိုက်ဒါဟတ်ဂတ်၊ အာသာ ကိုနင်းဒွိုင်း၊ မေရီရှယ်လီ၊ ဘရိုင်ယမ်စတုန်ကာတို့သာ တစ္ဆေသရဲ



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုကို ရေးကြသည်မဟုတ်ပဲ . . .

ကျွန်တော်တို့က ဘဝသရုပ်ဖော် စာရေးဆရာကြီးများဟု သိထားကြသည့် ဂျက်လန်ဒန်၊ ချားလ်ဒစ်ကင်း၊ ဂွန်စတိုင်ဘက်၊ ကက်သရင်း မင်းစဖီးလ်၊ ကျော့အဲလိယော့၊ ရှားလော့ဘရွန်တီ၊ ဟာရီယက် ဘက်ချာစတိုး (ဦးလေးတွမ်၏ဘဲရေးသူ) သီရိုဒိုးဒရိုင်ဇာတို့လည်း ရေးကြသည်။

ကျွန်တော်တို့က မော်ဒန်စာရေးဆရာများဟု သိထားကြသော ဟင်နရီဂျိမ်း၊ ဖါကျိုးနီးယားဝုဖ်၊ အန်သိုနီဘောဂတ်စ်၊ ကောလင်းဝီလ်ဆင် တို့လည်း ရေးကြသည်။ ယနေ့ခေတ်ပြိုင် စာရေးဆရာများဖြစ်သည့် မြူရယ်စပတ်၊ ဝီလီယမ်ထရီဗားတို့လည်း ရေးကြသည်။ ထိုအထဲတွင် သိပ္ပံစာရေးဆရာဟူသော အိတ်ဂျီဝဲလ်နှင့် ဟာသစာရေးဆရာဆိုသော ပီဂျီဝုဟောက်စ်တို့ပင် ပါနေသည်ကို အံ့သြစွာတွေ့ရသည်။ သူတို့ရေးသော စာပေကို ပထမ ghost stories ဟုခေါ်ကြသော်လည်း၊ နောင်တွင် ပို၍ခြုံငုံမိစေရန် Supernatural fiction ဟုလည်းကောင်း၊ fantasy ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြတာ တွေ့ရှိရလေသည်။

ကျွန်ုပ်အနေဖြင့် ဒေဝစကြာအမည်ဖြင့် လုံးချင်းဝတ္ထုများစမ်းသပ်ရေးသားခဲ့ရာ၊ လက်ခံအားပေးမှုရှိသဖြင့် ဝမ်းမြောက်မိလေသည်။ ဝတ္ထုရှည်များကို စာဖတ်ပရိသတ်ထံ အဆက်မပြတ် တင်ပြ





နိုင်ရန် ကြိုးစားရေးသားနေရင်းမှပင် . . .

ဝတ္ထုရှည်ရေးရန် မသင့်တော်သည့် စိတ်ကူးရသမျှ ဇာတ်လမ်းတချို့အား ဝတ္ထုတိုများအဖြစ် ရေးသားတင်ပြလိုက်ရာ . . .

စာဖတ်သူများအနေဖြင့် နှစ်သက်ကျေနပ်လိမ့်မည်ဟု ယူဆမိပါကြောင်း . . .။

ရွှင်လန်းချမ်းမြေ့ပါစေ

ဒေဝစကြာ

(ဖေဖေါ်ဝါရီ ၂၀၀၈)



www.burmeseclassic.com

www.burmeseclassic.com

# (၁) ထူးဆန်းသောကျောက်လက်ကိုဝါး

www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောကျောက်လက်ဝါး

ကျွန်ုပ်၏အမည်မှာ ဦးကျော်စောဖြစ်ကာ၊ အငြိမ်းစားအစိုးရ အရာရှိတစ်ဦးဖြစ်ပြီး၊ လူချမ်းသာများနေထိုင်ရာ ရပ်ကွက်တွင်၊ မိဘ အမွေအနှစ် တစ်ထပ်တိုက်နှင့် ခြံကလေးတွင် အေးချမ်းစွာ နေထိုင် နေသူ ဖြစ်ပါသည်။

ကျွန်ုပ်၏ အဘိုးအဘွားများမှာ ချမ်းသာသော ရတနာ ကုန်သည်များဖြစ်၍၊ ကျွန်ုပ်၏ မိဘများလက်ထက်တိုင်အောင် ရတနာရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသော်လည်း၊ ရန်ကုန် ဘက္ကသိုလ်ကျောင်းထွက် ပညာတတ်တစ်ဦးဖြစ်သူ ကျွန်ုပ်သည်

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်လုပ်ငန်းကို ဝါသနာမပါသဖြင့် မိဘအမွေအနှစ်ကို မဆက်ခံပဲ၊ မှင်းမှုထမ်းဘဝတွင်သာ အချိန်ကုန်ပျော်မွေ့ခဲ့သူ ဖြစ်သည်။ မိဘများက စေ့စပ်ပေးစားသဖြင့် မအေးမြဆိုသော အမျိုးနီးစပ်တော်သည့် မိန်းကလေးတစ်ဦးနှင့် အသက် ၃၀ တွင် အိမ်ထောင်ကျခဲ့သည်။

မအေးမြကား အမည်နှင့်လိုက်အောင်ပင် အေးမြသူဖြစ်ကာ၊ မယားဝတ္တရားကြေပွန်သူ ဖြစ်ခဲ့လေသည်။ သူတို့တွင် ရင်သွေးမထွန်းကားသဖြင့်၊ သူတို့နှစ်ဦးဘဝကား ပိုမိုငြိမ်သက်အေးချမ်းနေသယောင်ယောင် ထင်ရလေသည်။

မိဘနှစ်ပါးသည် သူ့အသက်လေးဆယ်ကျော်တွင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြရာ၊ လောကတွင် အပြန်အလှန်တွယ်တာစရာဟူ၍ သူတို့နှစ်ဦးသာရှိသဖြင့် သံယောဇဉ်မှာ ပိုမိုခိုင်မာလာသည်ဟု ဆိုနိုင်သည်။

ထိုအဖြစ်ကို သူပင်စင်ယူခါနီး ရုတ်တရက် သွေးတိုးရောဂါဖြင့် သူ့ဇနီးကွယ်လွန်သွားကာမှ ပို၍ထင်ရှားသိသာလာလေသည်။ ချစ်၍ယူခဲ့သော ဇနီးမဟုတ်သော်လည်း အနှစ် ၃၀ နီးပါး အေးအတူပူအမျှ နေခဲ့ကြသဖြင့် ရင်ထဲက တော်တော်နှင့် မေ့ပျောက်မရနိုင်အောင်ရှိခဲ့သည်။

ပင်စင်ယူပြီးသောအခါ ကျွန်ုပ်၏ဘဝမှာ ပို၍အထီးကျန်လာလေသည်။ အသက်မွေးဝမ်းကြောင်းမှုအတွက် တခြားသူများကဲ့သို့ မရှာဖွေရသောအခါ လုပ်စရာကိုင်စရာမရှိ ပို၍အထီးကျန်သလိုဖြစ်လာ၏။

သို့ဖြင့် ကျွန်ုပ်သည် ပင်စင်စားမိတ်ဆွေတစ်ဦးနှင့် ဆုံမိရာမှ . . .

သူအဆွယ်ကောင်းသဖြင့် ဗိုထိုးသောဘဝ ရောက်ခဲ့ရသည်။ အင်္ဂလိပ်ပညာကား အင်မတန်ကျယ်ပြောကာ လိုက်မကုန်နိုင်ကြောင်းကို အခါကျမှ သိရသည်။ ရှေးဟောင်းမြန်မာတို့၏ ဓါတုဗေဒနည်းပညာတစ်မျိုးပင် ဖြစ်သည်။ ကျွန်ုပ်ကား အထက်လမ်းကိုလိုက်ခဲ့သည်။

အင်္ဂလိပ်တွင် အောက်လမ်းဆိုသည်ကား ရွှေဖြစ်ငွေဖြစ်လမ်းပင်ဖြစ်ရာ၊ ကျွန်ုပ်အဖို့ ချမ်းသာကြွယ်ဝရန် မလိုအပ်ချေ။ အောက်လမ်းကား အထက်လမ်းထက် ပိုလွယ်ကူ၏။ အထက်လမ်းကား ထွက်ရပ်ပေါက်လမ်းဖြစ်၏။ ပို၍ခက်ခဲနက်နဲ၏။

အင်္ဂလိပ်ပညာလိုက်သောသူ အတော်များများကို ဆုံဖူးခဲ့သော်လည်း၊ လွယ်ပါသည်ဆိုသော အောက်လမ်းကိုပင် မပြီးမြောက်ကြပဲ အချိန်ကုန်လူပန်းဖြစ်နေသူများသာ တွေ့ရလေရာ၊ နောက်တွင် ကျွန်ုပ်လည်း ထိုအလုပ်ကို စွန့်လွှတ်လိုက်ရလေတော့သည်။

သို့သော် အမြတ်တစ်ခုကားရခဲ့၏။ ကျွန်ုပ်သည် အထက်






www.burmeseclassic.com

www.burmeseclassic.com



တန်းစားပညာတတ်တစ်ဦး ဖြစ်သည်နှင့်အညီ၊ ယခင်က လက်တွေ့ ကျကျ သိပ္ပံပညာကိုသာ ယုံကြည်ခဲ့သူဖြစ်သော်လည်း၊ ယခုအခါ လောကတွင် သိပ္ပံပညာလက်လှမ်းမမှီနိုင်သည့် သဘာဝလွန်ကိစ္စ ရပ်များလည်း ရှိပါသေးသလားဟု အယူအဆပြောင်းခဲ့ခြင်း ဖြစ်ပါ ၏။

အင်္ဂလိပ်ထိုးသော အလုပ်မှာ နက်နဲကာ ကိုယ်ဉာဏ်မမှီ သော ကိစ္စဟုလည်းကောင်း၊ မီးသွေးဖိုးကုန် လူလည်းအညောင်းမိ အပူမိသော အလုပ်ယူ၍လည်းကောင်း၊ ယတိပြတ်စွန့်လွှတ်လိုက် သော်လည်း၊ အင်္ဂလိပ်ကိစ္စများနှင့် ခင်မင်ကာ ရင်နှီးခဲ့သော မိတ်ဆွေ များနှင့်မူ အခင်အမင်၊ အဆက်အဆံမပြတ်ဘဲ ရှိလေသည်။

ကျွန်ုပ် တခြားရင်းနှီးကျွမ်းဝင်သူ၊ ပေါင်းသင်းရမည့်သူဟူ၍ မရှိလေရာ၊ ကျွန်ုပ်မှာ ထိုအသိုင်းအဝိုင်းတွင်သာ ကျင်လည်နေ လေ၏။ ထိုသူများမှာ လျှို့ဝှက်ဆန်းကျယ်သည်ဆိုသည့် ဂမ္ဘီရဆန် ဆန်ဖြစ်ရပ်များနှင့် ဆက်စပ်နေတတ်သူများဖြစ်လေရာ၊ ကျွန်ုပ်လည်း မလွှဲသာမကင်းသာ ထိုကိစ္စများကို ကြားနာနေရရာမှ . . .

တဖြည်းဖြည်း ကိုယ်တိုင်ပါဝင်ပတ်သတ်သူဘဝသို့ ရောက် မှန်းမသိ၊ ရောက်ရှိလာခဲ့လေတော့သည်။ ထိုအုပ်စုထဲတွင် ကျွန်ုပ် နှင့် အတော်အတန်ခင်သော၊ ကိုအောင်မင်းဆိုသူတစ်ဦးရှိ၏။ ထို သူမှာ အသက် ၄၀ ခန့်ရှိကာ၊ ကလေးသုံးယောက်ရှိသည့် အိမ်ထော





သည်ဖြစ်၏။ မကြွယ်ဝသော်လည်း၊ ရပ်ကွက်ဈေးတွင် မိန်းမဖြစ်သူ က အထည်ဆိုင်လေးဖွင့်လှစ်ထားသဖြင့် . . .

အိမ်၏စားဝတ်နေရေးကို မပူပင်ရသူဖြစ်၏။ ထို့ကြောင့် သူပျော်ရာဂမ္ဘီရနယ်ပယ်ထဲတွင် လွတ်လွတ်လပ်လပ် ကျင်လည် ကျက်စားနေနိုင်၏။ တက္ကသိုလ်ဘွဲ့ရမဟုတ်သော်လည်း၊ စာအတော် အတန်ဖတ်ကာ ဂမ္ဘီရပညာရပ်တချို့၌ ထဲထဲဝင်ဝင် သိရှိသူတစ်ဦး ဖြစ်ကြောင်း အနီးကပ်ပေါင်းကြည့်မှ သိရ၏။

တစ်ခါတစ်ရံ သူသည် နယ်ကိုခရီးထွက်သည်ဟုဆိုကာ၊ ကာ်အတန်ကြာ ပျောက်ဆုံးနေတတ်၏။ ဂမ္ဘီရပညာနှင့် ဆက်စပ် နေသော ပစ္စည်းများ ရှာဖွေရောင်းဝယ်သည့် ဈေးကွက်တစ်ခုရှိနေ ာ၊ ထိုအထဲတွင် သူလည်း ပါဝင်လှုပ်ရှားနေသည်ဟုဆို၏။ သို့ဖြင့် ကျွန်ုပ်သည် လောကလွန်အစွမ်းသတ္တိများ ကိန်းဝပ်နေသည်ဆိုသော ဂမ္ဘီရပစ္စည်းများကို တွေ့သိလာရသည်။

ဆင်အမြီးတော၊ မြင်း အမြီးတောဆိုသည်များလည်း ရှိသည် ကြားဖူး၏။ အကောင်သေဆုံးကာ ပုတ်ရိသွားသော်လည်း၊ မကြေ ပျက် ကျောက်ဖြစ်ကျန်ခဲ့သော ပစ္စည်းမျိုးဖြစ်၏။

ဝက်စွယ်ဂင်းပိတ်၊ ဆင်မာန်စွယ်ဆိုတာတွေလည်း ရှိ၏။ နယ်ယိုနေသောဆင်က သစ်ပင်ကျောက်တောင်တို့ကို အစွယ်နှင့်ထိုး ရာမှ ကျိုးကျန်ခဲ့သော အစွယ်ထိပ်ဖျားများဖြစ်သည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးထဲတွင်တွေ့ရသော ဝါးနွယ်ကိုလည်း တချို့က ဝါးအမြုတေဟု ခေါ်ကြသည်။ အချင်းချင်းယှက်လိမ်ကာ ကွင်းထိုးနေသော နွယ်သည်လည်း တန်ဖိုးရှိသည့်အဆောင်ဟု ဆိုကြသည်။ ထို့နောက် ကျောက်လိပ်၊ ကျောက်ဖားဆိုတာလည်း ရှိသေး၏။

မိုးကြိုးဆိုသည်မှာ ကောင်းကင်တွင် ဖြစ်ပေါ်လာသည့် ပြင်းထန်သော လျှပ်စစ်ဓါတ်တစ်မျိုးဖြစ်ကာ၊ ထိုလျှပ်စစ်ဓါတ် ကူးစက်ခံရခြင်းကိုပင် မိုးကြိုးပစ်ခြင်းဟု ခေါ်ကြသည်။ ပြင်းထန်သော လျှပ်စစ်ဓါတ်ကြောင့် မိုးကြိုးပစ်ခံရသူသည် လောင်ကျွမ်းသွားတတ်၏။ သို့သော် မြေထဲဝင်သွားသော မိုးကြိုးသွားကိုမူ တွေ့နိုင်ခဲ၏။

တဆင့်စကားအရ ထိုမိုးကြိုးပစ်ကာ မြေထဲဝင်သွားသောနေရာကို စလောင်းဖုံးဖြင့် အုပ်ထားကာ၊ သုံးနှစ်ကြာလျှင် သွားဖော်ပါက မိုးကြိုးသွားရသည်ဟုလည်း ဆိုကြသည်။ မိုးကြိုးသည် သူဖြတ်သန်းသွားရသော မြေနေရာကိုလိုက်ကာ ဥပမာ - ကြေးများသော မြေကြီးဆိုပါက ကြေးမိုးကြိုးသွား၊ သံများသော မြေကြီးဆိုပါက သံမိုးကြိုးသွား စသဖြင့် ဖြစ်နေတတ်သည်။

ကိုအောင်မင်းထံတွင် တစ်ခါက ကြေးမိုးကြိုးသွားတစ်ခုကို တွေ့ဖူး၏။

"နေပါဦး ကိုအောင်မင်းရဲ့၊ အဲဒီပစ္စည်းတွေက ခင်ဗျားတို့ပြောသလို တကယ်ရောစွမ်းရဲ့လား"





ဟု ကျွန်ုပ်က မေးသောအခါ . . .

"မှန်တဲ့အတိုင်း ဝန်ခံရလျှင် အစစ်က တစ်ခု၊ အတုက ဘစ်ရာဆိုပါတော့ဗျာ၊ ဒီလိုပစ္စည်းတွေက အင်မတန် ရှားပါးတယ်ဆိုတော့ ဘယ်မှာပေါပေါများများ ရပ့်မလဲ၊ ဒီကြားထဲ အင်မတန်ဘန်ဖိုးကကြီးတော့၊ အတုလုပ်ပြီး လိမ်ရောင်းချင်တဲ့သူက များတယ်၊ ကျွန်တော်ကိုယ်တိုင်ကို သတင်းအကြားနဲ့လိုက်သွားပြီး နောက်ဆုံးအချိန်ကုန်၊ လူပန်း ဖြစ်ခဲ့ရတာတွေ မနည်းဘူး"

သူ့စကားမှာ အမှန်ပင် ဖြစ်ပုံရသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် သူနှင့်ပတ်သက်၍ တစ်ကြိမ်နှစ်ကြိမ် ကြုံခဲ့ရဖူးသည်။

တစ်ခါက သေနတ်ပြီးသည်ဆိုသော လက်ဖွဲ့တစ်ခု အရောင်းအဝယ်လုပ်သည်နှင့် ကြုံဖူး၏။

"ခေါ်ဈေးက သိန်း ၂၀၀ ဆိုတော့ မများဘူးလား"

"မများပါဘူး ဦးကျော်စောရဲ့၊ တကယ်သာ ပြီးတယ်ဆိုရင် သိန်း ၃၀၀ ပေးမယ့်လူလဲရှိတယ်"

ပြောသာ ပြောသည်။ လက်ဖွဲ့ကိုတော့ မမြင်ရသေး။

ရောင်းမည့်သူက အသက် ၅၀ ခန့်ရှိ ရိုးရိုးသားသား တောသားကြီးတစ်ဦးဖြစ်သည်။ သူ့နာမည်ကို ဦးဘမောင်ဟုပြော၏။

"ပိုက်ဆံလိုလို့သာ ရောင်းရမှာ၊ နှမျောတော့ နှမျောသားဗျာ၊ ကျွန်တော့်အဘိုးပိုင်တဲ့ပစ္စည်းမို့ မရောင်းရက်ဘူး ပြောတာ၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီပစ္စည်းက သမိုင်းဝင်ပစ္စည်းဗျ၊ ကျွန်တော့်အဘိုး ဦးသံခဲဆိုတာက ဆရာစံတောင်သူလယ်သမား အရေးတော်ပုံက သူပုန်ခေါင်းဆောင်တစ်ဦးပဲ၊ အဲဒီလက်ဖွဲ့ကို အဘိုးဆရာ ရသေ့ကြီးတစ်ပါးက စီရင်ပေးခဲ့တာတဲ့၊ သေနတ်က မီးမကူးဘူး၊ သူ့ကို အင်္ဂလိပ်စစ်တပ်က သေနတ်နဲ့ပစ်တာ သေနတ်တစ်လက်မှ ကျည်ဆံမထွက်ဘူး၊ သူက ဓါး ၂ လက်နဲ့ တက်ပိုင်းတာ . . . "

အပြောကတော့ တကယ်ပင် ကျလောက်ပါသည်။

"ဒါဆိုလည်း ပစ္စည်းကို စမ်းကြည့်တာပေါ့ဗျာ၊ မှန်ရင် ဝယ်လက်က အဆင်သင့်ရှိပါတယ်၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော့်ကိုတော့ ပွဲခကောင်းကောင်းပေးရမယ်"

"ကောင်းပြီ၊ စမ်းချင်တဲ့နေရာစမ်း၊ ဒီပစ္စည်းက နေရာမရွေးအချိန်မရွေးဘူး"

"ပြီးတယ်ဆိုပြီး နေရာရွေး၊ အချိန်ရွေးနေရင်လည်း ဘယ်ဟုတ်တော့မလဲဗျာ၊ ပစ္စည်းကို ဘယ်တော့ကြည့်ရမလဲ"

"စမ်းတဲ့နေ့ကျ ကြည့်ရမှာပေါ့"

"ဘယ်မှာစမ်းမလဲ"

"မှော်ဘီမှာ ကျွန်တော်တို့ သေနတ်စမ်းနေကျ နေရာရှိတယ်"

နှစ်ဘက်သဘောတူညီမှု ရသွားသည်။





ကျွန်ုပ်လည်း စိတ်ပါဝင်စားသည်နှင့် ထိုနေ့က ကိုအောင်မင်းနှင့်အတူ လိုက်ပါသွားမိလေသည်။ မှော်ဘီရွာကလေးတစ်ရွာတွင် စမ်းသပ်ကြသည်။ ထိုရွာတွင် အမဲပစ်ရန် ပြောင်းရှည်သေနတ်တစ်လက်ကို လိုင်စင်နှင့်ကိုင်ဆောင်သော မုဆိုးတစ်ဦးရှိ၏။ သေနတ်စမ်းဖို့အတွက် ငွေအတော်များများပေးရသည်။

ဦးဘမောင်၏လက်ဖွဲ့ကို မြင်ရသည်က အထင်ကြီးစရာမရှိ။ တစ်ထွာသာသာခန့် ကြိုးနီတစ်စနှင့် ချည်နှောင်ထားသည့် ကြေးပြားအုလိပ်ကလေး။ ထိုကြေးပြားပေါ်တွင် အစွမ်းထက်သောအင်းကို ရေးခြစ်ထားသည်ဟုဆိုသည်။ ကြက်ဖတစ်ကောင်၏လည်ပင်းတွင် ထိုလက်ဖွဲ့ကို ချည်နှောင်ကာ မုဆိုးလုပ်သူက သေနတ်နှင့်ပစ်၏။ တကယ်သာ မီးမကူးဘူးဆိုလျှင် သေနတ်က ချောက်ကနဲမြည်ရန်သာရှိ၏။ ယခုတော့ "ဒိုင်း" ကနဲမြည်ကာ ကြက်ကိုမှန်၍ကြက်လွင့်စင်သွားသည်။

သွားကြည့်တော့ ကြက်က သေဆုံးနေလေပြီ။ သေနတ်ဒဏ်ကြောင့် ကြက်ခေါင်းပြတ်ထွက်သွားရာ၊ လည်ပင်းတွင် ချည်နှောင်ထားသော လက်ဖွဲ့လည်း ဘယ်ရောက်သွားမှန်းမသိ။ ဘယ်လိုရှာရှာမတွေ့။ ဦးဘမောင်လည်း လက်လျှော့ကာ ပြန်သွားရသည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း ကျွန်ုပ်၏ကားကလေးနှင့်ပြန်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ထူးထူးဆန်းဆန်း တွေ့ရတော့မယ်ထင်ပြီး ကျေနပ်နေတာဗျ၊ အခုတော့ . . အဖျားရှူးသွားတယ်"

"ကျွန်တော့်အတွက်ကတော့ ဒီလိုပဲ ကြုံဖူးတော့ မဆန်းတော့ဘူး"

သို့ဖြင့် ကျွန်ုပ်၏အေးချမ်းလွန်းလှသော ဘဝကလေးမှာ ကိုအောင်မင်းအပါအဝင် ဂမ္ဘီရဆန်ဆန်ဖြစ်ရပ်များကြောင့် အနည်းငယ် လှုပ်လှုပ်ရှားရှား အသက်ဝင်နေသည်ဟု ထင်စရာရှိနေလေသည်။ တစ်ရက်တွက် ကိုအောင်မင်းသည် လူစိမ်းတစ်ဦးနှင့်အတူ ကျွန်ုပ်နေထိုင်ရာ တစ်ထပ်တိုက်ကလေးသို့ ရောက်ရှိလာလေသည်။

"ဆရာရေ . . ထူးထူးဆန်းဆန်း ကိစ္စလေးပဲ၊ ဆရာစိတ်ဝင်စားမယ်ထင်လို့ လာခဲ့တာ၊ ဟောဒီ မိတ်ဆွေရဲ့နာမည်က ကိုတေဇတဲ့"

ဟုပါလာသူနှင့် မိတ်ဆက်ပေး၏။ ထိုလူကား အသက်လေးဆယ်ခန့်ရှိပြီဟု ခန့်မှန်းရ၏။ ထိုထက် ငယ်ချင်လည်း ငယ်ပေမည်။ ဆင်းရဲသူများမှာ ရုပ်ကျလွယ်သဖြင့် အသက်ကို ခန့်မှန်းရန်ခက်ခဲ၏။

အဝတ်အစားမှာ ခပ်နွမ်းနွမ်းဖြစ်သော်လည်း၊ အသားခပ်လတ်လတ်ဖြင့် ဥပမိရုပ် ညံ့လှသူမဟုတ်ချေ။ အထူးသဖြင့် သူ့မျက်လုံးကျဉ်းကျဉ်းများမှာ တောက်ပြောင်နေသဖြင့် စိတ်ဓါတ်ခွန်အား





အတော်အသင့်ရှိသူဟု ဆိုနိုင်၏။

"သူက ပစ္စည်းတစ်ခု ငွေလိုလို့ ရောင်းချင်တယ်တဲ့"

"ဘာပစ္စည်းများလဲဗျ"

ထိုလူက . . .

"ကျောက်လက်ဝါး"

ဟု ဖြေလေသည်။

ရုတ်တရက် ကျွန်ုပ်နားမလည်။ ဘေးမှ ကိုအောင်မင်းက-

"ကျွန်တော်လည်း ကျောက်လက်ဝါးဆိုတာ ကြားပဲကြားဖူးတယ်၊ ယခုမှပဲ မြင်ဖူးတယ်၊ ကဲ . . ကိုတေဇရေ၊ ပြလိုက်ပါဦး"

ဟုဆိုသည်။

ကိုတေဇက သူ့လွယ်အိတ်ထဲမှ ခပ်ညစ်ညစ် အဝတ်ဖြူတစ်ထုပ်ကိုထုတ်ကာ စားပွဲပေါ် တင်ပြီး ဖြန့်ပြလိုက်၏။ ရုတ်တရက် မြင်လိုက်ရသည့် လက်ပြတ်ကြီးကြောင့် ကျွန်ုပ်လန့်ဖြန့်၍သွား၏။ လက်ဝါးကိုဖြန့်ကားထားသော ပုံဖြစ်ကာ၊ လက်ကောက်ဝတ်နေရာလောက်မှ ပြတ်နေ၏။ အရောင်အဆင်းက ညိုပုတ်ပုတ်။ လူ့အသားအရေနှင့်ဆင်ဆင်။

ကိုအောင်မင်းက ကောက်ယူကာပေးသဖြင့် မရွံ့မရဲကိုင်ကြည့်လိုက်တော့မှ ကျောက်သားပကတိ ဖြစ်နေသည်ကို သိလိုက်ရသည်။ ယခင်က ကျွန်ုပ်သည် ကျောက်ပုဇွန်၊ ကျောက်ငါး၊ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဖါး ဆိုသည်များကို မြင်ဖူး၏။ သေဆုံးသွားသော တိရစ္ဆာန်တို့၏ ကျောက်ဖြစ်သွားသော ရုပ်ကြွင်းများသာ ဖြစ်သည်။

သို့မဟုတ်လျှင် ရှေး၊ လေ၊ ရာသီဥတု တိုက်စားသဖြင့် တိရစ္ဆာန်တစ်ကောင်ကောင်၏ပုံနှင့် မတော်တဆတူသော ကျောက်တုံးလေးများ ဖြစ်လေသည်။ ကိုတေဇက . . .

"ဒီကျောက်လက်ဝါးက ထူးခြားတယ်ဗျ၊ ပေါက်နေတဲ့ ကျောက်တောင်ကနေ ဖွဲ့လာခဲ့တာ . . ."

"ဘာ . . ကျောက်တောင် ဟုတ်လား"

"ဟုတ်တယ်၊ အလယ်ရိုးမတစ်နေရာမှာ ကျောက်လက်ဝါးတောင်ဆိုတာရှိတယ်၊ အဲဒီ ကျောက်တောင်ကနေ ကျောက်လက်ဝါးတွေ ပေါက်ထွက်နေတာပဲ၊ သစ်ပင်က သစ်သီးတွေသီးသလို၊ ပန်းပင်က ပန်းပွင့်သလိုပေါ့"

ကျွန်ုပ်ကြားရသော ကိစ္စများကား ဆန်းကျယ်လှသည်။

"ဒီလက်ဝါးတစ်ခုက ကျွန်တော် အဲဒီကျောက်တောင်က ဖွဲ့လာခဲ့တာ"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော် အင်မတန်မြတ်နိုးတဲ့ တန်ဖိုးထားတဲ့ ဂမ္ဘီရပစ္စည်းပဲ၊ အခု မလွှဲသာလွန်းလို့၊ ငွေအသုံးလိုလွန်းလို့ ရောင်းရမှာပါ"





"ဟုတ်ပါတယ် ဆရာ၊ ဒါကြောင့် ကျွန်တော်ဆရာ့ဆီ ခေါ်လာတာပေါ့"

ကိုအောင်မင်းက ဝင်ရောက်ပြောဆိုလေသည်။ မကြာမီက ကျွန်ုပ်တိုက်ကို သူခိုးဖောက်ထွင်းဝင်ရောက်ခဲ့သည်။

ကျွန်ုပ်နိုးလာသည့်အတွက် သူခိုးထွက်ပြေးသွားခြင်း ဖြစ်သည်။ ကျွန်ုပ်အတော်ပင် တုန်လှုပ်သွားခဲ့၏။ ကျွန်ုပ်နှင့်သာ ရင်ဆိုင်တိုးလျှင် ထိုသူခိုးက ကျွန်ုပ်ကို သတ်ဖြတ်သွားနိုင်သည်။ ထို့ကြောင့် ညစောင့်တစ်ယောက် ရှာထားဖို့ပင် စိတ်ကူးကြံစည်ခဲ့သေးသည်။

"ကျုပ်ကို ဒီကျောက်လက်ဝါးကိစ္စ ပြည့်ပြည့်စုံစုံ ပြောပြနိုင်မလား"

ကိုတေဇက ခေါင်းညိတ်ကာ သဘောတူလိုက်၏။

သူပြောပြခဲ့သော ထူးဆန်းသည့် ကျောက်လက်ဝါးအကြောင်းကား ဤသို့ဖြစ်၏။

ကိုတေဇသည် အတန်ငယ်အောင်မြင်သည့် နယ်မြို့လေးတစ်မြို့မှ ကုန်သည်လေးတစ်ဦး ဖြစ်သည်။

အိမ်ထောင်ပြုရန် အရွယ်ရောက်သောအခါ မလှကျော့ဆိုသော တစ်မြို့တည်းနေ ငယ်သူငယ်ချင်းနှင့် အိမ်ထောင်ပြုခဲ့သည်။ မိဘများမရှိတော့သဖြင့် မလှကျော့သည်သာ သူ့အားအတွင်တွယ်တာစရာ ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မလှကျော့ကား အမြင့်ရိုးသော်လည်း သဘောထားဆိုးသူဖြစ်သည်။ တခြားမြို့မှ ကုန်ရောင်းကုန်ဝယ်ရောက်လာသော ကိုတင့်မောင်ဆိုသူနှင့် ကိုတေဇသည် အိမ်ထောင်မပြုခင်ကပင် ရင်းနှီးမှုရှိခဲ့သည်။ သူတို့မြို့ရောက်လျှင် ကိုတင့်မောင်သည် ကိုတေဇအိမ်၌ပင် တည်းခိုနေထိုင်လေ့ရှိသည်။

ကိုတင့်မောင်သည်ကား၊ တစ်ခုလပ်တစ်ဦးဖြစ်ကာ မိန်းမကျွမ်းကြေသူ ဖြစ်သည်။ ရုပ်ရည်လှပသော မလှကျော့ကို ကိုတေဇကွယ်ရာတွင် တဖြည်းဖြည်း စည်းရုံးသိမ်းသွင်းလေရာ၊ နဂိုကပင် အေးတိအေးစက် ကိုတေဇအပေါ် ကောင်းစွာကျေနပ်နှစ်သက်မှုမရှိသော မလှကျော့နှင့် ငြိတွယ်၍သွားလေတော့သည်။

ကိုတေဇကရိပ်မိ၍ ဟန့်တားရန် ကြိုးစားသောအခါ၊ ကိုတင့်မောင်သည် မလှကျော့ကို ခိုးပြေးလေတော့သည်။ ဒီလိုနှင့် သူတို့လင်မယား ၂ ယောက် ကင်းကွာ၍သွားသည်။

အများက ကိုတင့်မောင်ကို မယားခိုးမှုနှင့် တရားစွဲဖို့ တိုက်တွန်းသော်လည်း၊ ကိုတေဇက ငြင်းလိုက်သည်။ သူ့ကိုမချစ်မနှစ်သက်၍ စွန့်ခွာသွားသူကို သူကလည်း လက်လွှတ်လိုက်ရုံသာ ရှိလေသည်။ သို့သော် ရင်ထဲမှာတော့ အတော်ပင် ခံစားခဲ့ရသည်။

ထိုအချိန်မှစ၍ သူသည် အရက်ထဲတွင် နစ်မြုပ်ခဲ့သည်။ အလုပ်အကိုင်ကိုလည်း ဂရုမစိုက်နိုင်တော့။ စီးပွားရေးလည်း တစ်စ





ထက်တစ်စ ကျဆင်းလာခဲ့ရာ၊ အရင်က အောင်မြင်ခဲ့သည်ဆိုသော စီးပွားရေးသမားတစ်ယောက်နှင့် အပုံကြီးခြားနားလာခဲ့လေတော့သည်။ ဆင်းဆင်းရဲရဲ စုတ်စုတ်ပြတ်ပြတ် ဖြစ်၍လာခဲ့ရုံမက၊ ကျန်းမာရေးလည်း တစ်စထက်တစ်စ ချို့ယွင်းလာခဲ့သည်။

သူသည် အရူးကြီးတစ်ယောက်လိုပင် ခြေဦးရာမှဲ့သွားလာနေရာ၊ သေဆုံးသွားလျှင်လည်း ဤဒုက္ခဝဋ်မှ ကျွတ်လွတ်လေပြီဟုပင် စိတ်ပိုင်းဖြတ်ထားလေသည်။

တစ်ည သုသာန်ဇရပ်တစ်ခုတွင် မိုးမိကာ အဖျားတက်၍နေရာ၊ ဤအချိန်သည်ကား ငါ၏နောက်ဆုံးအချိန်ဟုပင် မှတ်ယူနေခိုက် သူ့သတိလစ်၍သွားသည်။ သတိရလာသောအခါ သူ့ကိုပြုစုနေသော ရသေ့ကြီးတစ်ပါးကို တွေ့ရလေသည်။ ရသေ့ကြီး၏ဆေးကား အတော်ပင် အစွမ်းထက်ပုံရ၏။

"မင်းက သေချင်နေပုံရတယ်၊ သေကံမရောက် သက်မပျောက်တဲ့"

"လောကမှာ အသက်ရှင်နေတဲ့ လူတစ်ယောက်အတွက် အဆိုးဝါးဆုံးကံဟာ သေဆုံးခြင်းပဲကွ၊ လူဟာ အသက်မသေသရွေ့ မျှော်လင့်ချက်တွေနဲ့ ရှင်သန်နိုင်တယ်၊ အသက်မသေသေးသရွေ့ လူ့လောကကို အကျိုးပြုနိုင်တယ်၊ တမလွန်သံသရာအတွက် ကုသိုလ်ပြုနိုင်တယ်၊ ဒီတော့ အသက်ရှင်နေရခြင်းရဲ့တန်ဖိုးကို မဆုံးရှုံးစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ရသေ့ကြီး၏ စောင့်ရှောက်မှုဖြင့် ပြန်လည်ကျန်းမာ လာသော ကိုတေဇသည် ရသေ့ကြီးအပါးတွင် ရေပူရေချမ်းကမ်း လှမ်း၍ တပည့်ခံကာ ရသေ့ကြီးဂန္ဓရီခရီး လှည့်လည်ရာတွင် အမြဲ မကွာလိုက်သည့် နောက်တော်ပါတပည့်တစ်ဦး ဖြစ်လာခဲ့လေတော့ သည်။

ရသေ့ကြီးကား သီလသမာဓိအား အတော်ပင် ကောင်းသူ ဖြစ်ကြောင်း အနီးကပ်ပေါင်းကြည့်မှ သိရ၏။ ရသေ့ကြီးအသက်ကို ပုံပန်းသဏ္ဌာန်ကြည့်၍ ငါးဆယ်ကျော်ဟု ခန့်မှန်းရသော်လည်း၊ တကယ်တမ်းတွင် (၉၀) ကျော်ပြီမှ ဆိုလေသည်။ အမြဲပင် သက် သတ်လွတ်စားသုံးသူဖြစ်၏။

တောတောင်များတွင် လှည့်လည်ကာ တရားကျင့်ကြံအား ထုတ်ရာ၊ ထူးခြားဆန်းကျယ်သည့် ဖြစ်ရပ်များစွာနှင့် ဆုံနဲ့ရသည်။ ဤနေရာတွင် ဇာတ်လမ်းနှင့် မသက်ဆိုင်သဖြင့် အကျယ်အဝန်း ဖော်ပြခြင်း မပြုတော့ချေ။ တောထဲတွင် ရိုင်းလှပါသည်ဆိုသော ဆင်ကြီးများပင် ရသေ့ကြီး၏မေတ္တာဓါတ်ကြောင့် အန္တရာယ်မပြုဘဲ ရှောင်ကွင်းသွားသည်။

တစ်ခါက တောထဲတွင် ညဘက်စခန်းချစဉ် မီးပုံကြီးတစ်ပုံ ဖို၍ထား၏။ သူက ထိုင်ကာမီးလှုံနေစဉ် အင်မတန်ကြီးမားသော တောကြီးမြွေဟောက်တစ်ကောင် ရောက်၍လာလေသည်။ ထိုမြွေ





မြိုးကား အင်မတန် အဆိပ်ပြင်းကာ လူကိုရန်ပြုတတ်၏။

ရသေ့ကြီးအား အကူအညီတောင်းရန် ကြည့်လိုက်သော အခါ၊ ရသေ့ကြီးသည် တင်ပလ္လင်ခွေထိုင်ကာ မျက်လုံးများကိုမှိတ်၍ တရားရှုမှတ်နေသဖြင့် အကူအညီတောင်းရခက်နေ၏။

သို့သော် တောကြီးမြွေဟောက်က အန္တရာယ်မပြုဘဲ မီးပုံ နှင့်ခပ်လှမ်းလှမ်းတွင် ငြိမ်သက်စွာ ခွေနေ၏။

နောက်မှ ရသေ့ကြီးပြောပြ၍ သိရသည်မှာ သူပို့သော မေတ္တာဓါတ်ကို ခံယူနေခြင်းဖြစ်သည်ဟု ဆိုလေသည်။ ထိုအခိုက် ကိုတေဇစိတ်တွင် ထူးခြားသော စိတ်ရိုင်းဝင်လာ၏။ မီးပုံထဲမှ တောက်လောင်နေသည့် ထင်းစတစ်စကိုကောက်ယူကာ မြွေကြီးအား ပစ်ပေါက်လိုခြင်းဖြစ်သည်။ သူ ထိုသို့ စိတ်ကူးလိုက်သည်နှင့် သူ့စိတ် ကူးကို သိသည့်အလား မြွေကြီးသည် ငြိမ်သက်နေရာမှ ရှူးခနဲနှာမှုတ် ကာ ပါးပျဉ်းထောင်လိုက်၏။ မြွေကြီးမှာ ကြီးမားလွန်းရကား သူ့ပါးပျဉ်းထောင်လိုက်သည်နှင့် လူတစ်ရပ်နီးပါးမြင့်၍ နေလေသည်။ ကိုတေဇလည်း ထိတ်လန့်ကြောက်ရွံ့၍ ဘာလုပ်ရမှန်းမသိ ဖြစ်သွား စဉ် ရသေ့ကြီးသည် မျက်စိပွင့်လာကာ . . .

"တေဇရယ်၊ မင်းကလည်း တော်တော်အကုသိုလ်ပွားတာပဲ၊ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့၊ ပြန်တောင်းပန်လိုက်"

ဟု သူ့စိတ်ကူးကို သိသည့်အလား ပြောဆိုလာ၏။ တေဇ



www.burmeseclassic.com

www.burmeseclassic.com



လည်း မြွေကြီးကိုစိတ်ထဲမှ ပြန်တောင်းပန်လိုက်တော့မှ ပါးပျဉ်းချကာ တောထဲသို့ ပြန်လည်ထွက်ခွာသွားလေသည်။

ရသေ့ကြီးမှာ စကားနည်းသူဟု မဆိုနိုင်သော်လည်း၊ မလိုအပ်ပဲ စကားပြောသူ မဟုတ်သဖြင့်၊ သူ့နာမည်ဦးသိဒ္ဓိဆိုသည်ကလွဲ၍ ရသေ့ကြီး၏ဘဝဇာတ်ကြောင်းကို သိရခြင်းမရှိချေ။ အမည်နှင့်လိုက်အောင် သိဒ္ဓိအမျိုးမျိုးပေါက်နေပုံလည်းရ၏။

တစ်ခါက လူသူမနီးသော တောကြီးတောင်ကြီးထဲတွင် သုံးရက်ခန့် ခရီးသွားရလေရာ၊ လမ်းတွင် စားစရာရှာမရဘဲရှိ၏။ သို့သော် သူက ငှက်ပျောသီးတစ်လုံးကို မန်းမှုတ်ကျွေးထားလေရာ၊ ကိုတေဇသည် သုံးရက်တိုင်တိုင် အစာမစားရသော်လည်း ဆာလောင်မွတ်သိပ်ခြင်းမရှိသည်ကို အံ့သြစွာ တွေ့ရလေသည်။ အာဟာရသိဒ္ဓိ ခေါ် ရလေမလား မသိ။

တစ်ရက်တွင် ကိုတေဇသည် မြန်မာပြည်အလယ်ပိုင်းတောနက်ထဲသို့ ဆရာရသေ့ကြီးနှင့်အတူ ရောက်ရှိသွား၏။ အလယ်ရိုးမတောကြီးအတွင်းဖြစ်သည်။ ဂန္ဓာရီကျင့်စဉ်အရ လှည့်လည်ကာ တရားကျင့်ကြံရမည့် နေရာတစ်ခုဟု သိရသည်။ ရသေ့ကြီးအခေါ် စခန်းဝင်ခြင်းပင် ဖြစ်သည်။

ဂူတစ်ဂူထဲတွင် ရသေ့ကြီးက (၇) ရက် တရားအားထုတ်သည်။ သူ့ဂူထဲကမထွက်ဘဲ တရားအားထုတ်နေစဉ် ကိုတေဇက





သစ်သီးဝလံများ ရှာဖွေဆက်ကပ်ရန် ဖြစ်သည်။ ထိုဂူအနီးတွင် ကြည်လင်သော ရေကန်တစ်ကန်လည်း ရှိ၏။ ရသေ့ကြီးက လက်ဖွဲ့တစ်ခု လည်ပင်းတွင်ဆွဲပေးကာ . . .

"ဒါကို မချွတ်နဲ့၊ ဒါရှိ ဘာအန္တရာယ်မှ မရှိဘူး၊ လက်တော့မဆော့နဲ့၊ ပြီးတော့ ဒီဒေသတဝိုက်က မြင်ရတဲ့သတ္တဝါ၊ မမြင်ရတဲ့သတ္တဝါတွေကိုလည်း မေတ္တာပို့ . . ."

ဟု ဆုံးမထား၏။

ထိုနေရာလေးတွင် နေရသည်မှာ အန္တရာယ်ကင်း၍ အေးချမ်းဆိတ်ငြိမ်လှ၏။ ထို့ကြောင့် ကိုတေဇစိတ်ထဲတွင် ကြည်နူးသာယာမှုပင် ဖြစ်ပေါ်၍နေသည်။

တစ်ရက်တွင် ကိုတေဇသည် သစ်သီးအရှာထွက်ရင်း အတော်ကြီးဝေးသော နေရာကို ရောက်ရှိသွားရာမှ၊ ထူးဆန်းသောတောင်တစ်တောင်ကို တွေ့ရလေသည်။ ထိုတောင်ကား ကျောက်သက်ဝါးတောင်ပင် ဖြစ်သည်။ တောင်သည် ၁၅ ပေ၊ ပေ ၂၀ ခန့်သာမြင့်သော်လည်း တောင်တစ်တောင်လုံး ကျောက်သားပကတိဖြစ်၏။

ထူးဆန်းသည်ကား ထိုကျောက်တောင်မှ လူ၏လက်ဝါးနှင့်အရွယ်အစားတူညီသည့် ကျောက်လက်ဝါးများ အပင်ပေါက်သလိုပေါက်ကာ အပြင်သို့ထွက်ပေါ်နေခြင်း ဖြစ်သည်။ ဖြန့်ကားထားသော



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်လက်ဝါးပုံများမှာ လက်ကောက်ဝတ်မှစ၊ကာ ကျောက်သားထဲမှ ထိုးထွက်နေ၏။

သူ့စိတ်ထဲတွင် ကျောက်လက်ဝါးတစ်ခုကို လိုချင်စိတ်ပေါက်နေ၏။ ချိုးဖဲ့ကာ ယူလျှင်ရမည်ဟု စိတ်ထဲကလည်း ထင်နေ၏။ ထို့ကြောင့် ချိုးဖဲ့ကာ ယူမည်ကြံစဉ် . . .

"တေဇ မလုပ်နဲ့"

ဟု ဟန့်တားသံထွက်ပေါ်လာ၏။ အသံမှာ ရသေ့ကြီးအသံဖြစ်၏။

ထို့ကြောင့် မယူတော့ဘဲ ပြန်လာခဲ့သည်။ ရသေ့ကြီးဆီ ပြန်ရောက်သောအခါ . . .

"မင်းကို လက်မဆောနဲ့မှာထားတာ နားမထောင်ဘူး"

ဟု ဆူပူပြီး . . .

"ဒီအတိုင်း သွားဖဲ့ယူရင် မင်းအန္တရာယ်ရှိတယ်"

ဟု မန္တာန်တစ်ပုဒ်ကို သင်ပေး၏။

ကိုတေဇမှာ ထိုထူးထူးဆန်းဆန်းပစ္စည်းကို လိုချင်နေပြီဖြစ်သဖြင့် နောက်တစ်နေ့တွင် ထိုနေရာသို့သွား၍၊ ရသေ့ကြီးပေးသောမန္တာန်ကိုရွတ်ကာ ကျောက်လက်ဝါးတစ်ခုကို ဖဲ့ယူခဲ့လေသည်။

ထိုလက်ဝါးပြတ်ကြီးကို သူသည် အဝတ်ဖြင့်ထုတ်ကာ ယူဆောင်လာခဲ့သည်။ ရသေ့ကြီးလည်း သိမြင်ဟန်တူ၏။ သို့သော်





ကောင်းသည်၊ ဆိုးသည်ဟု တစ်စုံတစ်ရာမှ ပြောဆိုခြင်းမပြုဘဲရှိ၏။ ထို့ကြောင့် ဤကျောက်လက်ဝါးကို ယူခဲ့မိသည်မှာ မှားသလား၊ မှန်သလား သူပင်ဝေခွဲမရဘဲ ရှိလေသည်။

(၇) ရက်မြောက်သောနေ့တွင်မူ ရသေ့ကြီးသည် ဂူထဲမှ ထွက်လာကာ . . .

"ငါတပည့် . . မင်းနဲ့ငါ အတူတူနေလာခဲ့တာ သုံးနှစ်ရှိပြီ၊ ဒီသုံးနှစ်အတွင်း ငါ့ကိုရေပူရေချမ်း ကမ်းလှမ်းခဲ့တာ၊ ဝတ်ကြီးဝတ်ငယ် ပြုခဲ့တာတွေအတွက် ကျေးဇူးတင်တယ်၊ လူသတ္တဝါတွေဆိုတာ ကံဆုံရင် စားပြီး၊ ကံကုန်ရင် သွားကြရတာပဲ၊ မင်းနဲ့ခွဲဖို့ အချိန်ကြပြီ၊ ငါက ဟိမဝန္တာက ငါ့ဆရာအရှင်သခင်တွေဆီ သွားရတော့မယ်၊ ဒီလိုနေရာမျိုးက မင်းလိုက်ဖို့ မသင့်တော်ဘူး၊ ဒီတော့ ဒီကပဲ လမ်းခွဲကြမယ်၊ မင်းလည်း ဘဝကို သတ္တိရှိရှိရင်ဆိုင်နိုင်ဖို့ လိုအပ်တဲ့ခွန်အားတွေ ပြည့်ဝနေပြီလို့ ငါထင်ပါတယ်၊ အသက်ရှင်နေသမျှ ကုသိုလ်ပြုပါ"

ဟု မှာကြားလိုက်လေရာ၊ ကိုတေဇသည် ခွဲရမည့်အတွက် ကြေကွဲနေပါလေသည်။

ထို့နောက်တွင်မူ ကိုတေဇသည် ဂူကိုစွန့်၍ထွက်လာရာ မကြာမီ လူနေအိမ်ခြေရှိရာအရပ်သို့ ရောက်ရှိလာသည်ကို တွေ့ရလေသည်။ ထိုအချိန်ကစ၍ ကိုတေဇသည် သူ့ဆရာရသေ့ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တစ်ခါမှ ပြန်လည်မြင်တွေ့ရခြင်း မရှိတော့ပါချေ။

ကိုတေဇကား ဘာအလုပ်လုပ်ကိုင်ကာ အသက်မွေးရမှန်း မသိ ဖြစ်နေ၏။ သူသည် စီးပွားကုန်သွယ်မှုကို ကျွမ်းကျင်၏။ သို့ သော် ငွေအရင်းအနှီးမရှိ။ ငွေအရင်းအနှီးရှိသည့်တိုင်အောင် စီးပွား ရေးအလုပ်ကို စိတ်မဝင်စား။ ချမ်းသာလိုစိတ်မရှိ။ တစ်ဝမ်းတစ်ခါ အေးအေးလူလူ စားနေရလျှင် တော်ပြီဟုသာ သဘောပေါက်နေ၏။

ထို့ကြောင့် မြို့ငယ်တစ်ခု၏ ဘုန်းကြီးကျောင်းတစ်ကျောင်း တွင် ကပ္ပိယလုပ်ကာ နေထိုင်နေ၏။

ထို့နောက်တွင်မူ သူသည် ခြေဦးတည့်ရာ သွားလာနေထိုင် သည်။ ယုံကြည်သူနှင့်တွေ့လျှင် ဆေးကုသပေးလိုက်သည်။ ထို့ ဆေးကုခဖြင့် အသက်မွေးဝမ်းကြောင်းပြု၏။ သို့သော် ယနေ့ခေတ် တွင် ဤလိုကုသပုံမျိုးကို မယုံကြည်သူတွေက ပို၍များပြားနေ၏။

ကျွန်ုပ်တို့နှင့် တွေ့သောအခါ ကိုတေဇသည် အတော်ပင် ချို့ချို့တဲ့တဲ့၊ နွမ်းနွမ်းပါးပါး ဖြစ်နေလေသည်။

"ကြာတော့ ဒီကျောက်လက်ဝါးက ကျွန်တော့်အတွက် ဝန် ထုပ်၊ ဝန်ပိုးလို ဖြစ်လာတယ်၊ ဒီတော့ ထိုက်သင့်သလောက် ငွေကြေး ရရင် တစ်ခါတည်း ရောင်းလိုက်ချင်တယ်၊ ကျွန်တော် သံယောဇဉ် မထားချင်တော့ဘူး"

သူပြောသော ဇာတ်လမ်းကား အတော်ပင် ဆန်းကျယ်၍





နေလေရာ၊ တကယ်ဖြစ်ပါသည်ဟု ယုံနိုင်ဖို့ပင် ခဲယဉ်းနေလေသည်။ ဤကဲ့သို့ ကျောက်လက်ဝါးမှာလည်း ကျောက်သားကိုထွင်းထုပါက ရနိုင်သည်သာဖြစ်ရာ၊ ဤလူမှာ ယုတ္တိရှိရှိ လိမ်ညာတတ်သူပေလားဟု တွေးတောမိသေး၏။

ထို့ကြောင့် ကျွန်ုပ်က . . .

"စိတ်တော့ ဝင်စားပါရဲ့၊ ဒါပေမယ့် ကျွန်တော် မဝယ်ချင် ဖူးဗျာ"

ဟု ငြင်းလိုက်ရာ၊ ထိုသူမှာ မျှော်လင့်ချက်ပျက်ပြားသွား သဖြင့် အတော်ပင် စိတ်မချမ်းမသာ ဖြစ်သွားသည်ကို တွေ့လိုက် ရသဖြင့် သနားစိတ်ဝင်လာလေသည်။ ထို့ကြောင့် . . .

"ခင်ဗျားကို တစ်ခုတော့ ကူညီနိုင်ပါတယ်"

"ဘာလိုကူညီမှာလဲ"

"ကျုပ်မှာ ညစောင့်တစ်ယောက်လိုနေတယ်၊ ခင်ဗျား လုပ် ချင်တယ်ဆို ခန့်မယ်"

ဟုပြောလိုက်မိ၏။ ထိုသူက ခဏမျှတွေဝေနေ၏။ သူ့ဂုဏ် သိက္ခာအတွက် စဉ်းစားနေဟန်တူ၏။

"ဒီအလုပ်မျိုး ကျုပ်အရင်က တစ်ခါမှ မလုပ်ဖူးဘူး၊ ဒါပေ မယ့် ကျုပ် သိပ်အခက်အခဲဖြစ်နေတော့ လုပ်မယ်ဗျာ"

"ခင်ဗျားအတွက် နောက်ဖေးတန်းလျားမှာ နေစရာတစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ ခင်ဗျား တစ်နေ့လုံး နေချင်သလိုနေနိုင်တယ်၊ ည ၈ နာရီက မနက် ၆ နာရီအထိ ခြံစောင့်ရမယ်၊ တစ်လသုံးသောင်းပေးမယ်”

“နေစရာလည်း ရမယ်၊ သုံးသောင်းကတော့ စားစရိတ်ပဲ၊ ကျုပ်မှာ တခြားဖြေးစရာမရှိဘူး”

ဟုဆိုကာ လက်ခံလိုက်လေသည်။

ထိုကိစ္စအတွက် သူ့ကွယ်ရာမှာ ကိုအောင်မင်းကပင် အပြစ်တင်စကားပြော၏။

“တကယ်တော့ သူ့ဇာတိဇစ်မြစ်ကို ကျွန်တော်လည်း သေသေချာချာသိတာ မဟုတ်ဘူး၊ ဆရာက ဒီဘုမသိ၊ ဘမသိလူကို ညစောင့်ခန့်ရလား၊ တစ်ခုခုပြဿနာပေါ်ရင် ကျွန်တော့်ကို အပြစ်မပြောနဲ့”

ဟု ပိတ်ဆို့ပြောလေသည်။

“စိတ်ချပါ၊ သူတကယ် ဒုက္ခရောက်နေတယ်ထင်လို့ ကျုပ်တတ်နိုင်သလောက် အကူအညီပေးတာပဲ၊ ဒီလူ့ပုံက ကျေးစွတ်မယ့်ပုံတော့ မပေါ်ပါဘူး”

ဟုဆိုလေသည်။

ထိုသူနှင့်ပတ်သက်၍ ကျွန်ုပ်ဘာမှ ပြောစရာမရှိချေ။ ထိုလူကား လူအေးတစ်ယောက်ဟု ဆိုနိုင်သည်။ သူ့အလုပ်သူလုပ်သူသာ ဖြစ်၏။





သို့ဖြင့် ကျွန်ုပ်၏တိုက်တွင် ခြံစောင့်အဖြစ် အလုပ်ဝင်ခဲ့ပြီးနောက် လေးလခန့်ကြာသောတစ်နေ့တွင် မာလီသည် ကျွန်ုပ်ထံရောက်ရှိလာကာ . . .

“ဆရာ . . လာပါဦး၊ ကိုတေဇ ဘာဖြစ်နေမှန်း မသိဘူး”

ဟု အကြောင်းကြား၏။

ကျွန်ုပ်သည် ရဲဘက်သို့ အကြောင်းကြားလိုက်ရသည်။ ကိုအောင်မင်းကို ကားဖြင့်သွားခေါ်လာခဲ့ရသည်။ ရဲဘက်က ပထမတွင် လူသတ်မှုဟုယူဆ၏။ သို့သော် အခန်းထဲတွင် တန်ဖိုးရှိသောပစ္စည်းမရှိသဖြင့် လုယက်သတ်ဖြတ်မှုဟု ယူဆရန်မှု ခက်ခဲနေ၏။

စစ်ဆေးသော ဆရာဝန်ကမူ နှလုံးခုန်ရပ်ကာ သေဆုံးခဲ့သည်ဟု မှတ်ချက်ချခဲ့လေသည်။

ကိုတေဇသည် တစ်ကောင်ကြွက်ဖြစ်နေရုံမက၊ ကျွန်ုပ်၏ခြံတွင် အလုပ်လုပ်နေသူဖြစ်လေရာ၊ သူ့အသုဘကိစ္စကို အစအဆုံးပင် ကျွန်ုပ်က တာဝန်ယူလုပ်ဆောင်ခဲ့ရလေသည်။ ကျွန်ုပ်အနေဖြင့် ကိုတေဇဘဝအတွက် တကယ်ပင် ကြေကွဲဝမ်းနည်းနေခဲ့မိသည်။

ကျွန်ုပ်အဖို့ အခက်အခဲတစ်ခု ရှိနေသည်မှာ ကိုတေဇချန်ထားခဲ့သော ကျောက်လက်ဝါးကြီးပင်ဖြစ်ကာ၊ ကျွန်ုပ်အနေဖြင့် ထိုကျောက်လက်ဝါးကြီးကို သိမ်းဆည်းမထားလိုချေ။ ကျွန်ုပ်ကို ထိုပစ္စည်းက ခိုက်မှာကို စိုးရိမ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ကျွန်ုပ်က ကိုအောင်မင်းကိုပေးသော်လည်း သူက လက်မခံဘဲ တွင်တွင်ကြီး ငြင်းပယ်နေလေရာ၊ ထိုကျောက်လက်ဝါးကြီးမှာ ပြဿနာကြီးဦးခေါင်းသဖွယ် ဖြစ်၍နေပါလေတော့သည်။

သို့သော် ရက်လည်ဆွမ်းသွတ်သောနေ့တွင် ရသေ့ကြီးတစ်ပါးရောက်လာသည်။

"ကျုပ်အမည်က ဦးသိဒ္ဓိတဲ့၊ တေဇရဲ့ဆရာပဲ၊ သူ့ဆီမှာကျန်နေတဲ့ ကျောက်လက်ဝါးကို အလှူခံပါတယ်၊ ဒကာကြီးတို့ မလိုအပ်ဘူးဆိုရင် လှူလိုက်စေချင်ပါတယ်၊ သူ့မူလ ကျောက်လက်ဝါးတောင်ကို ကျုပ်ပြန်ထားလိုက်ပါ့မယ်"

ထိုစကားကြားရသော ကျွန်ုပ်မှာ ဝမ်းသာအားရပင် လှူလိုက်မိပါ၏။ ထိုအချိန်မှစ၍ ကျောက်လက်ဝါးအကြောင်းကို မေ့ပစ်ဖို့ ကြိုးစားသော်လည်း၊ မကြာခဏ သတိရ၍နေကာ ကိုတေဇပြောစကားများမှာ ကျွန်ုပ်အဖို့ ယုံတမ်းပုံပြင်တစ်ပုဒ်ဖြစ်၍ နေပါလေတော့သတည်း။

* * * *



✱ အဲဒီရွာက အလယ်ရိုးမတောနက်ကြီးထဲမှာရှိတာ၊ တခြားလူနေဒေသတွေနဲ့လည်း ဝေးတယ်၊ သူတို့ဖာသာသီးသန့်တည်ရှိနေတဲ့အမျိုးပေါ့၊ လူတွေကတော့ ဝိဇ္ဇာရွာလို့ ခေါ်ကြတယ်။

## (၂) ပျောက်ဆုံးနေသောရွာ

www.burmeseclassic.com

www.burmeseclassic.com

## ပျောက်ဆုံးနေသောရွာ

လောကတွင် ဒဏ္ဍာရီပုံပြင်ထက် ဆန်းကျယ်သော အဖြစ်တွေရှိသည်ဟု ဆိုကြပါသည်။ ထို့ကြောင့်ပင် ပြောမယုံ ကြုံဖူးမှသိဟုသော စကားဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဆန်းကျယ်လွန်းသဖြင့်၊ ယုံတမ်းပုံပြင်ဟုပင် မှတ်ယူကြသော သာဓကတွေရှိခဲ့၏။

ကျွန်တော်တို့တွင် ဒေါ်သုန်ဆိုသော အဖွားရှိခဲ့ဖူးပါသည်။ အဖွားအရင်းမဟုတ်။ အဖေ့အမေ၏ ညီမဖြစ်သော်လည်း၊ အဖေ့အမေမှာ ဆုံးပါးခဲ့သည်မှာ ကြာပြီဖြစ်သဖြင့် အဖေသည် ထိုအဒေါ်ကိုပင် အမေအမှတ်ဖြင့် အလေးအမြတ်ထားလေရာ၊ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမတွေကလည်း အဘွားအရင်းသဖွယ်ပင် သဘောထားခဲ့ကြလေသည်။ ထိုအဘွားသည် ကျွန်တော်တို့နှင့် အတူမနေပါ။ သူ၏ သားသမီးအရင်းများရှိရာ မြေလတ်ဒေသ တောရွာတစ်ရွာတွင် နေထိုင်ပါသည်။ သို့သော် တစ်နှစ်တစ်ခါဆိုသလို ကျွန်တော်တို့ရှိရာ ရန်ကုန်မြို့အိမ်သို့ အလည်လာတတ်ပါသည်။

သူလာတတ်သောကာလမှာ သီတင်းကျွတ်လဖြစ်၍ အဖေကလည်း ကောင်းစွာကန်တော့နိုင်ပါသည်။ အဘွားသုန်သည် အသက် (၇၀) ကျော်ပြီဖြစ်သော်လည်း၊ တောသူတောင်သားပီပီ ကောင်းစွာ ကျန်းမာသန်စွမ်းသူ ဖြစ်လေသည်။ ထို့ကြောင့်သာ ယခုကဲ့သို့ သွားလာနိုင်ခြင်းဖြစ်ပြီး၊ ရန်ကုန်ရောက်လျှင်လည်း တစ်လကိုးသီတင်း နေလေ့ရှိသည်။

အဘွားသုန်ရောက်လာလျှင် ကျွန်တော်တို့ကလေးများ ပျော်ရွှင်နေလေ့ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အဘွားသုန်ထံမှ ထူးခြားဆန်းကျယ်ကာ စိတ်ဝင်စားဖွယ်ကောင်းလှသော ပုံပြင်များ၊ ဖြစ်ရပ်များကို ကြားကြရသောကြောင့် ဖြစ်ပါသည်။

ညအိပ်ယာဝင်ခါနီး အဘွားသည် ကျွန်တော်တို့ မောင်နှမကို သူ့ဘေးတွင်စုဝေးထိုင်စေကာ ပြောပြလေ့ရှိပါသည်။ အဘွား၏ ပုံပြင်များသည် တကယ့်ဖြစ်ရပ်များ ဖြစ်သည်။ သို့မဟုတ် ယုတ္တိတန်သည်။ သို့မဟုတ် သဘာဝကျသည် စသဖြင့် ကျွန်တော်တို့သည်





ဆန်းစစ်ဝေဖန်လိုစိတ် မရှိကြ။ နားထောင်၍မဝသော အဘွား၏ ပုံပြင်များ၌သာ မျောပါနစ်မွန်းသွားကြသည်သာ ဖြစ်၏။ အဘွားက ခင်းတို့ ဖားဘယ်လောက် အကောင်ကြီးကြီး မြင်ဖူးလဲ' ဟုမေးကာ ဆောင်ပို့မှုရှိသော ဖားကြီးအကြောင်း ပြောပြ၏။ တစ်ခါက သူတို့ ရွာမှလူများသည် အလယ်ရိုးမတောထဲသို့ ဖားရှာင်းရှာသွားကြသည်။ ရွာကလေးကား အလယ်ရိုးမတောင်ခြေတွင်ရှိသဖြင့်၊ အလယ်ရိုးမ တောင်ကို ရွာသူရွာသားများ "ဟင်းစားကျက်" အဖြစ် သဘောထား ကြ၏။ အလယ်ရိုးမကား သူတို့ကို မီးဖိုချောင်သုံးပစ္စည်းများ အလျှံ ယ်ထုတ်ပေးရာ ဒေသဖြစ်၏။

ထိုအဖွဲ့တွင် လူသုံးယောက်ပါ၏။ အဖွဲ့ခေါင်းဆောင်ကား ဆိုးမိုးသီးဖြစ်၏။ မိုးသီးသည် လုပ်သေနတ်ဖြစ်သော နှစ်လုံးပြူးဖြင့် အမဲလိုက်လေ့ရှိ၏။ ထိုနေ့က တောလိုက်ရာတွင် သူတို့သည် သမင် တစ်ကောင်ကိုပစ်ရာ ရှပ်၍သာထိမှန်၏။ သားကောင်ဖောဖြင့် ထို သမင်နောက် ဖိလိုက်ကြရင်း၊ သူတို့သည် အလယ်ရိုးမတော တော် တော်နက်သည့်အထဲသို့ ရောက်ရှိသွားသည်။ သားကောင်ကို မျက်ခြေ ပြတ်သွားပြန်သည်။ မှောင်စလည်းပျိုးပြီ။

"တို့ ဒီည ဒီမှာပဲ စခန်းချမယ်"

ရွာသို့ မမှောင်ခင်ပြန်ရောက်ရန် မဖြစ်နိုင်တော့။ တောထဲ တွင် ညအချိန်ခရီးသွားရခြင်းမှာ အင်မတန်အန္တရာယ်များလှပေရာ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာတွင် ညအိပ်ဖို့ စီစဉ်ကြသည်။ ညနေ နေဝင်ရီတရောတွင် သူတို့ တောင်ကုန်းလေးတစ်ခုပေါ် တက်ကြ၏။

တောထဲတွင် ညအခါ နေထိုင်သူတစ်ချို့အတွက် အရေးကြီးသောအရာတစ်ခုမှာ မီးပုံဖိုရခြင်းဖြစ်၏။ မီးပုံကြောင့် အန္တရာယ်ကင်းပြီး ... မီးပုံကြောင့် အန္တေ့ခါတ်ရကာ တောတွင်းအချမ်းဒဏ်ကို ကာကွယ်နိုင်၏။ တောတိရစ္ဆာန်တို့သည် မီးကိုကြောက်သဖြင့် ဝေးဝေးက ရှောင်ရှားကြ၏။ အလင်းရောင်လည်းရ၏။ ထို့ကြောင့် ထင်းခြောက်များကောက်ကာ သူတို့ မီးဖိုကြသည်။

မီးပုံက အရှိန်တော်တော်ရလာသောအခါ မြေလျှင်လှုပ်၏။ တစ်ဖယောက်က 'မြေလျှင်လှုပ်ပြီ' ဟုအော်၏။ သို့သော် မိုးသီးက သေသေချာချာကြည့်သောအခါ၊ တောတစ်ခုလုံးမဟုတ်ပဲ သူတို့နေထိုင်ရာ တောင်ကုန်းကြီးက လှုပ်နေခြင်းဖြစ်ကြောင်း တွေ့ရလေရာ တစ်ယောက်က . . .

“တောခြောက်တာပဲ ဟေ့”

ဟုအော်သည်။ တောထဲတွင် အမှားတစ်စုံတစ်ရာပြုမိပါက ဤကဲ့သို့ ဖြစ်တတ်၏။ တော်လဲသံကြားရ၏။ မြေပြိုသံကြားရ၏။ သစ်တောတစ်ခုလုံးမလှုပ်ပဲ သစ်ပင်တစ်ပင်နှစ်ပင်တည်း ရွေးကာလှုပ်၏။

ယခုလည်း သူတို့နေထိုင်ရာ တောင်ကုန်းတစ်ခုတည်းသာ





လှုပ်၍နေ၏။ ပို၍ပြင်းထန်စွာ လှုပ်လိုက်သောအခါ သူတို့သုံးယောက်လုံး တောင်ကုန်းပေါ်မှ ဒလိမ့်ကောက်ကွေး လိမ့်ကျတော့သည်။ တောင်ကုန်းလေး အခြေရောက်တော့မှ သူတို့ ထိုတောင်ကုန်း၏ ပုံသဏ္ဌာန်ကို ကြည့်လိုက်မိ၏။ ဖားတစ်ကောင်နှင့် တူလှသည်။ ထိုအခိုက်မှာပင် ဖားကြီးက သူတို့ဖက် ခေါင်းလှည့်လာကာ ပိတ်ထားသော မျက်လုံးတွေကို ဖွင့်ကြည့်လိုက်၏။

ညမှောင်စတွင် မြင်လိုက်ရသည့် ရဲရဲတောက်နေသော မျက်လုံးကြီးများကား ဆန်ပြာသည့် စကောလောက်ပင်ရှိ၏။ သူတို့သုံးယောက် ကြောက်လန့်တကြား ထိုနေရာမှ ထွက်ပြေးလာခဲ့လေတော့သည်။

“အဘွားသုန်ရယ် ဖားကြီးက အဲသလောက်တောင် ကြီးသလား”

“ကြီးတာပေါ့၊ ကြီးလွန်းတော့ မလှုပ်မရှားပဲနဲ့ နေနေတာ၊ သူ့ကိုယ်ပေါ်မှာ မြေကြီးတွေဖုံး၊ ခြုံနွယ်တွေပေါက်နဲ့ ဗြုန်းခနဲကြည့်လိုက်ရင် တောင်ကုန်းနဲ့တူနေတာပေါ့၊ မိုးသီးတို့လူသိုက်က အဲဒီမှာ မီးဖိုတော့ သူ့အရည်ပြားကို အပူလောင်ပြီး၊ အရေပြားတွန့်တာကို လျှင်လှုပ်တယ် ထင်ကြတာ၊ နောက်တစ်ခေါက် လူတွေစုပြီး သွားကြည့်တော့ မရှိတော့ဘူး၊ အဲဒီအလယ်ရိုးမတောကြီးက အင်မတန်နက်တာ၊ အဲဒါက ဟိမဝန္တာတောင်နဲ့ တဆက်တည်းပဲ၊ တောနက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



အထိ ဘယ်သူမှရောက်ဖူးတာ မဟုတ်ဘူး၊ အင်မတန် ကြောက်စရာကောင်းတဲ့ အကောင်တွေရှိတယ်၊ မျက်စိလည်ရောက်သွားဖူးတဲ့ လူတွေက ပြောတယ်၊ အုန်းသီးလုံးလောက်ကြီးတဲ့ တောပင့်ကူနက်ကြီးတွေ ရှိတယ်တဲ့၊ အဲဒီပင့်ကူကြီးတွေဟာ ဆင်တွေကိုတောင် ဦးနှောက်ဖောက်စားနိုင်တယ်တဲ့၊ သူတို့ ဆင်တွေခေါင်းပေါ် ခုန်ချပြီး ဦးနှောက်ကို ဖောက်စားလိုက်တာပဲ၊ သူတို့ပင့်ကူအိမ်တွေမှာ တိုးမိရင် ကျားတောင် ရုန်းထွက်လို့မရဘူးတဲ့၊ နောက်တော့ မိကျောင်းလောက်ရှိတဲ့ ကင်းမြီးကောက်ကြီးတွေလည်း ရှိတယ်၊ ဂူတွေထဲမှာနေပြီး ညဘက်မှာ အစာရှာထွက်တာတဲ့၊ တောထဲမှာတော့ သူတို့က ဘုရင်ပဲ၊ ဆင်တွေ၊ ကျားတွေကတောင် ကြောက်ကြရတယ်၊ သူတို့လက်မနဲ့ ညှပ်ရင် လည်ပြတ်သေတာပဲ၊ လူသားစားငါးတွေနေတဲ့ ချောင်းတွေလည်းရှိတယ်၊ ငါးက သေးသေးလေးတွေ၊ သူတို့သွားတွေက ဓါးတွေလို ထက်တယ်၊ အဲဒီရေထဲကို ဘယ်အကောင်ပဲကျကျ ဝိုင်းတွတ်လိုက်ကြတာ ခနလေးနဲ့ အရိုးဖြစ်သွားတာပဲတဲ့"

အဘွားသုန်ထံမှ ကြားရသော တောကြီးဇာတ်လမ်းတို့ကား ကျောချမ်းစဖွယ်ဖြစ်၏။

"နောက် လက်မလောက်ရှိတဲ့ ပုရွက်ဆိတ်တွေလည်း ရှိသေးတယ်၊ သူတို့အသိုက်ပြောင်းလာပြီဆို လမ်းမှာတွေ့သမျှ အရာတွေကို စားသွားတာပဲ၊ ရွာရှိနေရင်တောင် ရွာပြောင်းပေးရတယ်၊ သူတို့က





သိန်းနဲ့သန်းနဲ့ချီပြီး ရှိနေတာကိုး"

"မုဆိုးကြီးမိုးသီးအကြောင်း ပြောပါဦး အဘွားသုန်ရဲ့"

"ဒီလူက ဆိုးဆိုးမိုက်မိုက်လို့ ပြောသားပဲ၊ သားသတ်ငါးသတ်သုပ်ဘာကြာတော့ ဓါတ်ကြမ်းလူကြမ်းလည်း ဖြစ်နေတယ်၊ ထစ်ခနဲရှိရင် သတ်မယ်ဖြတ်မယ်၊ ဒါကြောင့် သူ့ကို ရွာကလူတွေက သိပ်အရောတဝင်မနေကြဘူး၊ အရက်မူးလာရင် သွေးက ဆိုးသေးတယ်၊ သူ့မိန်းမယားခင်ကတော့ ခပ်အေးအေးပါ၊ သဘောလည်းကောင်းပါတယ်၊ သူတို့မှာ သားလေးတစ်ယောက်ရှိတယ်၊ တာတေတဲ့၊ တာတေကလည်း တာတေဆိုတဲ့ နာမည်နဲ့လိုက်အောင် ခပ်ဆိုးဆိုးပဲ၊ သူလေးငါးနှစ်သားအရောက်မှာ မိုးသီးပျောက်သွားတယ်"

"ဘယ်လိုပျောက်သွားတာလဲ အဘွား"

"ကျားသစ်ဖြူနောက်ကိုလိုက်ရင်း ပျောက်သွားတာကွဲ့"

"ကျားသစ်အဖြူရယ်လို့ ရှိလို့လား အဘွားရယ်"

"မင်းတို့ ကျားသစ်နက်မြင်ဖူးလား"

"မြင်ဖူးတယ်လေ၊ တိရစ္ဆာန်ရုံမှာတောင်ရှိသေးတာပဲ"

"အေး အဲဒီကျားသစ်ရဲ့ အမွေးတွေက ဖြူနေတာပေါ့၊ ဆင်ဖြူတို့ ကျွဲဖြူတို့လိုပေါ့၊ တို့ရွာတဝိုက်မှာ တစ်ခါက အဲဒီလို ကျားသစ်ဖြူတစ်ကောင် ပေါ်လာတယ်၊ ရွာက တောထဲမှာ မှိုရှာတဲ့လူ၊ ထင်းရှာတဲ့လူတွေ တွေ့နေကြတာပဲ၊ သူက လူတွေကိုတော့ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



မပြုဘူးကွဲ့၊ အဲဒါကို လူတွေကတော့ ရှားရှားပါးပါးမို့ နတ်ကျားလို့ ပြောနေတာပဲ၊ မိုးသီးက ဒီကျားသစ်ဖြူကို ပစ်မယ်လို့လိုက်တယ်၊ ကျားသစ်ဖြူရဲ့ အရေခွံကိုရရင် ဈေးကောင်းပေးမယ့် ရွာထဲက သူဌေးတွေလည်း ရှိနေတာကိုး၊ သူ့မိန်းမက နတ်ကျားကိုပစ်ရင် အန္တရာယ်ရှိလိမ့်မယ်လို့ တားပေမယ့် မရဘူး၊ လေးငါးရက်ဆက်တိုက်ပဲ ခြေရာခံလိုက်တယ်၊ နောက်ဆုံးတစ်ရက်ကတော့ ထွက်သွားပြီး ပြန်မလာတော့ဘူး၊ လေးငါးရက်လောက်နေတော့ သူ့မိန်းမက အကူအညီတောင်းတာနဲ့ သူကြီးက တောကျွမ်းတဲ့လူတွေကိုစုပြီး တောထဲဝင်ရှာကြတယ်၊ ဒါပေမယ့် အရိပ်အယောင်တောင် မမြင်ရတော့ဘူး"

"သူက ဘာကြောင့် ပျောက်သွားတာလဲ"

အဘွားသုန်က . . .

"နေဦး၊ မင်းတို့ကို မိုးသီးပျောက်သွားတာထက် ထူးဆန်းတဲ့ ပျောက်ဆုံးနေတဲ့ရွာအကြောင်း ပြောပြရဦးမယ်"

ဟု ပြောလိုက်လေသည်။

ကျွန်တော့်ညီငယ်က . . .

"ရွာက ဘယ်လိုပျောက်တာလဲ အဘွား၊ ကိုယ်ပျောက်သလို ပျောက်နေတာလား"

"ဒီလိုတော့ မဟုတ်ဘူးကွဲ့၊ ရွာက ရှာလို့ဖွေလို့မရအောင် ပျောက်နေတဲ့သဘောပေါ့"





ကျွန်တော်တို့မှာ ရုတ်တရက် နားမလည်နိုင်အောင်ရှိသည်။

"အဲဒီရွာက အလယ်ရိုးမ တောနက်ကြီးထဲမှာရှိတယ်၊ တခြားလူနေဒေသတွေနဲ့လည်း ဝေးတယ်၊ သူတို့ဖာသာ သီးသန့်တည်ရှိနေတဲ့ ရွာမျိုးပေါ့၊ လူတွေကတော့ ဝိဇ္ဇာရွာလို့ခေါ်ကြတယ်"

"ဘာဖြစ်လို့ ဝိဇ္ဇာရွာလို့ ခေါ်တာလဲဟင်"

"အဲဒီရွာကို ဝိဇ္ဇာတွေကတည်ထားလို့ ဝိဇ္ဇာရွာလို့ ခေါ်တာတဲ့၊ ဝိဇ္ဇာဆိုတာ အထက်လမ်းလိုက်တဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ၊ သူတော်စင်တွေပေါ့၊ အဲဒီရွာမှာ နေတဲ့သူတွေအားလုံးကလည်း သီလစင်ကြယ်ရတယ်၊ သက်သတ်လွတ်စားရတယ်"

"စိတ်ဝင်စားဖို့ကောင်းတယ်၊ ပြောပါလား အဘွား"

"အေးလေ၊ ငါကလည်း ပြောပြမလို့ စကားစ,ထားတာပဲ၊ အခါအားလျော်စွာ ကံကောင်းတဲ့သူတွေဟာ အဲဒီရွာကို ရောက်သွားတတ်တယ်၊ တို့ရွာကလူတချို့ အဲဒီရွာကိုရောက်ဖူးတယ်"

အဘွားပြောပြသော ထိုရွာ၏အကြောင်းကား . . .

ရွာမှဦးခင်ဆိုသူသည် အသက် (၅၀) ခန့်ရှိပြီ။ သားယောက်သမီးခံမရှိပဲ ဇနီးဖြစ်သူနှင့် နှစ်ဦးတည်းသာနေထိုင်ကာ၊ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်ရ၏။ သို့သော် တတ်နိုင်သမျှတော့ ကုသိုလ်ကောင်းမှုပြုလေ့ရှိသည်။

တစ်ရက် တောထဲဝင်ကာ ဝါးခုတ်မည့် လူငယ်များနှင့်

www.burmeseclassic.com



တောထဲသို့ လိုက်သွား၏။

"ဦးခင် ဘာမှပင်ပင်ပန်းပန်း မလုပ်ရပါဘူး၊ ကျွန်တော်တို့နဲ့ အဖော်သာလိုက်ခဲ့ပါ၊ ကျွန်တော်တို့ ဝါးရောင်းရရင် ဝေစုတစ်စု ပေးမယ်"

ဆိုသဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ သူကတော့ သိပ်ပင်ပင်ပန်းပန်း မလုပ်နိုင်။ ဖြစ်ချင်တော့ ဝါးခုတ်မှ ခနနားကာ စုဝေးထမင်းစားနေခိုက် ဆူညံဆူညံ တောတိုးသောအသံများကို ကြားရ၏။ နားလည်သူတစ်ဦးက . . .

"မာဒါတွေဟာ ဆင်အုပ်တစ်အုပ်ရဲ့ အသံတွေပဲ"

"ဘယ်ကိုလာနေတာလဲ"

"တို့ရှိတဲ့ ဝါးတောကို လာနေတာပဲ၊ ဒီအချိန်ဟာ ဝါးတောမှ ဝါးပင်ပေါက်ခါတဲ့ မျှစ်စို့တွေ ထွက်တဲ့အချိန် ဆင်တွေက မျှစ်သိပ်ကြိုက်တာ"

"အဲဒီတော့ ဘာမှတွေးမနေနဲ့ လွတ်အောင်သာပြေးတော့ ဆင်လိုက်နင်းရင် အားလုံးမသာပေါ်ကုန်မယ်"

ထို့နောက်တွင်မူ ရွာသားများသည် ခြေဦးတည့်ရာ ပြေးလွှားကြရာ၊ ဦးခင်သည် ကြောက်လန့်တကြားပြေးရင်း တခြားရွာသားများနှင့် လူချင်းကွဲ၍သွားလေသည်။ သူသည် အသက်ဘေးလုကာ ပြေးခဲ့ရသဖြင့် မောဟိုက်၍နေသည်။ ခြေဦးတည့်ရာ ပြေးခဲ့ရသဖြင့်





ဘယ်တွေရောက်နေမှန်းလဲ မသိ။ သူက တောထဲရောက်ပေါက်ခဲ့သဖြင့် တောမကျွမ်းကျင်။

"နိုင်ဝင်းရေ ကျော်ကြီးရေ ဖထီးရေ"

စသဖြင့် သူနှင့်အတူ လာသူများ၏အမည်ကို ဟစ်ခေါ်သော်လည်း ပြန်ထူးသံမကြားရ။ ထိုသူတွေနှင့် အတော်ဝေးဝေးနေရာ ရောက်နေပြီထင်၏။ သို့မဟုတ် သူတို့တတွေမှာ ဆင်နင်း၍ ခေသကုန်ကြပြီလားမသိ။

အဆိုးဆုံးကား နေဝင်သွားခြင်း ဖြစ်သည်။ တောထဲတွင် လျှင်မြန်စွာ မှောင်မိုက်လာသည်။ ဦးခင် မကြောက်စဖူး ကြောက်ရွံ့လာခဲ့၏။ ကျား၊ ကျားသစ်ကဲ့သို့သော သတ္တဝါများသည် ညဘက်တွင် အစာရှာထွက်တတ်သည်ဟု ကြားဖူးလေရာ ပို၍ရပ်တည်ရာမရ ဖြစ်လာသည်။

အဝေးမှ ခွေးအတွေလား၊ ဝံပုလွေတွေလားမသိ ဆွဲဆွဲငင်ငင် အူသံကြားရ၏။ သူရပ်တည်၍မနေရဲ။ မှောင်ထဲတွင် ပြေးလွှားရင်း သူရွတ်နေကျ သံဗုဒ္ဓေဂါထာတော်ကို ရွတ်လာသည်။ ဤဂါထာကို အန္တရာယ်ကင်းဂါထာဟု သူယုံကြည်ထား၏။ ဂါထာ၏ အကျိုးပေးကား မသိ။ ခပ်လှမ်းလှမ်းတွင် မီးရောင်ကိုတွေ့ရ၏။

ဦးခင်အားတက်သွားသည်။ မီးရောင်ရှိလျှင် လူရှိရမည်။ တိရစ္ဆာန်က မီးမွှေးတတ်သည် မဟုတ်။ ဒီမီးရောင်သည် တောထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်လူစုကွဲသွားသော နိုင်ဝင်းတို့ လူစုပင်ဖြစ်ရမည်ဟု ယူဆကာ၊ ဝမ်းသာအားရ လျှောက်လာခဲ့သည်။ သို့သော် အနီးရောက်လာလေ မီးရောင်က ကြီးကျယ်လာလေဖြစ်ကာ၊ အနားရောက်သွားသောအခါ ထိုမီးရောင်မှာ မီးပုံအလင်းရောင်မဟုတ်ပဲ၊ ရွာကြီးတစ်ရွာမှ ထွက်ပေါ်နေသော အလင်းရောင်ဖြစ်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရလေသည်။ ဒီတော့ သူ ပို၍ဝမ်းမြောက်သွား၏။ မြန်မာလူမျိုးတွေက ရိုင်းပျသူတွေမဟုတ်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီတတ်သူတွေ ဖြစ်၏။

ဒီတော့ ရွာထဲရောက်သွားလျှင် စားစရာ၊ သောက်စရာ ရလိမ့်မည်ဟု သူထင်မြင်နေခဲ့၏။ ထူးခြားသည်မှာ ဤရွာကြီးကား သူတို့ရွာတွေလို ဝင်းခြံခတ်ထားခြင်းမရှိ၊ ဖြောင့်ဖြူးကျယ်ပြောသော ရွာလယ်လမ်းမကြီးအတိုင်း အလွယ်တကူ လျှောက်ကာဝင်လာခဲ့သည်။ ရွာကြီးတွင် မီးထွန်းထားသည်မှာ ဘုရားပွဲအလား လင်းထိန်၍နေ၏။

အိမ်ကလေးတွေမှာလည်း သေသေသပ်သပ် ဆောက်လုပ်ထားလေရာ၊ ဝါးခနီအိမ်ကလေးတွေပင် ဖြစ်သော်လည်း နေချင်စဖွယ်ရှိလှ၏။ တစ်အိမ်နှင့်တစ်အိမ်အကြားတွင်လည်း ခြံစည်းရိုးများ ခြားကာထားခြင်း မရှိ။

သူဝင်လာတာတွေ့တော့ မြင်တဲ့သူတွေက ကြိုဆိုသည်။





သူက လမ်းပျောက်ကာ မျက်စိလည်လာပုံကို ပြောပြတော့၊ ရွာလယ်က အဆောက်အဦးကြီးဆီ ခေါ်သွားကြ၏။ ထိုအဆောက်အဦးမှာ မမှာရုံနှင့်တူကာ၊ ထိုနေရာတွင် ရွာကိုအုပ်ချုပ်သော လူကြီးငါးဦး နေထိုင်ကြလေသည်။ သူတို့ငါးဦးလုံးမှာ ပိတ်ဖြူစင်ကြယ်များသာ ဝတ်ဆင်ထားရာ၊ ဖိုးသူတော်လိုလို ကပ္ပိယလိုလို ထင်ရသော်လည်း၊ တည်ကြည်အေးချမ်းသော မျက်နှာများရှိ၏။ လေသံမှာလည်း နူးညံ့သိမ်မွေ့လှသည်။

"ဒုက္ခရောက်လာတဲ့ ဧည့်သည်ကို ကူညီကြဟေ့၊ နေစရာပေးကြ၊ စားစရာပေးကြ၊ အိပ်စရာပေးကြ၊ ဧည့်သည်ကလည်း ကိုယ့်အိမ်ကိုယ်ယာလို သဘောထားပြီးနေ" ဟုဆို၏။

ဦးခင်ကို ဟိုကခေါ်ချင်၊ ဒီကခေါ်ချင် ဖြစ်နေ၏။ ဦးခင်က ခေါ်သူတစ်ယောက်နောက် လိုက်သွား၏။ မိန်းမနှင့်ကလေးနှစ်ယောက်ရှိနေကာ၊ ညကြီးပင် သူ့ကိုထမင်းကျွေးရန် မိန်းမကို ချက်ပြုတ်စေ၏။

"မိတ်ဆွေ၊ တစ်ခုတော့ သည်းခံပါ၊ အသားဟင်းတော့ မရနိုင်ဘူး"

ဟု အိမ်ရှင်ယောကျ်ားက တောင်းပန်၏။

သူတို့ကျွေးသော သက်သတ်လွတ်ဟင်းလျာကား လျှာစွဲလောက်အောင်ပင် ကောင်းမွန်လှသည်။ ပူပူနွေးနွေး အငွေ့တထောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်း ထ,နေကာ၊ သူကိုယ်တိုင်ကလည်း ဗိုက်ဆာနေသဖြင့် ထိုည က ထမင်းပွဲကို တစ်သက်စာ အမှတ်ရနေလေတော့သည်။ နတ်သုဒ္ဓါ ဆိုတာ ဒီလိုအစားအစာမျိုးလား မသိ။

ထမင်းစားပြီးသောအခါ ဗိုက်လည်းလေးလာ၏။ တစ်နေ့ လုံး ပင်ပင်ပန်းပန်း ပြေးလွှားလာခဲ့ရသောကြောင့်လား မသိ။ မျက် တောင်တွေ စင်းကာ၊ အိပ်ချင်လာသည်။ သူတို့က အလိုက်တသိပင် ခေါင်းရင်းတွင် အိပ်ယာခင်းပေး၏။ အိပ်ယာမှာ နွေးထွေးသန့်ပြန့် ၍ နေသည်။ ခြင်ထောင်,ထောင်မပေးသော်လည်း ခြင်မကိုက်။ ဤ ရွာတွင် ခြင်ရှိဟန်မတူ။ အိပ်ယာထဲလှဲရင်း ဦးခင်သည် မသင်္ကာစိတ် တွေ ဝင်လာသည်။ ဤနေရာတွင် ရွာရှိသည်ဟု သူယခင်က မကြား ဖူးခဲ့ပေ။ တောကြီးမျက်မည်းထဲတွင် တစ်ရွာတည်း သီးသန့်ရှိနေပုံကို က စဉ်းစားရခက်စရာ ဖြစ်နေသည်။

သူအိပ်ယာနိုးသောအခါ မြေကြီးပေါ်ရောက်မနေ။ အိပ်ယာ ထဲဝင်ခဲ့စဉ်ကလိုပင် အားလုံးနေသားတကျရှိနေ၏။ အိမ်ရှင်တွေက သူ့ကို ကောက်ညှင်းပေါင်းနှင့် ပဲပြုတ်ကျွေးသည်။ ပြီးတော့ ရေနွေး ကြမ်းတိုက်သည်။

"ဒီရွာကို ဘယ်လိုခေါ်သလဲဟင်"

ဟုမေးတော့ ပြုံးကာ . . .

"မဟာမြိုင်လို့ခေါ်တယ်၊ အမှန်တော့ ခင်ဗျားကံထူးလို့





ရောက်လာတာ၊ ဒါက သီးသန့်ရွာပဲ၊ ဒီရွာကို အုပ်ချုပ်နေတဲ့ လူကြီး ငါးယောက်က ဝိဇ္ဇာတွေပဲ၊ ဒီရွာကလူတွေဟာ ငှါးပါးသီလမြဲကြတယ်၊ အမြဲသက်သတ်လွတ်စားကြတယ်၊ ကိုယ့်ဖာသာ စိုက်ပျိုးစားကြ တယ်၊ ဝါပင်ကရတဲ့ ဝါချည်တွေနဲ့ ကိုယ့်ဖာသာ အဝတ်အထည် ယက်ဝတ်ကြတယ်၊ တခြားရွာတွေနဲ့ ဆက်ဆံစရာ မလိုလောက်အောင် ဒီမှာပြည့်စုံတယ်၊ တခါတရံ သိပ်အသုံးလိုတဲ့ ပစ္စည်းလောက်ပဲ အပြင်မှာ ထွက်ဝယ်ကြတယ်၊ ဒီရွာကလူတွေက လောဘ၊ ဒေါသ၊ မောဟ မရှိသလောက်နည်းတယ်၊ ဒါကြောင့် အမှုအခင်းလည်း ဖြစ်လေ့ ဖြစ်ထ မရှိဘူး၊ ဒီက လူတွေက အင်မတန် တင်းတိမ်ရောင့်ရဲတတ်ကြ တယ်၊ ဒါကြောင့် ဒီရွာကလေးဟာ အင်မတန်အေးချမ်းပြီး နေပျော်တဲ့ အရပ်ကလေးပေါ့၊ ခင်ဗျားလည်း ဒီရွာမှာနေမလား"

ဦးခင်ကိုမေးတော့ စဉ်းစားရသည်။

"ရွာမှာ ကျုပ်အိမ်ရှိသေးတယ်၊ ကျုပ်ဇနီးရှိသေးတယ်၊ ကျုပ် ရဲ့ဆွေမျိုးသားချင်းတွေလည်း ရှိသေးတယ်၊ လာနေဖို့ မဖြစ်ပါဘူး"

ဟုပြောတော့ . . .

"ခင်ဗျားဟာ ဒီရွာမှာနေဖို့ မထိုက်လို့ပဲ၊ အင်း ကံတရား အတိုင်းပဲပေါ့"

ဟုသာပြောသည်။

"ဒါဆို ဒီနေ့ပဲ ခင်ဗျားပြန်တော့၊ မပြန်ခင် ဘုရားဖူးသွားဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူ့ကို အိမ်ကခေါ်သွား၏။ အပြင်တွင် ယာတွေ ကိုင်းတွေထဲ၌ အေးအေးလူလူ အလုပ်လုပ်နေကြသူများကို ဦးခင် တွေ့ရသည်။ တစ်ချို့က ဝါပင်က ဝါဖတ်တွေ ဆွတ်နေကြ၏။

ရွာမှအထွက်တွင် ကျောက်တောင်ကြီးတစ်ခု တွေ့ရ၏။ ထိုကျောက်တောင်ကြီးကား ဘီလူးကြီးတစ်ကောင်၏ ဦးခေါင်းနှင့် တူ၏။ အောက်တွင် ဂူပေါက်ကြီးတစ်ခုရှိလေရာ၊ ကြည့်ရသည်မှာ ထိုဘီလူးကြီး၏ ဖြဲထားသော ပါးစပ်နှင့် တူနေလေသည်။

သူ့ကို ဂူပေါက်ထဲခေါ်သွား၏။ အထဲတွင် မီးရောင်များဖြင့် လင်းထိန်နေ၏။ ဂူ၏အတွင်းသားနံရံမှာ အရည်အသွေးကောင်းလှသော ကျောက်စိမ်းမျက်နှာပြင်ဖြစ်၍ မီးရောင်ဖြင့် စိမ်းစိုဝင်းလဲ့နေ၏။ ဂူ၏ခေါင်းရင်းတွင် ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားပုံရသော ဘုရားဆင်းတုတစ်ဆူရှိနေ၏။ ထိုဆင်းတု၏ရုပ်သွင်ကား ဦးခင်မြင်ဖူးသမျှ ဘုရားပုံတော်တွေထဲတွင် ကြည်ညိုသပ္ပါယ်စရာ အကောင်းဆုံး ရုပ်သွင်ဖြစ်၍ နေလေသည်။ ဘုရားရုပ်တုတော်ရှေ့တွင် ပန်း၊ ဆီမီး၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ထားသည်ကို တွေ့ရသည်။ သူ ဦးချကန်တော့လိုက်၏။

ဘုရားဆင်းတုတော်ဘေးတွင် ရွှေထည်လက်ဝတ်ရတနာများ၊ ကျောက်မျက်ရတနာများမှာ အရောင်တဖိတ်ဖိတ် တောက်လျှက်ရှိ၏။ ကြည့်နေရင်း သူ့ရင်ထဲတွင် လောဘစိတ်တွေ ယိုဖိတ်လာ၏။





ဒီရတနာတွေ လက်တစ်ဆုပ်စာလောက်သာ ယူသွားရင်၊ ရွာပြန်ရောက်ပါက သူရော၊ သူ့မိန်းမပါ တစ်သက်လုံး ချမ်းချမ်းသာသာ နေရပေမည်။ သူ့ရင်ထဲတွင် ဖြစ်ပေါ်နေသော လောဘစိတ်ကို သိနေသည့်အလား အိမ်ရှင်လူကြီးက . . .

"ဒီရတနာတွေကို ခင်ဗျားလိုချင်နေသလား၊ ယူချင်ရင် ယူနိုင်သလောက်ယူသွားလေ"

ဟုခွင့်ပြု၏။

"ခင်ဗျား တကယ်ပြောနေတာလား"

ဟုမယုံသလို ဦးခင်က မေးတော့ . . .

"တကယ်ပြောနေတာပေါ့၊ ကျွန်တော်တို့ရွာက လူတွေအတွက် ဒါတွေက ဘာမှအသုံးမဝင်ဘူးလေ၊ တန်ဖိုးလည်း မရှိဘူး"

ဦးခင်က ရတနာတွေကိုယူကာ သူ့ပုဆိုးခါးပိုက်ဆောင်ထဲ ထည့်သည်။ သူသည် လောဘတက်နေရာ ရှက်ရမှန်းမသိ ဖြစ်နေ၏။ ပြီးတော့မှ အိမ်ရှင်ရွာသားက . . .

"ကဲ ခင်ဗျားကို ကျွန်တော် လမ်းလိုက်ပြမယ်"

ဟုပြောကာ ရွာထဲက ခေါ်ထုတ်လာခဲ့သည်။ သူတို့တော်တော်လှမ်းလှမ်း သွားမိသောအခါ၊ ကညင်ပင်ကြီးနှစ်ပင် ပေ ၂၀ စီခန့်လှမ်းကွာကာ ယှဉ်ပေါက်နေသည့်နေရာသို့ ရောက်သွား၏။ နေထွက်နေသည့် အရှေ့စူးစူးအရပ်ကို လက်ညှိုးထိုးပြကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒီအရှေ့စူးစူးအတိုင်း သွားပေတော့၊ မကြာခင် ခင်ဗျား ရွာရှိရာကို ပြန်ရောက်သွားလိမ့်မယ်"

ဟု လမ်းညွှန်လွှတ်လိုက်၏။ ဦးခင်သည် အရှေ့စူးစူးအတိုင်း နေကိုမျက်နှာမူ၍ ထွက်လာခဲ့ရာ၊ မကြာခင် တစ်နာရီလောက်မျှဖြင့် သူမှတ်မိသော တောလမ်းကလေးကို တွေ့ရှိသွားလေသည်။ ဒီလမ်းကလေးတွေ့လျှင် သူရွာပြန်ရောက်တော့မည်မှာ မလွဲ။ ရွာပြန်ရောက်လျှင် သူပါလာတဲ့ရတနာတွေနဲ့ ချမ်းချမ်းသာသာနေမည်။

ထိုအခိုက်မှာပင် ကြေးစည်သံကြားလိုက်ရ၏။ တွေ့ရသည်က သစ်ပင်အောက်တွင် ကြေးစည်ထုကာ မတ်တပ်ရပ်နေသော ရသေ့ကြီးတစ်ပါး။ ကြေးစည်ထုနှတ်နေတာထောက်တော့ အလှူခံ မုဋ္ဌိလ်မှန်း သိသာထင်ရှားနေသည်။ ရသေ့ကြီး၏အဆင်းဟာ ကြည်ညိုစရာကောင်းလှ၏။

ခဏချင်းမှာပင် ဦးခင်၌ မဖြစ်စဖူး၊ မပေါ်စဖူး သဒ္ဓါစိတ်တွေ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သူ့ခါးပိုက်ဆောင်ထဲ ထည့်ယူလာခဲ့သော ရတနာပစ္စည်းတွေ အားလုံးကိုထုတ်ယူကာ ရသေ့ကြီးလွယ်ထားသည့် သပိတ်ထဲထည့်ကာ လှူဒါန်းလိုက်သည်။

ရသေ့ကြီးက မျက်လွှာချကာ သာဓုခေါ်၏။ ထိုမှဆက်၍ ထွက်လာသောအခါ သူ့အလှူအတွက် ပီတိဖြစ်ကာ၊ ဦးခင်သည် ပေါ့ပါးလန်းရွှင်နေသည်။ အတော်လှမ်းလာခဲ့ပြီးမှ နောက်ပြန်လှည့်





ကြည့်လိုက်သောအခါ၊ ထိုနေရာတွင် ရသေ့ကြီးမရှိတော့။ ဘယ်ရောက်သွားလေသည် မသိ။

ခဏကြာသောအခါ သူ့ရွာသို့ပြန်ရောက်သွားသည်။ အားလုံးကပင် ဦးခင်တစ်ယောက် တောထဲတွင် ဆင်နင်း၍သေပြီဟု မှတ်ယူနေကြရာမှ ပြန်ရောက်လာသောအခါ အံ့အားသင့်နေကြသည်။ ဦးခင်က တောထဲတွင် သူတွေ့ကြုံခဲ့သော ရွာအကြောင်းပြောသောအခါ မယုံကြ။ ကျတ်ရွာရောက်ခဲ့တာဟု ထင်ကြ၏။

သူက ရတနာတွေ ယူလာခဲ့သည့်အကြောင်း၊ အကုန်ပြန်လှူပစ်ခဲ့တဲ့အကြောင်း ပြောသောအခါ၊ သူ့ဇနီးက မကျေနပ်။

"အကုန်လုံးလှူခဲ့ရသလားတော်၊ ကျုပ်တို့အတွက် တစ်ဝက်လောက် ချန်ခဲ့ရောပေါ့"

ဟုဆိုသည်။

"ငါ့ သဒ္ဓါစိတ်က တားမရဘူး၊ အကုန်လှူချင်နေတာ"

မယုံသူတွေက မယုံကြသော်လည်း၊ သူကြီးမင်း တာတီးကတော့ ယုံသည်။ သူက တစ်ခြားရွာက ဒီလိုကြုံခဲ့ဖူးသော လူတွေအကြောင်းလည်း ကြားဖူးနားဝရှိနေသည်။ ထို့ကြောင့် ဦးခင်အား မေးသည်။

"ဦးခင် အဲဒီရွာမှာ ရတနာတွေ ရှိနေတယ်ဆိုတာ တကယ်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မျက်စိနဲ့ မြင်ယုံတင်မကဘူး၊ ယူတောင်လာခဲ့ပါတယ် ဆိုမှပဲ"

"ရွာကလူတွေက မတားဘူးလား"

"မတားဘူး၊ ရွာကလူတွေက အဲဒါတွေကို မက်မောတဲ့စိတ် မရှိဘူးတဲ့"

"ဒါဆို ကျွန်တော့်ကို အဲဒီရွာလိုက်ပြဗျာ၊ ရတနာတွေ သွား ယူရအောင်၊ ခင်ဗျားကိုလည်း ဝေစုတစ်စုပေးမယ်"

"မကောင်းပါဘူးကွာ၊ သူတို့က ငါ့ကျေးဇူးရှင်တွေ"

"ဒီရတနာတွေကို သူတို့မှ မသုံးတာပဲဗျာ၊ အလကားဖြစ် နေတာ၊ ကျွန်တော်တို့ယူလာရင် ခင်ဗျားရော ကျွန်တော်တို့ရော ချမ်းသာမယ်"

"ဟုတ်သားပဲ ကိုခင်ရယ် လိုက်ပြလိုက်ပါ၊ ကျွန်မတို့ ဒီ လောက်ဆင်းရဲနေတာ"

မိန်းမကလည်း တိုက်တွန်းသဖြင့် ဦးခင်တွေဝေနေသည်။

"ခင်ဗျားကို သူတို့ရွာ လိုက်မပြရဘူးလို့ ဂတိတောင်းထား လို့လား"

"သူတို့က ဘာဂတိမှ မတောင်းပါဘူး"

"ဒါဆို သွားကြမယ်ဗျာ၊ ရတနာတွေ သယ်ရအောင် ကျုပ် လူနှစ်ယောက်ခေါ်ခဲ့မယ်"





"သူတို့ကို အန္တရာယ်မပြုပါဘူးလို့တော့ ဂတိပေးပါကွာ"

"ပေးတယ်ဗျာ"

သို့ဖြင့် နောက်တစ်နေ့တွင် ဦးခင်သည် တာတီးနှင့်သူတပည့် နှစ်ယောက်ကိုခေါ်ကာ တောထဲသို့ ဝင်လာခဲ့သည်။ သူမှတ်မိသည့် ...မ်းအတိုင်း လာခဲ့၏။ တောင်ကုန်းပေါ်တ ကြည့်သောအခါ အဝေး ...ွင် ပေါက်နေသော ကညင်ပင်ကြီးနှစ်ပင်ကို မြင်ရသည်။

"ဟောဒါ မဟာမြိုင်ရဲ့ အဝင်ဂိတ်ဝပဲကွ"

တောင်ပေါ်က သူတို့ဆင်းလာခဲ့ကြသည်။ ကညင်ပင်ကြီး ...ရာ မှန်းလာသော်လည်း ကညင်ပင်ကြီးနှစ်ပင်ဆီ မရောက်။ တောထဲ ...ွင် ကညင်ပင်နှင့်တူတာကို ရှာမတွေ့ပဲ တဝဲလည်လည်သာ ဖြစ်၍ ...နေသည်။

"တို့ လမ်းပျောက်နေပြီ"

သူတို့တောင်ကုန်းပေါ် တက်ကြည့်ပြန်၏။ ဒီတော့ ကညင် ...င်ကြီးနှစ်ပင်ကို မြင်ရပြန်သည်။

"ပထမကြည့်တုန်းက ကညင်ပင်ကြီးတွေက အရှေ့ဘက် ...ာလို့ထင်တယ်၊ အခုတော့ အနောက်ဘက် ရောက်နေပါလား"

"ဘာပဲဖြစ်ဖြစ်ဗျာ၊ အခုတွေ့နေရပြီပဲ၊ အဲဒီအနောက်ဘက် ...ဦးတည်သွားမယ်"

တောင်ပေါ်က ဆင်းခဲ့ကြသည်။ သို့သော် အတန်ကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင်သွားသော်လည်း ကညင်ပင်ကြီးတွေဆီ မရောက်။

"တကယ်ဆို ဒီအကွာအဝေးဟာ နာရီဝက်ဆို ရောက်ရမယ်၊ အခုတို့သွားနေတာ နှစ်နာရီကျော်ပြီ မရောက်ဘူး၊ တောင်ပေါ်တက်ကြည့်ဦးမယ်"

သို့ဖြင့် အနီးရှိတောင်ပေါ်တက်ကြည့်ရာ ကညင်ပင်ကြီးနှစ်ပင်ကို တွေ့ရပါ၏။ သို့သော် အနောက်ဘက်တွင် မဟုတ်ပဲ မြောက်ဘက်တွင် ဖြစ်နေပြန်သည်။ ဦးခင်က ထိတ်လန့်နေ၏။

"ဒီရွာက ထူးဆန်းတယ်၊ သူတို့မလိုလားပဲ ဘယ်လိုလူမျိုးကမှ လာလို့မရတဲ့ရွာဖြစ်မယ်၊ တို့ ဇွတ်သွားမယ်ဆို ဒုက္ခရောက်လိမ့်မယ် ဒီတော့ ပြန်ကြရအောင်ကွာ"

ဦးခင်က ပြောသော်လည်း မရ။

"ကျွန်တော်တို့ မျက်စိလည်နေလို့ပါဗျာ၊ ဒီရွာကို တွေ့ကို တွေ့ရမယ်"

တာတီးက ဇွတ်ပင်။ သူတို့ တောင်အောက်ကိုဆင်းကာ မြောက်ဘက်သို့ ဦးတည်လာခဲ့ကြသည်။ ထိုစဉ်မှာပင် တရှိုးရှိုးမြည်သံကြားရ၏။ တာတီးက . . .

"ဒါ ဘာသံကြီးလဲ"

ပါလာသူတစ်ယောက်က . . .

"ဒါ မြွေတွန်သံပဲ"





"အရှုးရယ်၊ မြွေတွန်သံက ဒီလောက်ကျယ်မလားဟ"

ဟုတာတီးပြောနေဆဲ ထိုအသံက ဦးခင်တို့နှင့် နီးသထက်နီးလာရာ ဦးခင်သည် လန့်ဖြန့်နေမိ၏။ မကြာခင်မှာပင် ထိုကျယ်လောင်သောအသံဖြင့် လိုက်ဖက်အောင် ကြီးမားသည့် မြွေကြီးတစ်ကောင် သူတို့အနားကို ရောက်လာသည်။ အင်မတန် အဆိပ်ပြင်းသည့် တောကြီးမြွေဟောက်ဖြစ်ကာ၊ သူပါးပျဉ်းထောင်လိုက်သည့်အခါ လူ့အရပ်ကိုပင် မိုးနေသည်။ ပါးပျဉ်းအခွက်ကား၊ စကောငယ်လေး အရွယ်ရှိ၏။ ဒေါသတကြီး နှာတရှူးရှူးမှုတ်နေ၏။

သူတို့အားလုံးသည် တိုင်ပင်ထားသကဲ့သို့ပင် ထိုနေရာမှ ဒိုင်တူထွက်ပြေးခဲ့ကြသည်။ မြွေကြီးသည် အတော်ကြာအောင် သူတို့နောက်က လိုက်၍လာသည်။ ဦးခင်မှာ အသက်မရှူနိုင်အောင် ဖြစ်နေ၏။ ရွာပြန်ရောက်တော့ တာတီးကို အပြစ်တင်သည်။

"မင်းကြောင့် ကျေးဇူးရှင်တွေကို ငါပြစ်မှားမိတာ၊ ကံကောင်းထိုပေါ့ကွာ၊ ဒါဟာ တို့ကိုတမင် မြွေနဲ့ခြောက်လှန့်လွှတ်လိုက်တာ ဖြစ်မယ်"

ဦးခင်စကား မှန်မမှန် မသိရသော်လည်း တာတီးတို့ကိုယ်တိုင်ပင် ထိုမဟာမြိုင်ရွာကို နောက်ထပ်မရှာဖွေရဲတော့ပေ။ ထို့ကြောင့် ထိုရွာအကြောင်းကား ပုံပြင်ကဲ့သို့ဖြစ်၍နေသည်။

တစ်ခါတရံ ထိုအနီးဒေသတဝိုက်ရှိ ရွာဘုရားပွဲများသို့



www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းများရောက်လာတတ်ရာ၊ ထိုမဟာမြိုင်မှလာသူများဟု ထင်ကြရသည်။ ထိုသူများသည် စကားနည်းကာ ယဉ်ကျေးသိမ်မွေ့ကြသည်။ လိုချင်သောပစ္စည်းကို ဈေးသည်ပြောတိုင်း ဈေးမဆစ်ပဲ ဝယ်တတ်ကြ၏။ ရွာဘုရားလည်းဖူးရင်း၊ လိုသောကုန်လည်းဝယ်ရင်း ရောက်လာကြဟန်တူ၏။ ရွာဘုရားပွဲတွင် အနယ်နယ်အရပ်ရပ်မှ (၁၂) ပွဲဈေးသည်များ လာရောက်ရောင်းချတတ်ရာ လူသုံးကုန်ပစ္စည်းများ အစုံအလင်ရနိုင်သောကြောင့် ဖြစ်လေသည်။

တစ်နေ့သ၌ နံနက်ခင်းတစ်ခုတွင် အဘွားသုန်တို့ရွာထဲသို့ အသက်ခြောက်ဆယ်အရွယ်ခန့်ရှိ လူစိမ်းတစ်ဦး ဝင်ရောက်လာသည်။ ထိုသူကား ယောဂီဝတ်စုံကို ဝတ်ဆင်ထားကာ၊ လွယ်အိတ်တစ်လုံးကို လွယ်ထား၏။ မျက်နှာထားက တည်ကြည်လှ၏။ မျက်နှာတွင် မုတ်ဆိတ်ကျင်စွယ်တို့လည်း ရှိ၏။ တောင်ဝှေးတစ်ချောင်းလည်း ပါ၏။

သူသည် ရွာထိပ်က ထန်းတောထဲက ဖြတ်အလာ၊ ထန်းပင်အောက်တွင် ထန်းရည်သောက်နေသော လူငယ်ဝိုင်းတစ်ဝိုင်းသို့သွားကာ ထိုင်သောက်နေသောအထဲမှ လူငယ်တစ်ဦးအား သူ့တောင်ဝှေးဖြင့်ထိုး၍ . . .

"ဟေ့ကောင် တာတေ၊ ငါ့ကို မင်းအိမ်လိုက်ပို့စမ်း"

ဟုအမိန့်ပေးသလို ပြော၏။





တာတေသည် ငေါက်ခနဲ ထ,လိုက်သွားသဖြင့် ကျန်လူတွေက အံ့အားသင့်နေကြသည်။ တာတေကား ရွာတွင် လူမိုက်ဖြစ်သည်။ မူးယစ်ရမ်းကားတတ်ကာ၊ ဘယ်သူမှ လူမထင်သဖြင့်၊ သူ့ကို သူကြီးကပင် ရှို့နေ၏။ အခုတော့ စကားလေးတစ်ခွန်း ကြားရရုံနှင့် ဘာကြောင့်ဒီလောက် လိမ်လိမ်မာမာ ပါသွားရသနည်း။

တာတေသည် သူ့အိမ်သို့ ထိုယောဂီပုဂ္ဂိုလ်အား တန်းတန်းမတ်မတ် ခေါ်ဆောင်သွား၏။ သူ့အမေ ဒေါ်ထားခင်မှာ အိပ်ယာထဲတွင် လဲ၍နေသည်။

"မအေလုပ်တဲ့သူက အိပ်ယာထဲလဲနေတာတောင် မင်းက ထန်းရည်သွားသောက်နေရသလား၊ တော်တော်မိုက်လုံးကြီးတဲ့ကောင်ပဲ"

BURMESE CLASSIC

ဟုကြိမ်းမောင်း၏။

"ခင်ဗျားက ဘယ်သူလဲ"

တာတေက မေးမှ . . .

"ငါ မင်းအဖေ မိုးသီးပဲ"

ဟုဆိုလေသည်။ ထို့နောက် သူ့လွယ်အိတ်ထဲမှ ဆေးကိုထုတ်ကာ၊ တာတေအား ရေဖြင့်ဖျော်၍ ဒေါ်ထားခင်ကို တိုက်စေ၏။

ရွာထဲတွင် လွန်ခဲ့သော အနှစ် ၃၀ ခန့်က ပျောက်ဆုံးသွားသည့် မိုးသီးပြန်ရောက်နေသည်ဟု သတင်းကြားသဖြင့်၊ ရွာထဲက



www.burmeseclassic.com

www.burmeseclassic.com



အသီပဟောင်း၊ အကျွမ်းဟောင်းတွေ စုဝေးရောက်ရှိလာ၏။

ယခင်က မုဆိုးမိုးသီးနှင့် လုံးဝမတူ။ အကွာခြားကြီး ကွာခြားနေသဖြင့် ရုတ်တရက် မမှတ်မိကြပဲရှိ၏။ စကားပြောပြီးမှသာ မိုးသီးမှန်းသိကြ၏။ ထို့ကြောင့် ဘာကြောင့်ဒီလောက်ကြာအောင် ပျောက်ဆုံးနေရသနည်း ဝိုင်းဝန်းမေးမြန်းကြ၏။

ဖြစ်ပုံက ဤသို့ဖြစ်၏။ တစ်ရက်တွင် ကျားသံစ်ဖြူကို တောထဲတွင်တွေ့၍ သဲသဲမဲမဲလိုက်သွားသော မိုးသီးသည် တောကျွံသထက်ကျွံကာ မျက်စိလည်နေ၏။ ကျားသစ်ဖြူကိုကား မတွေ့ရတော့။ သူက တောထဲတွင် လမ်းမှား၍ ရောက်ချင်ရာရောက်နေ၏။ မောမောနှင့် သူသည် ပါလာသော ထမင်းထုပ်ကိုဖြည်ကာ စားတော့မည်ပြုစဉ်၊ တောထဲတွင် ထင်းရှာ၍ပြန်လာသော အဘိုးကြီးတစ်ဦးကို တွေ့ရ၏။ အဘိုးကြီးကလည်း သစ်ပင်ရင်းတွင် ထိုင်ကာနား၏။

"ဘကြီး ဘယ်ကလဲ"

"ကျုပ်က မဟာမြိုင်ကပါ"

ဒီရွာနာမည်ကို သူမကြားဖူး။ ခပ်လှမ်းလှမ်းက ဖြစ်ပုံရ၏။

"ဘကြီး ထမင်းရော စားပြီးပြီလား"

"ဘယ်စားရဦးမလဲကွယ်"

ဟုပြောသဖြင့် သူက သူ့ထမင်းထုပ်ကို ထိုးပေးလိုက်၏။ သူက လူငယ်။ လူကြီးက ထမင်းစားချိန်မစားရလျှင် ပို၍ဆာလောင်





မှတ်သိပ်ပေလိမ့်မည်။

"ဟင်းတော့ မကောင်းဘူး၊ ပဲပြုတ်နဲ့ မျှစ်ကြော်"

အဘိုးကြီး ထမင်းထုပ်ကိုဖြည်ကာ မြိန်ရေယှက်ရေ စားတာကြည့်ရင်း မိုးသီးပီတိဖြစ်နေ၏။ စားပြီးသောအခါ အဘိုးကြီးက သာဓုခေါ်၍ နှုတ်ဆက်ထွက်သွားလေတော့သည်။

သူက ကျားသစ်ဖြူနောက် ဆက်လိုက်လိုစိတ်မရှိတော့။ အစိက,ကတော့ ရွာကိုမမှောင်ခင် ရောက်အောင်ပြန်ဖို့ပင်။ ဒီတော့ ဒီတောထဲတွင် သူမုဆိုးအဖြစ် ကျက်စားလာခဲ့သည်မှာ ကြာပြီ။ မုဆိုးက တောထဲမှာ မျက်စိလည်တယ်ဆိုတာကတော့ လူကြားလို့မကောင်း။ ဒီကြားထဲ တောထဲမှာ လေတွေတိုက်ခတ်လာသည်။

ပတ်ဝန်းကျင်မှာ မိုးသားတို့ကြောင့် မှောင်မည်း၍နေ၏။ ထိုအခိုက် မိုးက သည်းသည်းမည်းမည်း ရွာချလိုက်သည်။ သူ့တစ်ကိုယ်လုံး စိုရွှဲကာ မမြင်မစမ်း လျှောက်သွားနေစဉ် တောင်စောင်းတစ်ခုက ခြေချော်ကျ၏။

နာလိုက်တာ။ သူ့ခြေထောက်ရိုး ကျိုးသွားပြီထင်သည်။ ထလည်း မထနိုင်။ မိုးရေထဲတွင် ငြီးငြူရင်းလဲနေ၏။ ဒီအတိုင်းဆိုသူရွာကို ပြန်နိုင်စရာလမ်းမရှိ။ ကယ်သူကင်းဝေးသည့် တောကြီးထဲ ယ် လူမသိ၊ သူမသိ ကွယ်လွန်ရတော့မည် ထင်၏။

ရုတ်တရက် မိုးတိတ်သွားသည်။ ကျားဟိန်းသံတွေကြားရ



www.burmeseclassic.com

www.burmeseclassic.com



ကာ၊ သူ့ဆီကို လျှောက်လာနေသော ကျားသစ်ဖြူကို တွေ့လိုက်ရသည်။ မိုးသီးလန့်ဖြန့်သွား၏။ သိမ့်ကျကတည်းက သေနတ်က ဘယ်လွင့်သွားသလဲမသိ။ သေနတ်တခြား လူတခြား ဖြစ်၍နေသည်။

ဒီအတိုင်းဆို ကျားက သူ့ကိုအရှင်လတ်လတ် ဝါးစားတာခံရတော့မည်။ သူက ထိတ်လန့်နေစဉ်မှာပင် ကျားနောက်က ပိတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးတစ်ယောက်ပေါ်လာ၏။

“မင်း သိပ်ကြောက်နေလား၊ ဒီကျားက မင်းကို ဘာအန္တရာယ်မှပေးမှာ မဟုတ်ပါဘူး၊ ငါကလည်း မင်းကိုကူညီဖို့ လာတာပါ၊ မင်းချမ်းလည်း ချမ်းနေတယ်၊ ခြေထောက်ကလည်း နာနေတယ် မဟုတ်လား၊ ရော့ ဒီဆေးလုံးလေးဝါးစားလိုက်”

သူက ပေးလိုက်သော ဆေးလုံးကလေးကို ဝါးစားလိုက်ရာမကြာမီမှာပင် တစ်ကိုယ်လုံးနွေးထွေးကာ အားအင်ပြည့်ဝသလို ခံစားလာရ၏။ နောက်တော့ သူ သတိလစ်၍သွားသည်။

သူသတိပြန်ရသောအခါ သူသည် မဟာမြိုင်ရွာ ရောက်နေသည်ကို တွေ့ရလေသည်။ သူတောထဲတွင်ဆုံ၍ ထမင်းထုပ်ကျွေးခဲ့သော အဘိုးအိုမှာ ထိုမဟာမြိုင်ရွာထဲက ဖြစ်နေလေသည်။ မိုးသီးကို ဒဏ်ရာတွေ ပျောက်ကင်းကျန်းမာအောင် ထိုရွာက ပြုစုစောင့်ရှောက်ခဲ့သည်။ မိုးသီး၏ စိတ်ကူးတွေ အကြံအစည်တွေ လုံးလုံးပြောင်းလဲသွား၏။ သူ့ကို ထိုရွာတွင် နေခွင့်ပေးရန် လူကြီးငါးဦးထံ





တောင်းပန်သည်။

“မင်း ဒီက စည်းမျဉ်းတွေအတိုင်း တသွေမတိမ်း နေထိုင်နိုင်ပါ့မလား”

“နေနိုင်ပါတယ်”

“အေးလေ တစ်နှစ်အစမ်းနေကြည့်၊ တစ်နှစ်နေကြည့်လို့ မနေနိုင်ဘူး ပြန်ချင်တယ်ဆိုရင် တို့ခွင့်ပြုတယ်”

ဒီလိုနှင့် မိုးသီးသည် နေထိုင်လာခဲ့သည်မှာ အနှစ် (၃၀) ရှိ၍ သွားလေသည်။ သူသည် ထိုရွာမှ အဖွဲ့လူကြီးငါးဦးတွင် တစ်ဦးအပါအဝင် ဖြစ်နေလေသည်။

မိုးသီးပြန်ပြောပြသော ဇာတ်ကြောင်းကို ရွာကလူတွေက တအံ့တဩ နားထောင်ကြသည်။ မိုးသီး၏ကုသမှုကြောင့် နှစ်ရက်သုံးရက်အတွင်းမှာပင် ဒေါ်ထားခင်သည် ကောင်းစွာကျန်းမာလာသည်။ သားဖြစ်သူကို ဆုံးမကာ ဦးမိုးသီး တောထဲပြန်ဝင်သွားလေသည်။

ထိုအချိန်မှစ၍ တာတေသည် လိမ္မာရေးခြားရှိသွားကာ၊ မိဘကို ကောင်းစွာလုပ်ကျွေးသူ ဖြစ်သွားသည်ဟုဆိုသည်။ ဒေါ်ထားခင်ကွယ်လွန်သောအခါ တာတေလည်း ရွာက ပျောက်၍သွားသည်။ သူ့အဖေက လာခေါ်သွားသည်ဟု ရွာကလူတွေက ပြောကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားသုန်ပြောပြသော အဖြစ်အပျက် ဆန်းကျယ်လှလေရာ၊ ယုံတမ်းပုံပြင်တစ်ပုဒ်လေလားဟု ထင်မှတ်မှားဖွယ်ရာပင် ဖြစ်လေတော့သည်။

* * * *



* မြင်ကွင်းကား အသည်းပျက်ဖွယ် ခြောက်ခြားဖွယ်ဖြစ်သည်။ ငရဲသားဟု ယူဆရသူတွေက မြို့သူမြို့သားများကို နည်းအမျိုးမျိုးဖြင့် ညှင်းပန်းနှိပ်စက်နေကြရာ . . . အော်ဟစ်ငြီးတွားသံတွေက စဉ်ဆက်မပြတ်ထွက်ပေါ်နေပြီး . . .

## (၃) ဘုံကူးဥမင်

www.burmeseclassic.com

www.burmeseclassic.com

## ဘုံကျွး‌ဥမင်

လောကသည် ဆန်းကျယ်လှ၏။ တခါတရံ၌ လောကတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သည်ဆိုသော အဖြစ်တို့သည် စိတ်ကူးကောင်းပေ့ဆိုသော စာရေးဆရာတို့ လုပ်ကြံဖန်တီးရေးသားထားသည့် ဝတ္ထုဇာတ်လမ်းတို့ထက်ပင် ဆန်းကျယ်နေတတ်ပြန်ရာ၊ ယခုဖေါ်ပြမည့် အဖြစ်အပျက်ကိုလည်း၊ ထိုအဖြစ်အပျက်များထဲမှ တစ်ခုဟုမှတ်ယူကောင်း မှတ်ယူနိုင်လေသည်။

မြန်မာပြည်အနောက်ပိုင်း မြင့်မားသော တောင်ကြီးပေါ်၌ တည်ရှိသည့် ရွာကလေးတစ်ရွာကို နံ့သာရွာဟု ခေါ်ကြသည်။ ရွာ



www.burmeseclassic.com

www.burmeseclassic.com



ဘောဘ်းတွင် ကွေ့ဝိုက်စီးဆင်းနေသော ကြည်လင်အေးမြလှသည့် ချောင်းကလေး၏အမည် နံ့သာချောင်းကို အစွဲပြုကာ၊ ဤရွာကလေးကိုလည်း နံ့သာရွာဟု ခေါ်ကြခြင်းဖြစ်သည်။ ပါးစပ်စကားရာဇဝင်အရ ဆိုရပါမူ၊ ရှေးယခင်နှစ်ပေါင်းများစွာက၊ ဤချောင်းကလေးတွင် စီးဆင်းနေသည့်ရေများမှာ နံ့သာ (ရေမွှေး) ကဲ့သို့ မွှေးပျံ့သဖြင့် ဤချောင်းကို နံ့သာချောင်းဟု ခေါ်ဆိုကြသည်ဟု ဆိုလေသည်။ ထိုချောင်းရေကို ဒေသခံအကြီးအကဲများက မြန်မာဘုရင်များထံ ဆက်သခဲ့ကြသည်။ ထိုစကားကို ယုံတမ်းပုံပြင်ဟု ယခုခေတ်လူငယ်တွေက လက်ခံကြသည်။ သူတို့က ဤချောင်းရေသည် ယခင်က မွှေးသည်ဆိုလျှင် ယခုလည်း မွှေးရမည်။ ယခု ဘာကြောင့်မမွှေးသနည်းဟု စောဒကတက်ကာ မေးခွန်းများမေးကြသည်။ ကျေနပ်အောင် မည်သူမှ မဖြေရှင်းနိုင်ကြ။

ယုတ္တိဗေဒကိုယုံ၍ စဉ်းစားဉာဏ် အသင့်အတင့်ရှိသူတို့ကမူ ယခင်က ဤဒေသလေးသည် တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ ရေရှား၏။ ထို့ကြောင့် ရေရရှိအောင် ဤရွာမှ ကိုနံ့သာဆိုသူက ဦးဆောင်ကာ ဤချောင်းကလေးကို ဖေါက်ခဲ့ကြ၏။ ထို့နောက် ဤချောင်းကလေးကို ကိုနံ့သာကိုဂုဏ်ပြု၍ နံ့သာချောင်းဟု မှည့်ခေါ်ရာမှ နံ့သာရွာဟု ဖြစ်ခဲ့သည်ဟုဆို၏။ ယခုအခါ ထိုအမည်ဖြင့် ပတ်သက်၍ မည်သူမှ အငြင်းပွားမနေကြတော့။





မည်သို့ဆိုစေ နံ့သာရွာကလေးကား တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ ဆိတ်ငြိမ်အေးချမ်းလှသော အရပ်ကလေးဖြစ်၏။ ထိုရွာနေ ရွာသူရွာသားများသည်လည်း အများအားဖြင့် ရိုးသားဖြူစင်ကာ စိတ်နှလုံးကောင်းမွန်ကြ၏။ ဘာသာတရားအဆုံးအမဖြင့် တင်းတိမ်ရောင့်ရဲလွယ်ကြသဖြင့်၊ ရွာတွင် ဒုစရိုက်မှုဟူ၍ မရှိသလောက်နည်းပါးကြ၏။ ရွာနေလူများစုမှာ တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြ၏။ တချို့က တောတောင်ကိုအမှီပြုကာ ဝမ်းစာရှာကြ၏။ သစ်ဥသစ်ဖု ဆေးမြစ်ပျားရည်စသဖြင့် တောထွက်ပစ္စည်းများကို ရောင်းဝယ်ကြသည်။ အမဲလိုက်စားသူဟူ၍ မရှိသလောက်နည်းပါး၏။

တစ်ခုသာရှိသည်။ ဤရွာကလေးမှာ အတန်ငယ်မြင့်မားသော တောင်ပေါ်တွင်ရှိသဖြင့်၊ လူသူအရောက်အပေါက်နည်း၏။ အခြား လူနေသောဒေသများနှင့်လည်း အလှမ်းကွာဝေးသဖြင့် အဆက်အဆံနည်းပါး၏။ ထို့ကြောင့် ထိုရွာရှိလူများကို ဗဟုသုတအကြားအမြင် နည်းပါးကာ၊ ခေတ်နောက်ကျသူများဟု ယူဆလိုက ယူဆနိုင်လေသည်။

ထိုရွာတွင် နေထိုင်ကြသူ အများစုမှာ မြန်မာများသာဖြစ်၍ အခြား တောင်ပေါ်တိုင်းရင်းသားတချို့လည်း ရောနှောနေထိုင်ကြသည်။ သို့သော် အားလုံးပင် စည်းစည်းရုံးရုံး ချစ်ချစ်ခင်ခင်ရှိကြကာ၊



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီး၏ စကားကိုလည်း ရိုရိုသေသေ နားထောင်ကြသောဓလေ့ရှိ၏။ ဆိုခဲ့ပြီးသလိုပင် ထိုရွာကလေးမှာ အေးချမ်းဆိတ်ငြိမ်လွန်းလှရာ၊ စိတ်ဝင်စားစရာ၊ စိတ်တက်ကြွစရာ ဟူ၍မရှိသဖြင့် သာမန်လူများသာဆိုပါက၊ ပျင်းရိငြီးငွေ့ကာ တစ်လပြည့်အောင် နေထိုင်ရန်ပင် ခဲယဉ်းလှပေမည်။ သို့သော် ဤရွာမှာမွေး၍ ဤရွာမှာကြီးပြင်းလာရသူများအဖို့မူ ယင်းကိစ္စမှာ အမှုထားစရာ မဟုတ်မူ၍ သူ့ရပ်သူ့ဓလေ့နှင့် ပျော်မွေ့နေကြသည်သာ ဖြစ်လေသည်။

ထိုရွာ၏ အပြင်ဘက်တွင် တောရှိ၏။ တောင်ရှိ၏။ တောင်သည် ကျောက်ဆောင်ထူထပ်ကာ၊ သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် သဘာဝကျောက်ခေါင်းလိုဏ်ဂူများလည်း ပေါများ၏။ တောင်သည် တောင်ပေါ်ဒေသတွင် ပေါက်ရောက်တတ်သည့် သဘာဝပေါက်ပင်များဖြင့် ထူထပ်ကာ၊ သားကောင်ငယ်များ ပေါများသော်လည်း၊ ဆင်ကျားစသော သားကောင်ကြီးများကား မရှိသလောက် ရှားပါး၏။ ထို့ကြောင့် ထိုအရပ်ဒေသတွင် ဆင်ကိုက်၍ ကျားကိုက်၍ သေဆုံးသူဟူ၍ မကြားဖူးသလောက်ပင်ရှိ၏။ တောထဲတွင်ရှိသည့် သမင်၊ ယုန်၊ မျောက်၊ ဒေါင်း စသည့် သားကောင်ငယ်ကလေးများကား ထိုရွာမှလူများ၏ ဟင်းလျာသာ ဖြစ်ကြကုန်သည်။ ထိုတောတွင် ခူးဆွတ်စားသုံးနိုင်သော သီးပင်စားပင်များလည်း ပေါက်ရောက်နေလေရာ နံ့သာချောင်းရွာသူရွာသားများအတွက် စားနပ်ရိက္ခာဖြည့်





ပင်းပေးနေသည့် ဘဏ္ဍာတိုက်ကြီးပင် ဖြစ်နေလေတော့သည်။

သို့ဖြင့် အေးအေးလူလူနေလာသော နံ့သာချောင်းရွာကလေးသည် တစ်ရက်တွင် လှုပ်လှုပ်ရှားရှားဖြစ်စရာ ကိစ္စတစ်ရပ် ပေါ်ပေါက်လာလေသည်။

နေသာသော ရက်တစ်ရက်တွင် နံ့သာချောင်းရွာကလေးသို့ ခါးကိုင်းကာ၊ ဆံပင်တွေသာမက နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေပါ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် ဝင်ရောက်လာလေသည်။ သူ့မျက်နှာညိုညိုတွင် အရေးအကြောင်းများစွာ ထူထပ်တွန့်ယိပ်နေလေရာ၊ သူ့အသက်ဘယ်၍ဘယ်မျှရှိပြီဟု ခန့်မှန်းရခက်လောက်အောင်ပင် ဖြစ်လေသည်။ သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အစားများကလည်း ရှေးကလူကြီးများ ဝတ်ဆင်တတ်သည့် သင်တိုင်းဆန်ဆန် ချည်ဖြင့်ယက်လုပ်ထားသည့် အကျီရှည်ဖြစ်လေရာ၊ အမြင်ဆန်း၍နေလေသည်။

ဤရွာကလေးမှာ ဝေးလံသီခေါင်လှသဖြင့် လူသူအရောက်အပေါက်နည်း၏။ လူစိမ်းသူစိမ်းရောက်လာခဲ၏။ ရောက်လာပြန်လျှင်လည်း ရွာခံများက ချက်ချင်းသိ၏။ ယခုရောက်လာသော အဖိုးအိုက ပုံပန်းသဏ္ဌာန် ဆန်းပြား၍နေလေရာ၊ ရွာရှိလူများသည် အဖိုးအိုအား မျက်ခြေမပြတ် မသိမသာ အကဲခတ်နေကြလေသည်။ အပြန်အလှန်ပင် အဘိုးအိုကလည်း ရွာရှိအိမ်များကို အံ့ဩသည့်မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် အကဲခတ်၍နေသည်။

ရွာအရှေ့မြောက်ဖျားအစွန်တွင် စေတီပျက်တစ်ဆူရှိ၏။ ဘယ်ခေတ်ဘယ်အခါက ဘယ်သူတည်ထားခဲ့မှန်း မသိကြတော့။ ပြုပြင်သူကင်းမဲ့သဖြင့် ပျက်ပြိုကျကာ ခြုံနွယ်များ ဖုံးလွှမ်းနေသည့် အုတ်ပုံဟောင်းဘဝ ရောက်ရှိနေလေပြီ။ ထိုစေတီနှင့် ကပ်လျက်တွင် ခြံဝန်းတစ်ခုရှိ၍ ရွာတွင် အတန်အသင့်ကြွယ်ဝသည့် မြေပိုင်ရှင် ဦးကျော်သာဆိုသူမိသားစု နေထိုင်လျက်ရှိ၏။ အိမ်ကား ရေနံရည်ဝနေသည့် ကျွန်းသားပျဉ်ထောင်နှစ်ထပ်အိမ်ဖြစ်၏။

အဘိုးအိုသည် ထိုခြံဝန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွားကာ ,အိမ်ရှင်ဦးကျော်သာအားတွေ့၍ 'ဤခြံနှင့်အိမ်သည် သူပိုင်ဖြစ်ကြောင်း' ပြောရာမှ ပြဿနာဖြစ်တော့သည်။ ဤအဘိုးအိုကို ရူးသွပ်နေသည်ဟုပင် စွပ်စွဲရလေမလား။ သည်လိုနှင့် ဤကိစ္စသည် ရွာသူကြီး ဦးခမ်းလုံထံ ရောက်ရှိသွားလေတော့သည်။ ဦးခမ်းလုံကား အသက် ၅၀ ခန့်ရှိကာ ရိုးသား၍ တည်ကြည်ဖြောင့်မတ်သူတစ်ဦးဖြစ်၏။ သူက အဘိုးအိုကို နေရာထိုင်ခင်း ကောင်းမွန်စွာပေးကာ လေးလေးစားစားပင် ဆက်ဆံပြောဆိုလေသည်။

"အဘိုး . . . ဒီခြံမြေကို ဦးကျော်သာဟာ သူ့အဘိုးလက်ထက်ကတည်းက ပိုင်ဆိုင်လာခဲ့တာ၊ ရွာကလူတွေ သိပါတယ်။ အဘိုးဟာ အခုမှလာပြီး အဘိုးပိုင်တဲ့ခြံလို့ပြောတော့ ထူးဆန်းနေတယ်





ဒီခြံကို အဘိုးပိုင်တယ်ဆိုတာ သက်သေပြစရာများ ရှိပါသလား"

"ဘာသက်သေပြစရာလိုလဲ။ အရင်ကတော့ တစ်ရွာလုံး သိကြတာပဲ။ အခုတော့ ရွာက ပုံစံတော်တော်ပြောင်းနေတယ်။ မျက်နှာတွေကလည်း မျက်နှာသစ်တွေ။ ကျုပ်သိကျွမ်းတဲ့သူတွေလဲ တစ်ယောက်မှမရှိတော့ဘူး"

"တစ်ခု မေးပါရစေ။ အဘိုးနာမည် ဘယ်လိုခေါ်ပါသလဲ"

"မောင်မောင်ကြီးတဲ့ . . . "

"အဘိုးရဲ့ အသက်ကရော ဘယ်လောက်ရှိပြီလဲ"

အဘိုးအိုက အတန်ငယ် စဉ်းစားပြီးနောက် . . .

"ကျုပ်အသက် ဟုတ်လား။ အသက်ကိုတော့ ကျုပ်လည်း မမှတ်မိဘူး"

ဦးခမ်းလုံကား အတန်ငယ် စိတ်ရှုပ်သွားသူဖြစ်သည်။ ပြုံးကာ

"ဒါဖြင့် ဒီရွာမှာ အဘိုးဘယ်တုန်းက နေခဲ့တာလဲ"

"ကျုပ်အရွယ်ကောင်းတုန်းက အင်္ဂလိပ်မင်းများ မြန်မာပြည်ကို သိမ်းပြီးစပေါ့"

"အခု မြန်မာပြည် လွတ်လပ်ရေးရခဲ့တာပဲ၊ အနှစ်ငါးဆယ် ကျော်ပြီ အဘိုး"

အဖြစ်မှာ စိတ်ပျက်စရာဖြစ်သည်။ အဖေါ်မပါ တစ်ကိုယ်တည်း လာပြောနေသော အဘိုးအိုကို လိမ်လည်ရန် ကြိုးစားနေသူ



www.burmeseclassic.com

www.burmeseclassic.com



ဟု စွပ်စွဲရန်ခက်လှ၏။ အဘိုးအိုရဲ့ ပုံသဏ္ဌာန်က ရူးသွပ်ဟန်မရှိသော်လည်း၊ သူ့စကားတွေက ယုံကြည်ရန် ခဲယဉ်းလှ၏။ ဦးခမ်းလုံက

"ဒီအိမ်ကို အဘိုးအိမ်လို့ ဘာကြောင့်ပြောရတာလဲ"

"အိမ်ကတော့ ကျုပ်နေတုန်းကနဲ့မတူဘူး။ ပြင်ဆောက်ထားတာပဲ။ ဒါပေမယ့် ဒီမြေကွက်က ကျုပ်တို့မြေကွက်ဆိုတာ သေချာတယ်။ အတုလရန်အောင်စေတီနဲ့ ကပ်လျက်ပဲ"

"အတုလရန်အောင်စေတီဆိုတာ ဘယ်ဟာကိုပြောတာလဲ အဘိုး"

"အခု ခြံနဲ့ကပ်လျက် ခေါင်းရင်းက အုတ်ပုံလေ"

"အဲဒါကို ကျွန်တော်တို့လည်း စေတီပျက်မှန်း သိရတယ်။ ဘွဲ့တော်ကိုသာ မသိတာ။ ဒီဘုရားကို အဘသိသလား"

ဦးခမ်းလုံက စိတ်ဝင်စားစွာ မေးလိုက်သည်။

"သိတာပေါ့ကွ။ ဒီဘုရားကိုတည်တာက ဒီရွာရဲ့ရွာစားဖြစ်တဲ့ ငါ့အဘိုး ဦးကျော်ခေါင်ပဲ။ ငါ့အဘိုးက ဗမာဘုရင်လက်ထက်က မင်းတုန်းမင်းရဲ့ ကွမ်းတော်ဆက်။ ဒီဘုရားရဲ့ ဘွဲ့အမည်က အတုလရန်အောင်တဲ့။ ဒီတုန်းက မြန်မာပြည်မှာ အင်္ဂလိပ်တွေ ပြင်သစ်တွေရဲ့ ရန်ကများလို့ . . . အတိတ်နမိတ်ဆောင်ပြီး ဒီနာမည်ပေးထားတာ"

ပြောရမည်ဆိုပါက ရွာတွင် ဤစေတီပျက်၏ သမိုင်းကြောင်း





ကို ဂယနကာ သိသူဟူ၍မရှိ။ အဘိုးအိုက . . .

"ငါတို့ငယ်ငယ်က ဒီရွာက ဘုရားပွဲဆိုတာ သိပ်စည်ကားတာ။ ရွာနီးချုပ်စပ်က အကုန်လာကြတယ်။ လေဘာတီမမြရင်တို့သောင် လာ,ကဖူးတယ်။ ကျုပ်မိဘတွေက ရွာမျက်နှာဖုံးသူဌေးတွေ ဦးရာကျော်နဲ့ ဒေါ်စောမြနွယ်တဲ့။ အမေကဆို ရှမ်းစော်ဘွားတစ်ဦးရဲ့ ဘမလို့တောင် ပြောကြတယ်"

"အဘိုးပြောတာတွေက သိပ်ရှေးကျပြီး ကျွန်တော်တို့ မသိမမှီလိုက်တဲ့ ကိစ္စတွေဖြစ်နေတယ်။ အဘိုးဟာ နှစ်တွေ ဒီလောက်ကြာအောင် ဘယ်ပျောက်နေပြီး အခုမှ ဒီကိုရောက်လာရတာလဲ"

အဘိုးအိုက သက်ပြင်းရှည်ကြီးချသည်။ အတိတ်ကို ပြန်ငေးသလို အဝေးကိုလည်း မျှော်ကြည့်၏။

"အင်း ဒီအကြောင်းတွေ ပြောရမယ်ဆိုရင်တော့ တော်တော်ရှည်လျားမယ်ကွ။ ပြောမှလည်း ဖြစ်တော့မယ် ထင်တယ်"

"ပြောစေချင်ပါတယ် အဘိုး။ ကျွန်တော်က ရွာလူကြီးပါ။ အမှန်အတိုင်း တရားသဖြင့် ဖြစ်စေဖို့ ကတိပေးပါတယ်။ ဘကြီးဟာ ကျွန်တော်တို့ရွာကို ဒုက္ခမပေးမယ့်သူမှန်း သိပါတယ်။ ဒီမှာလည်း အေးအေးလူလူ တည်းနိုင်ပါတယ်။ အဘိုးအကြောင်းကိုလည်း အေးအေးလူလူ ပြောနိုင်ပါတယ်"

ထို့နောက် ဦးခမ်းလုံသည် အဘိုးအိုအား ထမင်းပြင်ကျွေး



www.burmeseclassic.com

www.burmeseclassic.com



၏။ အဘိုးအိုမှာ ဆာလောင်နေဟန်တူသော်လည်း၊ အသက်ကြီးလှ ပြီဖြစ်သဖြင့် ကောင်းစွာမစားသောက်နိုင်။

ပြီးလျှင် ရေနွေးကြမ်းသောက်ကာ အမောဖြေရင်း သူ့ဘဝ နောက်ကြောင်းကို ပြန်လည်ပြောပြခဲ့လေရာ၊ ယုံစရာကောင်းသည် မကောင်းသည်ကို အပထား၊ စိတ်ဝင်စားစရာ ကောင်းလှပေရာ အောက်တွင် အကျဉ်းချုံးရေးသား ဖေါ်ပြလိုက်ရပေသတည်း။

* * * *



တောင်ပေါ်ရွာကလေးတစ်ရွာဖြစ်သော နှံ့သာရွာကလေးကား၊ လှပကာ အေးချမ်းဆိတ်ငြိမ်သော တောင်ပေါ်ရွာကလေး ဖြစ်ခဲ့သည်။ ရွာနေလူတို့သည် တောင်ယာလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကာ၊ ရိုးသားသူများ ဖြစ်ကြ၏။ ရွာ၏အရှေ့မြောက်ဖျားတွင် ဥ တောင်ခန့်မြင့်သော စေတီတစ်ဆူရှိကာ၊ စေတီ၏ဘွဲ့တော်ကား 'အတုလရန်အောင်' ဖြစ်၏။ ထိုစေတီကို တည်ထားခဲ့သူကား၊ ကွယ်လွန်ပြီးသည့် နှံ့သာရွာ,ရွာစား ဦးကျော်ခေါင်ဖြစ်သည်။

ဦးကျော်ခေါင်သည် မင်းတုန်းဘုရင်ထံတွင် ကွမ်းတော်ဆက်အဖြစ် အမှုထမ်းခဲ့ကာ၊ မင်းတုန်းမင်းကွယ်လွန်အပြီး ရတနာပုံ၌ဖြစ်ပေါ်လာသည့် နန်းတွင်းရေးအရှုတ်အထွေးများတွင် မပါဝင်



www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်လိုသဖြင့် ရွာသို့ပြန်လာကာ ဇာတ်မြှုတ်နေထိုင်ခဲ့သည်။ ယခုဇာတ်စတင်သည့် ကာလကား၊ ဦးကျော်ခေါင်လည်း ကွယ်လွန်ပြီးကာ၊ မြန်မာတစ်ပြည်လုံး အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့သောကာလ ဖြစ်၏။

လက်ရှိအခြေအနေ၌ ထိုအတုလရန်အောင်စေတီနှင့် ကပ်လျက်ခြံကြီးထဲတွင် နေထိုင်နေသူများမှာ ကွယ်လွန်သူရွာစား ဦးကျော်ခေါင်၏သား ဦးရာဇာနှင့် ဒေါ်စောမြနွယ်တို့ဖြစ်၏။ သူတို့ကား ကြွယ်ဝသော မြေပိုင်ရှင် ရွာမျက်နှာဖုံး သူဌေးများဖြစ်၏။ ရွာတွင်ရှိသည့် အလှူအတန်း မှန်သမျှ လက်မနှေးပဲ ကူညီသူများဖြစ်သဖြင့် ရွာတွင် လူချစ်လူခင်များသူများဖြစ်၏။ နှစ်ဦးလုံးမှာလည်း ဘာသာတရားကိုင်းရှိုင်း၍ စိတ်ထားနှလုံးထား ကောင်းမွန်သူများဖြစ်၏။

သူတို့တွင် မောင်မောင်ကြီးဆိုသော သားတစ်ယောက်ရှိကာ၊ ယခုအခါ အရွယ်ရောက်နေပြီး ကျန်းမာကြံ့ခိုင်ကာ ယောက်ျားပီသသူဖြစ်၏။ ကျေးရွာလူငယ်တို့သဘာဝ ကြံ့ခိုင်တောင့်တင်း၍ အသတ်အပုတ်တွင်လည်း အတော်အတန် ကျွမ်းကျင်လေရာ၊ တစ်ရွာလုံးရှိ ကာလသားများက ခေါင်းဆောင်တင်ထားရသူ ဖြစ်၏။ သို့သော် မောင်မောင်ကြီးကား ကိုယ့်ခွန်အားကို အသုံးပြု၍သော်လည်းကောင်း၊ မိဘဖြစ်သူတို့၏ ဂုဏ်အရှိန်အဝါကို အသုံးပြု၍





သော်လည်းကောင်း၊ တခြားသူများကို မောက်မာစော်ကားလေ့ရှိသူ မဟုတ်ပဲ၊ တရားမျှတစွာ ဆက်ဆံတတ်သူဖြစ်၍ ပေါင်းသင်းဆက်ဆံရေးတော်သူဟု ဆိုရပေတော့မည်။

တစ်ရွာလုံးနှင့် သင့်တင့်အောင် ပေါင်းသင်းတတ်သူဖြစ်သော်လည်း၊ ကာလသားတို့ ထုံးစံအတိုင်း သူအထူးခင်မင်ပေါင်းသင်းသော သူငယ်ချင်းတစ်ဦးရှိ၏။ ရွာအနောက်ပိုင်းတွင် နေထိုင်သော ချစ်ညိုဆိုသူဖြစ်၏။ ချစ်ညိုနှင့်သူသည် ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြသဖြင့်၊ ရွာတွင်အများကပင် စံနမူနာထားကြရ၏။ ဤမျှသာ ခွဲမရအောင် ပေါင်းသင်းနေကြသော်လည်း သူတို့နှစ်ဦး၏ဘဝကတော့ မိုးနဲ့မြေပမာ ကွာခြားလှ၏။

ချစ်ညိုကား ဆင်းရဲ၏။ မုဆိုးမသားဖြစ်ကာ၊ မြေပိုင်ယာပိုင် မရှိသဖြင့် သူများတောင်ယာများတွင် အခစားလုပ်ကိုင်ရ၏။ တောင်ယာအားလပ်ချိန်တွင် အပိုဝင်ငွေရအောင် ထင်းခွဲ ရေခပ်စသော ကျပန်းအလုပ်ကလေးများကို လုပ်ကိုင်ရသေး၏။ သို့သော် ချစ်ညိုကား ဆင်းသာဆင်းရဲသော်လည်း၊ အသားအရည်က ဖြူဖွေးကာ ချပ်ရည်ချောမောသူဖြစ်၏။ သူ၏ကွယ်လွန်သွားသောဖခင်မှာ ရှမ်းတစ်ဦးဖြစ်သဖြင့် ယခုကဲ့သို့ အသားအရည်မျိုး ရှိနေခြင်းဖြစ်သည်။ သို့ပြင် ရိုးသားဖြောင့်မတ်သူလည်း ဖြစ်၏။

အင်မတန်ချစ်ကြသော သူငယ်ချင်းနှစ်ဦးကြားတွင် အဖု



www.burmeseclassic.com

www.burmeseclassic.com



အထစ်ဟု ဆိုနိုင်သည့်ကိစ္စလေးတစ်ခု ရှိလာ၏။ သူတို့ရွာမှ သူကြီးထံတွင် မကြေးမုံဆိုသော သမီးတစ်ဦးရှိလေရာ၊ ချောမောလှပသဖြင့် ရွာနီးချုပ်စပ်အထိပင် နာမည်ကြီး၏။ ထို့ကြောင့် မကြေးမုံ၏အချစ်ကို လိုချင်သည့် ကာလသားများ ပေါများလှပေသည်။ သို့သော် မြေပိုင်ရှင်သူကြီးသမီးမို့ တော်ရုံကာလသားများကား တိတ်တခိုး ကြိတ်ပိုး၍သာ နေကြရကုန်သည်။

ထိုကဲ့သို့ မကြေးမုံအား ပိုးပန်းကြသူများထဲတွင် မောင်မောင်ကြီးနှင့် ချစ်ညိုတို့လည်း ပါဝင်ကြလေသည်။ သူတို့နှစ်ဦးလုံးကပင် မကြေးမုံ၏အချစ်ကို သူတို့နှစ်ယောက်အနက်က ဘယ်သူပဲရရ၊ ကျန်တစ်ယောက်အပေါ် မနာလိုမဖြစ်ရ၊ မမုန်းတီးရ၊ အညှိုးမထားရ ဆိုသောကတိကို ကြိုတင်ထားခဲ့ကြသည်။ သူတို့နှစ်ယောက် ယှဉ်ပြိုင်ကြလျှင် သူသာအနိုင်ရလိမ့်မည်ဟု မောင်မောင်ကြီးက ယုံကြည်နေ၏။ သူက ငွေကြေးဂုဏ် အစစသာသည် မဟုတ်လား။ ဘေးမှ အကဲခတ်သူအများစုကလည်း၊ မကြေးမုံ၏အချစ်ကို မောင်မောင်ကြီးက ဆွတ်ခူးနိုင်လိမ့်မည်ဟု ယူဆထားကြ၏။ သို့သော် . . . တကယ်တမ်းတွင်မူ မကြေးမုံ၏အချစ်ကို ချစ်ညိုကသာ ရရှိသွားလေသည်။ မကြေးမုံသည် ဆင်းရဲနွမ်းပါးသည့် ချစ်ညိုကို သနားဂရုဏာစိတ်ဖြင့် အမှတ်ပိုပေးလိုက်ခြင်း ဖြစ်ကောင်းဖြစ်နိုင်လေသည်။

မောင်မောင်ကြီးသည် မကြေးမုံကို စွန့်လွှတ်လိုက်ရသဖြင့်





ကြေကွဲမိသည်မှန်သော်လည်း၊ နဂိုက ထားခဲ့သော ကတိအတိုင်းပင် သူငယ်ချင်းဖြစ်သူ ချစ်ညိုအပေါ် မလိုမုန်းထားစိတ် မမွေးပဲနေ၏။ ယခင်အတိုင်း အခင်အမင်မပျက်ရုံမက၊ လိုအပ်သော အကူအညီကိုပါ ပေးခဲ့လေသည်။ သို့သော် မကြေးမုံ၏ မိဘများကမူ ဆင်းရဲသားမုဆိုးမသားဖြစ်သူ ချစ်ညိုအား သူတို့သမီးနှင့် လုံးဝသဘောမတူနိုင်ဖြစ်နေကြ၏။

မောင်မောင်ကြီးက ချစ်ညိုအား . . .

"စိတ်မပျက်ပါနဲ့ ချစ်ညိုရာ၊ သူ့မိဘတွေ သဘောမတူလဲ မကြေးမုံက မင်းဘက်ကပါနေတာပဲ။ ရအောင်ယူပါ"

ဟု အားပေးစကားပြောသည်။

"မင်းတို့ယူရင် ငါက ယာတစ်ကွက်လက်ဖွဲ့မယ်။ အိုကွာ တစ်ကွက်နဲ့မရရင် နှစ်ကွက်ကွာ။ မင်းက ယာကောင်းကောင်းလုပ်တတ်တာပဲ။ တစ်ဝမ်းတစ်ခါး ပူစရာမရှိပါဘူး။ ပြီးတော့ ဘာအခက်အခဲရှိရှိ၊ ငါရှိတယ်။ ပူမနေနဲ့"

သို့သော် ချစ်ညိုက လက်မခံ . . .

"ဒီစကားတွေ ကြားရတဲ့အတွက် ဝမ်းသာပါတယ် မောင်မောင်ကြီးရာ။ ဒါပေမယ့် မင်းပေးမယ့် အကူအညီတွေ ငါလက်မခံနိုင်ပါဘူး"

"ဒီအကူအညီတွေကို ငါတကယ် စိတ်ရင်းအမှန်နဲ့ ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

"ငါသိပါတယ် မောင်မောင်ကြီး"

"ဒါဆို မင်း ဘာလို့ငြင်းနေရတာလဲ။ ငါနဲ့ မင်းနဲ့က ညီအစ်ကိုတွေလိုခင်ကြတာ မဟုတ်လား"

"မင်းစေတနာကို ငါနားလည်တယ်။ ဒါပေမယ့် မင်းဆီက ငါအကူအညီယူခဲ့တာတွေ များပြီကွာ။ ဒီကိစ္စကတော့ အရင်က ကိစ္စတွေနဲ့မတူဘူး"

"ဘာတွေ မတူရတာလဲကွ"

မောင်မောင်ကြီးက နားမလည်နိုင်သလို မေးလိုက်သည်။

"ဒီလိုကွာ မကြေးမုံရဲ့မိဘတွေက ငါ့ကိုအစွမ်းအစမရှိတဲ့ ယောက်ျားဆိုပြီး အထင်သေးနေကြတာ။ ဒီအချိန်မှာ မင်းအကူအညီကို ငါယူလိုက်ရင် လုံးဝသုံးမရတဲ့ကောင် ဖြစ်သွားမှာပေါ့။ အဆိုးဆုံးက မကြေးမုံကိုယ်တိုင်က အထင်မသေးစေချင်တာပဲ။ ငါကြိုးစားပြရင် မကြေးမုံရဲ့ မိဘတွေကလည်း သဘောတူလာကြလိမ့်မယ်လို့ ထင်တယ်"

"မင်းက ဘယ်လိုကြိုးစားပြမှာလဲ"

"ငါ . . . နဂါးဂူထဲ ဝင်မယ်"

ထိုစကားကြားရသောအခါ မောင်မောင်ကြီးသည် အထိတ်တလန့်ဖြစ်၍သွားကာ "မင်းရူးနေသလား" ဟု ရေရွတ်လိုက်မိ၏။





သူတို့ရွာအနောက်ဘက်တွင် ကျောက်ဆောင်ထူထပ်ကာ တောင်တန်းကြီးရှိရာ သဘာဝအလျောက် ဖြစ်ပေါ်နေသော သဘာဝလိုဏ်ဂူများစွာရှိနေ၏။ တချို့က ခပ်တိမ်တိမ်ပင်ဖြစ်သော်လည်း၊ တချို့ကား နက်ရှိုင်းလှရာ မှောင်မည်းနေသော ဂူအတွင်းပိုင်းနောက်ဆုံးအထိ ရောက်အောင်မသွားနိုင်သော ဂူတွေရှိ၏။

ထိုအထဲတွင် တောင်ထိပ်၌ရှိသော နဂါးဂူသည်ကား အင်မတန်နာမည်ကြီး၏။ ဂူကြီးကား မည်မျှနက်သည်ဟု ပြောရန်ခက်၏။ အဘယ်ကြောင့်ဆိုသော် ထိုဂူအဆုံးသို့ရောက်အောင် မည်သူမှ မသွားနိုင်ဖူးသောကြောင့် ဖြစ်လေသည်။ ရဲရင့်သော လူတချို့သည် မီးတုတ်များကိုကိုင်ကာ ဂူထဲသို့ ဝင်သွားခဲ့ရာ၊ နေ့တစ်ဝက်ကျော်၍ မီးတုတ်များ မီးငြိမ်းသွားသည့်တိုင်အောင် အဆုံးသို့ မရောက်သေးသဖြင့် လက်လျှော့ကာ ပြန်လာခဲ့ရဖူးလေသည်။

ဤဂူမှာ နှစ်ပေါင်းများစွာက နဂါးတစ်ကောင်နေခဲ့သည်ဟုသည်းကောင်း၊ ဂူအတွင်း အဆုံးတစ်နေရာတွင် နှိုက်ယူ၍မကုန်ခန်းသော ရတနာတွင်းရှိသည်ဟုလည်းကောင်း၊ သတင်းစကားများ ပြန့်ပွားနေခဲ့ဖူးသည်။ တချို့သော လောဘကြီးသူတို့သည် ထိုရတနာများကို ရလိုစိတ်ဖြင့် ဂူထဲသို့ ဝင်သွားကြဖူးလေရာ၊ အပြင်သို့ တစ်ဦးမှ ပြန်လည်ရောက်မလာကြသဖြင့် တချို့က 'ပြန်လမ်းမဲ့ဂူ' ဟု သမုတ်ခေါ်ဝေါ်ကြလေသည်။ ထိုဂူထဲသို့ ချစ်ညိုက ဝင်မည်ဆိုသောအခါ



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကြီးက . . .

"ချစ်ညို မင်း ရူးနေပြီလား"

ဟုမေးလိုက်မိ၏။ ချစ်ညိုက . . .

"ပြောချင်တာပြောကွာ။ ဒါဟာ ငါ့ဘဝရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ။ ဒီဂူအတွင်းပိုင်းမှာ အဘိုးတန်ရတနာတွေရှိတယ်လို့ ကြားဖူးတာပဲ။ အဲဒါတွေကို ငါဝင်ယူမယ်။ ငါဒီလို ရတနာတွေရလာရင် မကြေးမုံမိဘတွေက ကန့်ကွက်တော့မှာ မဟုတ်ဘူး"

တစွတ်ထိုးဖြစ်နေသည့် ချစ်ညိုကို မောင်မောင်ကြီးက ဖြောင်းဖျ၏။

"ဒါတွေဟာ လူတွေ စိတ်ထဲရှိတာပြောနေတဲ့ ပါးစပ်ပုံပြင်တွေပါကွာ။ အဟုတ်မှတ်မနေပါနဲ့။ ဒီဂူထဲမှာ ရတနာတွေရှိတယ်လို့ ဘယ်မှာသက်သေရှိလို့လဲ"

"ဒါကတော့ စွန့်စားစမ်းသတ်ကြည့်ရမှာပေါ့ကွာ။ ရတနာတွေ မတွေ့ရင်လဲ ငါ့အတွက် အရှုံးမရှိပါဘူး။ ရတဲ့အခွင့်အရေးကို ငါတော့ လက်လွှတ်မခံချင်ဘူး။ ငါတစ်ယောက်ထဲအတွက်ဆို ငါ စိတ်မကူးပါဘူး။ အခုဟာက မကြေးမုံအတွက်"

"ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် မင်းအသက်ကိုတော့ မရင်းသင့်ဘူး။ ဒီဂူထဲဝင်သွားတဲ့ သူမှန်သမျှ ဘယ်သူမှ ပြန်ထွက်မလာဘူး ဆိုတဲ့ စကားတွေလည်း မင်းကြားဖူးသားပဲ"





"ဒါကလည်း စကားအဖြစ်ပဲရှိတာ။ တို့ တစ်သက်မှာတော့ ဒီဂူထဲကို လူဝင်သွားတာ တစ်ခါမှ မကြုံဖူးသေးဘူး။ မောင်မောင်ကြီး စကားပုံရှိတယ် မဟုတ်လား။ ကြောက်ရင်လွဲ ရဲ,မင်းဖြစ်တဲ့"

ချစ်ညိုကား မည်သို့မှ တားမြစ်ရမည့်ပုံမပေါ်။ ထို့ကြောင့် မောင်မောင်ကြီးက . . .

"ကောင်းပြီလေ၊ မင်းဒီလောက် သွားချင်နေတယ်ဆိုရင်လဲ အတူတူသွားကြတာပေါ့။ မင်းနဲ့အတူ ငါလည်း လိုက်မယ်"

"ဟာ . . . မင်းလိုက်လို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ချစ်ညို။ မင်းနဲ့ငါက သေအတူ ရှင်မကွာ သူငယ်ချင်းတွေ မဟုတ်လား"

မောင်မောင်ကြီးက ပြောလိုက်သည်။

ချစ်ညိုက တည်ငြိမ်စွာဖြင့် . . .

"မင်းကို ငါနဲ့မလိုက်ခဲ့စေချင်ဘူးဆိုတာ၊ မင်းကို အထူး တာဝန်တစ်ခု လွှဲပေးချင်လို့"

"ဘာများလဲ ပြော။ မင်းအတွက်ဆို ငါအကုန်လုပ်ပေးမယ်"

"ဒီလိုလေ ငါဂူထဲဝင်သွားလို့ မပြောကောင်း မဆိုကောင်း တစ်ခုခုဖြစ်သွားရင်၊ ကျန်ရစ်ခဲ့တဲ့ မကြေးမုံကို မင်းက တစ်ဘဝလုံး တာဝန်ယူစေချင်တယ်"

မောင်မောင်ကြီးက သက်ပြင်းချလိုက်ရာ၊ ချစ်ညိုက . . .



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ မင်း ဒီကတိမပေးနိုင်ဘူးလား”

နောက်ဆုံး မောင်မောင်ကြီးက . . .

“ပေးပါတယ် သူငယ်ချင်းရာ”

ဟုဆိုလိုက်ရာ ချစ်ညိုက ဝမ်းသာအားရ ပုခုံးဖက်၍ . . .

“ဒါမှ . . . ငါ့သူငယ်ချင်း ငါဒီနေ့ပဲ ဒီဂူထဲဝင်မယ်။ မင်းကို ငါတစ်ခုပြောထားရဦးမယ်။ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောနဲ့ဟုတ်လား။ ငါက မင်းကို အခင်ဆုံးသူငယ်ချင်းမို့ ဖွင့်ပြောခဲ့တာ။ နှုတ်လုံပါစေ”

မောင်မောင်ကြီးက ခေါင်းသာညိတ်ပြလိုက်ရသည်။ ဘယ်လိုမှ တားဆီးမရသဖြင့်သာ ခွင့်ပြုလိုက်ရသော်လည်း မောင်မောင်ကြီး စိတ်တွေက လေးလံ၍နေသည်။ ချစ်ညိုတစ်ယောက်တည်း လွှတ်လိုက်ရတာ လုံးဝစိတ်မချ။ ဤကဲ့သို့ မတားမြစ်ခဲ့မိသည့်အတွက် မကြာခင်မှာပင် မောင်မောင်ကြီးအဖို့ နောင်တရစရာအကြောင်းများ ဖန်တီး၍လာပါလေတော့သည်။

ရွာတွင် ချစ်ညိုပျောက်ဆုံးနေတာ တစ်ပတ်ခန့်ရှိခဲ့လေပြီ။ အများကပင် ရည်းစားလုဘက်ဖြစ်သော ချစ်ညိုကို မောင်မောင်ကြီး တိတ်တဆိတ်သတ်ဖြတ်ကာ အလောင်းကို ဖျောက်ဖျက်ထားသည်ဟု ယူဆလာကြ၏။ တခြားသူတွေယူဆတာ အရေးမကြီးသော်လည်း မကြေးမုံကိုယ်တိုင်က ထိုကဲ့သို့ ထင်မြင်လာသည်ဆိုသောအခါ





မောင်မောင်ကြီး ရင်နာ၍လာသည်။ သူ့ကိုယုံကြည်တာ ချစ်ညို့ အမေတစ်ဦးသာ ရှိတော့၏။

“မင်းတို့ချင်း ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်။ မင်း ဒီလိုမလုပ်ဖူးဆိုတာလည်း ငါယုံကြည်တယ်”

ဟုချစ်ညို့အမေက ဆို၏။ သို့သော် . . . ချစ်ညိုပျောက်ဆုံး မှုအတွက် ရဲဘက်ကပင် မောင်မောင်ကြီးအား ခေါ်ယူစစ်ဆေးလာ သောအခါ၊ မနေသာတော့ပဲ မောင်မောင်ကြီးသည် ချစ်ညိုဂူထဲဝင် သွားသည့်အကြောင်း ထုတ်ဖော်ပြောလိုက်ရ၏။ ထိုစကားကြောင့် တစ်ရွာလုံး အလန့်တကြားဖြစ်၍သွားသည်။ သို့သော် . . . မကြာမီ ...လမ်းမဲ့ဂူထဲသို့ ဝင်သွားတာ မဖြစ်နိုင်။ ချစ်ညိုက ဒီလောက်မိုက်မဲ ...သည်မဟုတ်။ မောင်မောင်ကြီးက သူ့အပြစ်တွေကို ဖုံးကွယ်နိုင်ရန် ...လို့ဌာ လီဆယ်ထွက်ဆိုခြင်းဖြစ်မည်ဟု ယူဆကြပြန်သည်။ မောင်မောင်ကြီးအတွက် ဘယ်ဘက်ကမှ အနှောင့်အသွားမလွတ်။ ...သော် ရဲဘက်ကမူ ချစ်ညိုကို မောင်မောင်ကြီးသတ်သည်ဆိုသော ...မာသည့် သက်သေခံအချက်အလက်များကို ရှာမတွေ့သဖြင့် ...လွှတ်လိုက်ကြသည်။

နောက်ဆုံးတွင်တော့ မောင်မောင်ကြီးက ဤကိစ္စကို သူ ...ယ်တိုင်ပင် နဖူးတွေ့ ဒူးတွေ့ ဖြေရှင်းရန် ဆုံးဖြတ်လိုက်သည်။ ...ယုပ်ရမည့်အလုပ်ကား တစ်ခုတည်းသာရှိသည်။ ချစ်ညိုဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည့် ပြန်လမ်းမဲ့ဂူဟုဆိုကြသော နဂါးဂူကြီးထဲသို့ သူကိုယ်တိုင် ဝင်လိုက်သွားရန်သာ ဖြစ်တော့သည်။ ဤဂူထဲသို့ဝင်သွားလျှင် သူ အန္တရာယ်အမျိုးမျိုးနှင့် ဆုံနိုင်သည်။ နဂါးနှင့်တွေ့ချင်တွေ့မည်။ နဂါး မကလို့ ဘီလူးနဲ့ပဲတွေ့တွေ့၊ ဤဂူထဲသို့ဝင်ရန်ကိစ္စမှာ သူ့အတွက် ရှောင်လွှဲမရနိုင်တော့။ တခြားလူများကဲ့သို့ သူသည် ဤဂူထဲက ပြန်ထွက်မလာနိုင်ခဲ့လျှင်ကော။ ကိစ္စမရှိ။ တနည်းအားဖြင့် ကိစ္စ အေးသည်။ သူ့ကို အပြစ်တင်စွပ်စွဲသံတွေကို သူမကြားရတော့။ သူ့ကိုကြည့်ကြသော သံသယမျက်လုံးတွေကို မမြင်ရတော့။

ချစ်ညိုကရော၊ ဤကဲ့သို့ သူဆုံးဖြတ်သည်ကို ကျေနပ်နိုင် ပါမည်လော။ သူ့ကိုပေးခဲ့သော ကတိကိုတော့ မတည်နိုင်တော့။ သူက မကြေးမုံကို သူ့ကိုယ်စား စောင့်ရှောက်ဖို့ မှာကြားခဲ့သည်။ မကြေးမုံက သူ့ကိုလူသတ်သမားဟု ယူဆနေလေရာ ဤစကားကို သူ့နှုတ်က မည်သို့ပြောထွက်နိုင်ပါတော့မည်နည်း။ မကြေးမုံ၏ သံသယကို ဖြေဖျောက်နိုင်ဖို့အတွက် သူ့အနေဖြင့် အသက်ပေးရ သည့်တိုင်အောင် ဝန်မလေးတော့။ အကယ်၍ ကံကောင်းထောက်မ စွာ ဤဂူထဲမှ သူပြန်ထွက်လာမည်ဆိုလျှင် . . .

ချစ်ညိုကို ဂူထဲမှ ပြန်ခေါ်မလာနိုင်သည့်တိုင်အောင် ဂူထဲ တွင် ချစ်ညိုတစ်ယောက် မည်ကဲ့သို့သော အဖြစ်ဆိုးများနှင့် ကြုံခဲ့ ရသည်ကိုတော့ ရှင်းပြကောင်း ရှင်းပြနိုင်ပေလိမ့်မည်။ သူ ဂူထဲဝင်





ည်ဆိုသည်ကို ဘယ်သူ့ကိုမှ ဖွင့်မပြော။ သူ့မိဘတွေကိုလည်း ပြော။ မိဘတွေသိလျှင် မည်သည့်နည်းနှင့်မှ သူ့ကိုဝင်ခွင့်ပြုလိမ့် ည်မဟုတ်။ ထို့ကြောင့် နောက်တစ်နေ့မနက်တွင် မောင်မောင်ကြီး သည် ရွာမှ တိတ်တဆိတ်ထွက်လာကာ၊ ထိုဂူကြီးထဲ ဝင်ရောက်ခဲ့ လေသည်။

သူ့တွင် ဓါးမြှောင်တစ်လက်၊ ပေါက်ပေါက်ဆုပ်လို ရိက္ခာ ခြောက်၊ ရေဗူးနှစ်ဗူးနှင့် မီးတုတ်ငါးခု ပါလာခဲ့သည်။ ဂူဝင်စမှာ တော်ပင်ကျယ်ဝန်းကာ အလင်းရောင်ရနေသော်လည်း၊ အထဲ ရောက်သည်နှင့် ဂူက ကျဉ်းသထက်ကျဉ်းကာ အလင်းရောင်လည်း တစ်စထက်တစ်စ အားနည်းသွား၏။ ထို့ကြောင့် မီးတုတ်ကို စတင် ထွန်းညှိလိုက်ရ၏။

မီးရောင်ကို အားကိုးကာ ရှေ့သို့တိုးသထက်တိုးလာခဲ့၏။ ကြီးကား စိမ့်အေးကာ တိတ်ဆိတ်နေ၏။ မီးတုတ်တစ်ခု ငြိမ်းလုနီး လျှင် နောက်တစ်ခုကို မီးကူးကာ ထွန်းညှိ၏။ မီးတုတ်နှစ်ခုကုန်၍ တတိယမီးတုတ်ကို မီးညှိသောအခါ သူသည် ခေတ္တအမောဖြေရပ် နားကာ၊ အစာစားသောက်၏။ အနည်းငယ် အမောပြေသည်နှင့် ခရီးဆက်ထွက်ခဲ့၏။ တတိယမီးတုတ်က ကုန်ဆုံးသွားပြန်လေပြီ။ မောဖြင့် သောက်ရသဖြင့် ရေတဗူးလည်း ကုန်ပြီ။ သူ့ခြေထောက် တွေလည်း ညောင်းညာနေပြီ။ သူဂူထဲဝင်လာခဲ့သည်မှာ တစ်နေ့တာ



www.burmeseclassic.com

www.burmeseclassic.com



ခရီးခန့် ရှိပေရော့မည်။ ဂူအဆုံးသို့ မရောက်သေး။ ထွက်ပေါက်ကို မမြင်ရသေး။

ဤဂူကြီးထဲတွင် ကောင်းကင်ကို မမြင်ရသဖြင့် နေ့လား ညလား မခွဲခြားနိုင်။ သူကတော့ ဆက်သာလျှောက်လာခဲ့သည်။ ဂူထဲကို ဝင်လာကတည်းက နောက်ကြောင်းကိုပြန်လှည့်ဖို့ သူ့စိတ်ကူး မရှိ။ နောက်ဆုံးတွင် သူ့လက်ထဲမှ ငါးခုမြောက်မီးတုတ် မီးငြိမ်းသေ၍သွားသည်။ သူ့ပတ်ဝန်းကျင်တွင် အမှောင်ထုသာ ကြီးစိုးပိတ်ဖုံးနေ၏။ သူလည်း ခြေလက်များကို မသယ်ချင်လောက်အောင် မော ဟိုက်ပင်ပန်းလေပြီ။ မောင်မောင်ကြီးက ဂူနံရံကိုမှီကာ အပန်းဖြေ နေရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

သူဘယ်လောက်ကြာအောင် အိပ်ပျော်သွားလေသလဲ မသိ။ နိုးလာတော့ ခြေတွေလက်တွေ ညောင်းညာနေသည့်တိုင်အောင် လူက အားပြည့်လန်းဆန်းနေ၏။ ပတ်ဝန်းကျင်ကား သူအိပ်ပျော် သွားစဉ်ကကဲ့သို့ပင် ဘာမှမထူးခြား။ မှောင်မိုက်ခြင်း၊ စွတ်စိုခြင်းနှင့် တိတ်ဆိတ်ခြင်းတို့သာ ဖုံးလွှမ်းမင်းမူနေ၏။ သူရေဆာနေသဖြင့် ရေဗူးကို ထုတ်သောက်သည်။ ပေါက်ပေါက်ဆုပ် အနည်းငယ်စား သည်။ ပြီးတော့ ထိုင်ရာမှထ,ကာ ရှေ့ကိုခရီးဆက်ခဲ့၏။ သွားသာ သွားရသည် သူဘာမှမမြင်။ မျက်စေ့ကို ဖွင့်ထားသော်လည်း၊ ပိန်းပိတ် သော အမှောင်ထုကိုသာ မြင်နေရ၏။ ရှေ့တွင်လည်း အမှောင်





နောက်တွင်လည်း အမှောင်၊ ဘေးတွင်လည်း အမှောင်။

ထိုအမှောင်ထဲမှာပင် မောင်မောင်ကြီးသည် ဂူနံရံကို လက် နှင့်စမ်းသပ်ကာ ရှေ့တိုးလျှောက်လာခဲ့သည်။ ဂူက တဖြောင့်တည်း မဟုတ်။ ကောက်ကောက်ကွေ့ကွေ့ဖြစ်သဖြင့် တခါတရံ ဂူနံရံနှင့် တိုက်ကာ၊ သူလဲကျသည်။ လဲကျရာမှ ထ,လျှောက်ပြန်သည်။ သည် လိုနှင့် . . .

ဂူထဲတွင် မည်မျှကြာအောင် လျှောက်နေမိမှန်း မသိတော့။ ဆူတွင်ပါလာသော ရေလည်းကုန်ပြီ။ ရိက္ခာခြောက်လည်းကုန်ပြီ။ ဘာမှ မစားရ၊ မသောက်ရနှင့် သူမပြီးနိုင် မဆုံးနိုင် လမ်းလျှောက် နေရာမှ ဆာလောင်မောပန်းလွန်းလာလျှင် သူမတ်တတ်က လဲကျ သွားသည်။ လဲကျသွားရာမှာပင် အိပ်ပျော်၍သွားသည်၊ အိပ်ရာမှ နိုးလာလျှင် သူဆက်လျှောက်သည်။

ဤဂူကြီးကား ဘယ်တော့မှ ဆုံးနိုင်မှာမဟုတ်ဟု ထင်လာ ၏။ နောက်ဆုံး သူအားပြတ်ကာ တစ်နေရာတွင် လဲကျသွားမည်။ ပြီးတော့ အမှောင်ထုထဲမှာ အစာငတ်ရေငတ် သေဆုံးသွားပေမည်။ ဤဥမင်ကြီးကား၊ ငရဲကြီးရှစ်ထပ်သို့ သွားရာလမ်းပေလားမသိ။ တစ်ကြိမ်တွင်တော့ သူသည် မှောင်ထဲတွင်လျှောက်လာရင်း မြေပြင် ကို မနင်းမိပဲ လေကိုသာ နင်းမိလိုက်တာသိရပြီး အောက်သို့ပြုတ်ကျ ၍သွားသည်။ နှလုံးတွင် လှပ်ခနဲဖြစ်ပြီး အားနည်းနေခိုက်ဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်၍သွားလေသည်။

သူ ပြန်သတိရလာသောအခါ သူသည် စိမ်းလန်းသော မြက်ခင်းတစ်ခုပေါ်တွင် မှောက်လျက်လဲကျနေတာ တွေ့လိုက်ရ၏။ အမှောင်ထုထဲမှ လွတ်မြောက်ကာ၊ ပထမဆုံး စတင်မြင်ရသည့် အလင်းရောင်။

သူလဲနေရာမှ ထ,လိုက်၏။

ပတ်ဝန်းကျင်ကို ကောင်းစွာမြင်ရသော အလင်းရောင် သူရောက်နေသော နေရာက တောအုပ်ငယ်တစ်ခုနှင့် တူနေ၏။ ဤနေရာတွင် သစ်ပင်တွေရှိသည်။ ရေကန်ရှိသည်။ ပွင့်နေသော ပန်းပင်တွေရှိသည်။ ပတ်ဝန်းကျင်တဝိုက်တွင် ဖြူဖျော့သော အလင်းရောင်က ဝင်းပနေသည်။ ကောင်းကင်ကို မော့ကြည့်လိုက်၏။ နေ မရှိ၊ လ,မရှိ။ မြူတွေဖုံးနေသကဲ့သို့ ဖြူလျော်လျော်။

အမှောင်ထဲမှ လွတ်မြောက်လာရသည့်အတွက်၊ ဂူအဆုံးသို့ ရောက်ခဲ့ရသည့်အတွက်၊ ကောင်းကင်ကြီးသည် အားတက်ရှင်လန်း၍နေသည်။ တပြိုင်နက်တည်းပင် အံ့ဩစိတ်လည်း ဖြစ်ပေါ်နေ၏။ သူဘယ်ရောက်နေတာလဲ။ သူ့ကိုယ်သူ လက်သည်းဖြင့် ဆိတ်ကြည့်၏။ သူအိပ်မက်,မက်နေတာသော်လည်းကောင်း၊ သေဆုံးသွားတာ သော်လည်းကောင်း မဟုတ်။ သူသည် ရုပ်ရော၊ နာမ်ပါ အရှင်လတ် လတ် အကောင်းကြီး ရှိနေပါသေးသည်။





ဆာလောင်မွတ်သိပ်နေသဖြင့် အနီးရှိရေကန်သို့သွားကာ၊ ရေကို လက်ခုတ်ဖြင့် ခတ်သောက်လိုက်၏။ ရေက ကြည်လင်အေးမြနေသည်။ ရင်ထဲတွင် လန်းဆန်းသွား၏။ ရေသောက်ပြီးတော့ မျက်နှာ၊ သက်နှင့် ခြေထောက်များကို သူ . . ဆေးကြောသန့်စင်လိုက်သည်။ ထိုသို့ရှိရင်း ထူးခြားမှုတစ်ခု သူသတိထားမိ၏။ ကြည်လင်အေးမြသော ရေထဲတွင် ငါးကလေးတွေသော်လည်းကောင်း၊ တခြား သတ္တဝါကလေးတွေသော်လည်းကောင်း ရှိနေတာမတွေ့ရ။ ရေပိုးရေမွှား ကလေးတွေပင် မရှိ။ သစ်ပင်များဆီ မျှော်ကြည့်လိုက်သည်။ တခြား တောအုပ်တွေလို ငှက်ကလေးတွေ ပျံနေ၊ နားနေတာ မတွေ့ရ။ ပန်းခင်းကို ကြည့်လိုက်တော့လည်း ပျားငယ်တွေ လိပ်ပြာတွေ မမြင်ရ။

တောအလုံးမှာ သစ်ရွက်လေတိုးသံကလွဲ၍ ဘာသံမှ မကြားရပဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ တောအုပ်အတိုင်း့ သူလျှောက်လာတော့လည်း၊ ယုန်လို မျောက်လို သမင်လို တောတိရစ္ဆာန်ကလေးတွေ တစ်ကောင်မှ မတွေ့ရ။ ဤအရပ်ဒေသကား သက်ရှိကင်းမဲ့သော ဒေသများ ဖြစ်လေသလား။ သက်ရှိဟူ၍ သူတစ်ယောက်ကလွဲ၍ ရှိပုံမရ။ သူခြေဦးတည့်ရာ လျှောက်လာရင်း တောအုပ်ကို ထွက်သောအခါ . . .

မြို့ကြီးတစ်မြို့ကို ဘွားခနဲ တွေ့မြင်လိုက်ရသေးသည်။ မြို့ဟုဆိုသော်လည်း အဆောက်အဦးပုံစံတွေက ခပ်ဆန်းဆန်း။ လမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကလည်း ဖြူဖြောင့်ရှင်းသန့်နေ၏။ သို့သော် ယာဉ်အသွားအလာ ကို မတွေ့ရ။ ထိုအတူ လူသွားလူလာလည်း မရှိ။ သူက နီးစပ်ရာ အိမ်တစ်အိမ်ထဲ ဝင်သွားကြည့်သည်။ မေးမြန်းစုံစမ်းမည်ဟု စိတ်ကူး ထားသော်လည်း ထိုအိမ်တွင် လူတစ်ဦးတစ်ယောက်မှ မရှိ။ ထို့နောက် ဆက်လျှောက်လာသောအခါ မြို့လယ်ပန်းခြံသို့ ရောက်၍သွားသည်။

သူသည် ဆာလည်းဆာ မောလည်းမောသဖြင့် ပန်းခြံတွင် ဝင်ထိုင်ကာ နားနေမိသည်။ သူဘယ်လိုနေရာမျိုး ရောက်နေသနည်း ခေါင်းခြောက်အောင် စဉ်းစားပါသော်လည်း အဖြေကားပေါ်မလာ။ မြို့ကြီးတစ်မြို့လုံးရှိ လူများသည် အိမ်များကို ဤအတိုင်းပစ်ကာ ထွက်ပြေးသွားကြလေသလော။ ဘာအကြောင်းကြောင့်ပါလဲ။ သူ ထိုင်ကာ တွေးတောနေရင်းပင် ပတ်ဝန်းကျင်ရှိ အလင်းရောင်ထ တစထက်တစ မှိန်ဖျော့သွားတာ သတိထားလိုက်မိ၏။ အနည်းငယ် မှောင်ရီသမ်း၍လာသည်ဟု ဆိုရပေမည်။ ထိုအချိန်မှာပင် . . . ကျယ်လောင်သော ခေါင်းလောင်းထိုးသံကို ကြားလိုက်ရ၏။ ဘယ်က ထွက်ပေါ်လာသည့် ခေါင်းလောင်းထိုးသံမှန်း မသိရသော်လည်း အရပ်ဆယ်မျက်နှာ နေရာအနှံ့မှ ကြားနေရသကဲ့သို့ရှိသည်။

ထိုခေါင်းလောင်းသံ ပျောက်သွားသည်နှင့် မြို့၏လမ်းအသီး သီးမှ မြို့ထဲသို့ လမ်းလျှောက်ကာ ဝင်လာကြသော လူများကို တွေ့ရ လေသည်။ အားလုံးပင် အရွယ်ရောက်ပြီးသည့် အရွယ်ကောင်းများ







ဖြစ်၏။ သက်ကြီးရွယ်အိုများကို မတွေ့ရ။ ထို့အတူ . . . ကလေး သူငယ်များကိုလည်း မတွေ့ရ။ သူတို့ကိုကြည့်ရသည်မှာ ငူတူတူ ငိုင်တိုင်တိုင်ဖြစ်ကာ ချည်ထည်ဖြင့် ပြုလုပ်ထားသော တစ်ကိုယ်လုံး လုံခြုံသည့် သင်တိုင်းရှည်ကြီးများကို ဝတ်ဆင်ထားကြလေသည်။ ပုံသဏ္ဌာန်တူသော်လည်း အရောင်အသွေးတော့ ကွဲပြား၏။

သူကသာ ဂရုတစိုက် ကြည့်နေသော်လည်း၊ ထိုသူများက သူ့ကို လုံးဝဂရုမစိုက်။ ရှိနေသည်ဟုပင် ထင်မှတ်ကြဟန်မတူပဲ၊ ငုံ့စောင်း၍ပင် မကြည့်ပဲ၊ ကိုယ့်လမ်းကိုယ် သွားနေကြသည်။ သူတို့ ကို ကြည့်ရသည်မှာ၊ ကြိုးဆွဲခံရသဖြင့် လှုပ်ရှားနေသော ရုပ်သေးရုပ် တွေနှင့်လည်း တူနေ၏။

သူဘာလုပ်ရ ဘာကိုင်ရမှန်းမသိစဉ်၊ မိန်းမလှလေးတစ်ဦး ရောက်လာကာ သူ့ကိုနှုတ်ဆက်၏။

“မောင်ကြီးက ဒီကို အခုမှရောက်လာတဲ့ လူစိမ်းဧည့်သည် ထင်ပါတယ်။ ဒီမှာ အသိအကျွမ်းမရှိဘူးဆိုရင် တည်းခိုနေထိုင်ဖို့ တော်တော်ခက်ခဲပါတယ်။ ဒီတော့ နှမလေးနဲ့ လိုက်ခဲ့ပါလား။ နှမ နာမည်က မာလာလို့ခေါ်ပါတယ်”

သူ အထူးဝမ်းမြောက်သွားသည်။ ထိုမာလာဟုခေါ်သော မိန်းကလေးခေါ်ဆောင်ရာ လိုက်ပါ၍သွားသည်။ ထိုမိန်းကလေး၏ အိမ်မှာ ပန်းခြံနှင့်မဝေးလှ။ အတော်ပင်ကောင်းမွန်သော အိမ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ၊ အိမ်တွင် အခိုင်းအစေများလည်း ရှိ၏။ မိန်းကလေးက ညစာ ချက်ပြုတ်ခိုင်းကာ သူ့ကိုကျွေးသည်။ သူမကိုယ်တိုင်လည်း စားသောက်သည်။

ဟင်းလျာများမှာ အသားမပါပဲ အသီးအရွက်များကိုသာ စီမံချက်ပြုတ်ထားသော်လည်း ထူးထူးခြားခြား အရသာရှိလှတာ တွေ့ရ၏။ မိန်းကလေးက . . .

"ဒီနေရာမှာ အသားတော့ မရနိုင်ဘူး မောင်ကြီး။ အားလုံးကလည်း အကုသိုလ်နည်းအောင် သက်သတ်လွတ်စားကြတယ်"

ဟုရှင်းပြလေသည်။ သူ တိရစ္ဆာန်တွေ မမြင်ရတာနှင့် ဆက်စပ်စဉ်းစားကြည့်မိပြန်သည်။ နောက်ပိုင်း သူနေစဉ်ကာလ တလျှောက် ခြင်၊ ယင်၊ ကြွက် ကဲ့သို့သော တိရစ္ဆာန်များကိုလည်း မမြင်ရတာ အမှတ်ရလာသည်။

"မောင်ကြီး အဝတ်အစားတွေက ညစ်ပေနေပြီ။ လဲလိုက်ပါ"

ဟု အဝတ်များထုတ်ပေးရာ၊ တခြားသူများဝတ်တာတွေ့ရသည့် သင်တိုင်းရှည်များပင် ဖြစ်နေလေသည်။ သူ့ကိုပေးသော ဝတ်စုံက အပြာရောင်ဖြစ်နေလေသည်။ မောင်မောင်ကြီးက . . .

"ဝတ်စုံတွေက ဘာကြောင့် အရောင်မတူတာလဲ ဟင်"

"လူတွေရဲ့ အဆင့်အတန်းကို ခွဲခြားထားတာလေ။ ဒီမှာက အဖြူရောင်က အမြင့်ဆုံး။ အနက်ရောင်က အနိမ့်ဆုံးပဲ"





သူတို့အိမ်တွင် ဝေယျာဝစ္စလုပ်သည့် မိန်းကလေးများမှာ အနက်ရောင်ဝတ်များ ဖြစ်ကြလေသည်။

"ဒီက အိမ်တွေက ခေါင်မိုးတွေ ဘာလို့ပြားနေရတာလဲ"

"ဒီမှာက မိုးမရွာဘူးလေ။ အော် ဆောင်းတို့ နွေတို့လည်း မရှိဘူး"

နေရသည်မှာ မပူလွန်း မအေးလွန်း အနေတော်ရာသီဥတုမျှဟု တွေးမိ၏။ မောင်မောင်ကြီးက သိချင်စိတ်ကို မမျိုသိပ်နိုင်တော့ပဲ . . .

"ဒီနေရာက ဘယ်လိုနေရာလဲဟင်။ လူ့ပြည်မှ ဟုတ်ရဲ့လား"

ဟုမေးမိ၏။ မာလာက ပြုံးကာ . . .

"ဒီသံသရာမှာရှိတဲ့ ၃၁ ဘုံဆိုတာ၊ ကံကြောင့်ဖြစ်တာချည်းပဲ မောင်ကြီး။ ဒီတော့ ကံဘုံတစ်ဘုံလို့သာ မှတ်ထားပါ။ ဒါထက်ပြီး မသိချင်ပါနဲ့။ မောင်ကြီးအတွက် ပြောတာပါ။ ဒီနေရာကိုလာတာရုံလူ မရောက်ပါဘူး။ မောင်ကြီးက ကံစပ်လို့ရောက်လာတာ။ ဒီတော့ ဒီနေရာမှာ ပျော်သလောက်နေပါ"

ဟုသာဖြေ၏။

အတန်ငယ်ကြာသောအခါ အစေခံများက အဆိုအတီးအကတွေဖြင့် ဖျော်ဖြေပြန်၏။ ထိုအချိန်၌ အပြင်ဘက်၌ မှောင်မိုက်၍နေလေပြီ။ အခန်းထဲတွင်မူ မီးရောင်များဖြင့် ထိန်လင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သစ်သီးများကျွေး၏။ သစ်သီးဖျော်ရည်များတိုက်၏။ သာယာကြည်နူးဖွယ်ကောင်းလှပေရာ၊ မောင်မောင်ကြီးသည် ငါရောက်နေတာ နတ်ပြည်ဆိုတာလေလားဟုပင် တွေးမိ၏။ ညဉ့်အတော်နက်မှ သူတို့ အိပ်ယာဝင်ကြသည်။

မောင်မောင်ကြီး အိပ်ယာက နိုးလာသောအခါ မိုးစင်စင်လင်း၍နေလေပြီ။ သူ့ဘေးတွင် မာလာမရှိတော့။ အိမ်ထဲမှာ ရှာကြည့်တော့လည်း မတွေ့။ မာလာသာမဟုတ်။ အစေခံတွေလည်း မတွေ့။ တစ်အိမ်လုံးမှာ သူတစ်ယောက်တည်း။

မောင်မောင်ကြီး မြို့ထဲကို ထွက်လာခဲ့သည်။ မြို့ကြီးတစ်မြို့လုံးမှာ တိတ်ဆိတ်ခြောက်ကပ်နေ၏။ သက်ရှိလူသားဟူ၍ သူတစ်ယောက်တည်းသာ ရှိ၏။ ကျန်သော ခွေးတစ်ကောင် ကြောင်တမြီးပင် မတွေ့ရ။ မောင်မောင်ကြီး တုန်လှုပ်ခြောက်ခြား၍ သွားသည်။ အိမ်ပြန်လာ၍ ရှာဖွေကြည့်သောအခါ သစ်သီးသစ်ဥတွေ တွေ့ရ၏။ ယင်းတို့ကိုပင် စားကာနေလိုက်ရသည်။

ညနေ မှောင်ရီပျိုးသောအခါ . . .

ခေါင်းလောင်းသံတွေ နေရာအနှံ့ထွက်ပေါ်လာ၏။ လူတွေ မြို့ထဲ ပြန်ဝင်လာကြသည်။ မာလာနှင့် သူ့လူများလည်း ပြန်ရောက်လာကာ ချက်ကြပြုတ်ကြပြန်သည်။ စားကြသောက်ကြပြန်သည်။ ပြီးတော့ တီးမှုတ်ကခုန်ကြပြန်ရာ၊ အားလုံးကိုမေ့လျော့၍ ပျော်ရွှင်





ဖွယ်အတိ ဖြစ်၍နေ၏။ သို့ဖြင့် မောင်မောင်ကြီးသည် ထိုဘာမှန်းမသိသည့်အရပ်တွင် သောင်တင်၍နေ၏။ ဘယ်နှစ်ရက်ကြာမြင့်ခဲ့ပြီလဲ သူမမှတ်မိ။ တစ်ပတ်လည်း ဖြစ်ချင်ဖြစ်မည်။ ဆယ်ရက်လည်း ဖြစ်ချင်ဖြစ်မည်။ တစ်လလည်း ဖြစ်ချင်ဖြစ်မည်။ ဤနေရာဒေသတွင် နာရီဥတုသည် မပူမအေး တစ်မျိုးတည်းရှိနေလေရာ၊ အချိန်ကာလ လိုက် ကွဲကွဲပြားပြား တွက်ဆရန်မလွယ်။ တကယ်တော့ ဤနေရာတွင် ဆင်းရဲဒုက္ခမရှိ။ ပူပန်သောကမရှိ။ ထို့အတူ အချိန်ကာလမရှိ။ ပျော်စရာအတိပြီးသော နေရာဖြစ်သဖြင့် အချိန်တွေကုန်၍ပင် ကုန်မှန်းမသိ။

တီးကြမှုတ်ကြ၊ ကကြခုန်ကြ၊ စားကြသောက်ကြ၊ ကာမဂုဏ်ခံစားကြ။ သူသည် အပျော်လွန်နေသဖြင့် သူ့၏လာရင်းကိစ္စဖြစ်သော ချစ်ညီကို ရှာဖွေရန်ဟူသော အချက်ကိုပင် မေ့လျော့နေ၏။ မာလာက သူ့အား . . .

“မောင်ကြီး ဒီမှာနေရတာ ပျော်သလား”

“ပျော်တာပေါ့ မာလာရယ်”

“ပျော်ရင် တစ်သက်လုံးနေရမယ်နော်”

ဟုဆိုလေသည်။ မောင်မောင်ကြီးက . . .

“မာလာကို တစ်ခုတော့ မေးချင်တယ်။ မာလာတို့က တစ်နေ့လုံး ဘယ်သွားနေတာလဲ။ မြို့ကြီးမှာ မောင်ကြီးတစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ရတော့ သိပ်ပျင်းဖို့ကောင်းတယ်"

"နေ့ဆို မာလာတို့က မြို့ပြင်က အလုပ်စခန်းကိုသွားပြီး အလုပ်လုပ်ကြရတယ် မောင်ကြီးရဲ့"

"ဒါဆို မောင်ကြီးလည်း လိုက်ခဲ့မယ်၊ မာလာတို့နဲ့အတူ အလုပ်လုပ်မယ်လေ"

မာလာက ပြာပြာသလဲပင် . . .

"မဖြစ်နိုင်တာ မောင်ကြီးရယ်။ အဲဒီ စိတ်ကူးကို မောင်ကြီးရဲ့ခေါင်းထဲက ထုတ်ပစ်လိုက်။ မောင်ကြီးအဲသလိုလုပ်ရင် ပြဿနာတွေ တက်ကုန်လိမ့်မယ်။ မောင်ကြီးနဲ့ မာလာလည်း ကွဲကြရလိမ့်မယ်။ ဘယ်တော့မှ ပြန်တွေ့ကြရတော့မှာ မဟုတ်ဘူး"

မာလာ၏ စကားက ဆန်းသလိုရှိသည်ဟု ထင်ရသော်လည်း သူကောင်းကောင်းနားမလည်။ မာလာနှင့် ခွဲရမှာကြောက်သဖြင့် သူမြို့သိပ်နေသော်လည်း၊ သုံးလေးရက်ကြသောအခါ မနေနိုင်တော့။ မာလာတို့နောက် တစ်ရက်လိုက်ကြည့်မယ်ဟု စိတ်ကူးလိုက်၏။ မာလာက ခွင့်တောင်းလျှင်လည်း ရမှာမဟုတ်သဖြင့် ခိုးကြောင်ခိုးဝှက် နောက်ယောင်ခံကာ လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် တစ်ရက်တွင် သူက ကောင်းစွာနေမကောင်းဟု အကြောင်းပြကာ အိပ်ယာစောစောဝင်ခဲ့သည်။

မနက် ခေါင်းလောင်းသံများ ကြားရသောအခါ၌ သူနိုး၍





နေသည်။ သူက ဆက်၍ အိပ်ချင်ယောင်ဆောင်ကာ နေ၏။ မာလာက သူ့ဘေးမှထ,ကာ ထွက်ခွာသွားလေသည်။ မာလာမရှိမှ မောင်မောင်ကြီးသည် ပြတင်းပေါက်မှ ကြည့်လိုက်သောအခါ . . .

လမ်းပေါ်တွင် တန်းစီကာ ငြိမ်ငြိမ်သက်သက် သွားလာနေသော လူအုပ်ကြီးကို မောင်မောင်ကြီး မြင်ရသည်။ ဒီလူတွေက အသိစိတ်ကင်းမဲ့နေသူတွေလို ငြိမ်ငြိမ်သက်သက် လျှောက်သွားနေကြသည်။ မောင်မောင်ကြီးက အိမ်ကထွက်လိုက်သည်။ ဒီလူတွေဘယ်တွေသွား၍ ဘာတွေလုပ်နေသနည်း။ ဒီနေ့တော့ သူသိအောင်ခံမည်ဟုတွေးကာ ထိုလူအုပ်ထဲတွင် ရောနှောလိုက်ပါလာခဲ့သေတော့သည်။ သူသည် သင်တိုင်းရှည်ကို ဝတ်ဆင်ထားလေရာ၊ တခြားသူတွေက သူ့အားထူးထူးခြားခြား သတိမမူမိပဲရှိ၏။

ဒီလိုနှင့် မြို့ပြင်သို့ ရောက်ရှိလာသည်။ မြို့ပြင်တွင် တောင်စုံလုံးရှိရာ၊ လူအုပ်ကြီးသည် တောင်ကြားလျှိုထဲသို့ ဝင်ရောက်သွားကြသည်ကို တွေ့ရ၏။ တောင်ကြားလျှိုအနီး ရောက်သောအခါကြီးမားသော သံဂိတ်တံခါးမကြီးတစ်ခုရှိနေတာ မြင်ရလေသည်။ ဘာကြောင့်မှန်းမသိ။ မောင်မောင်ကြီး ရင်ထဲတွင် မသိမသာကြောက်ရွံ့စိတ်တွေ စိမ့်ဝင်လာ၏။ ထို့ကြောင့် နောက်ချန်နေခဲ့ကာ အနီးတွင်ရှိသည့် ခြုံပုတ်တစ်ခုထဲ ဝင်ပုန်းနေခဲ့၏။ မကြာမီ တံခါးကြီးက ဂျိမ်းခနဲမြည်ကာ ပိတ်၍သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင်ပင် သူက မြုံပုတ်ထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာ စောင့်စားနေခဲ့၏။ မကြာမီမှာပင် ထိုနံရံကြီးအတွင်းဖက်ဆီမှ အော်ဟစ်ငြီးတွားသံများ ထွက်ပေါ်လာသည်ကို ကြားရလေသည်။ အသံများမှာ ကြားရသည်နှင့်ပင် အသည်းတုန်ရင်တုန်ဖွယ်ရှိကာ၊ အဆက်မပြတ်ပင် ထွက်ပေါ်နေ၏။ မောင်မောင်ကြီးသည် သိချင်စိတ်ကို မြိုသိပ်မထားနိုင်တော့။ သူသည် ခက်ခက်ခဲခဲပင် တံခါးရွက်ကြီးပေါ်သို့ တွယ်ကပ်တက်ကာ၊ အထဲသို့ လှမ်းမျှော်ကြည့်လိုက်သည်။

အထဲတွင် မြင်လိုက်ရသော အရာတွေက သူ့ကိုလိပ်ပြာလွင့်စင်သွားလုမတတ် ထိတ်လန့်တုန်လှုပ်သွားစေသည်။ ငရဲဆိုတာကို သူအရှင်လတ်လတ် မြင်တွေ့လိုက်ရသည်။ ထိုနေရာသည် ကျယ်ပြန့်သော ကွင်းပြင်ဖြစ်ကာ၊ ဘာကြောင့်မှန်းမသိ။ ဝေးလံသောအရပ်မှ ဖြစ်ရပ်များကိုပင် သူသည် ထင်ထင်ရှားရှား တွေ့မြင်နေရသည်။ သူ့ရှေ့မှ ဥုံတောင်ကြားလှိုဏ်ထဲသို့ ဝင်သွားသော သူများသည် ဥုံအထဲတွင် ဆိုးဝါးကြောက်မက်ဖွယ်ကောင်းလှသော ဆင်းရဲဒုက္ခအမျိုးမျိုးကို အသီးသီးခံစားနေကြရသည်။

မြင်ကွင်းကား အသည်းပျက်ဖွယ် ခြောက်ခြားဖွယ် ဖြစ်သည်။ ငရဲသားဟု ယူဆရသူတွေက ထိုမြို့သူမြို့သားများကို နည်းအမျိုးမျိုးဖြင့် ညှင်းပန်းနှိပ်စက်နေကြသည်။ နှိပ်စက်ခံရသူတွေ၏ အော်ဟစ်





ငြီးတွားသံတွေက စဉ်ဆက်မပြတ် ထွက်ပေါ်နေလေရာ၊ လုံးဝမျှော်မှန်းမွေ့လျော်ဖွယ်မရှိသည့် အမင်္ဂလာမြင်ကွင်းပင် ဖြစ်တော့၏။

ထိုအခိုက်မှာပင် သူ့ကို ငရဲသားတစ်ယောက်က တွေ့မြင်သွားသဖြင့် ကျန်ရစ်သူများကို အော်ဟစ်သတိပေးလိုက်သည်။ မောင်မောင်ကြီးသည် နံရံပေါ်မှ ခုန်ချကာ ထိုနေရာမှ အားတင်းထွက်ပြေးလာခဲ့လေတော့သည်။ ဒါကြောင့် မာလာက သူ့နောက်လိုက်ခဲ့ဖို့ပြောခြင်း ဖြစ်ပေမည်။

သူထွက်ပြေးရင်း ခလုတ်တိုက်လဲသဖြင့် ကြည့်လိုက်သောအခါ၊ သူခလုတ်တိုက်မိသည်မှာ အလောင်းကောင်တစ်ခုဖြစ်၍၊ အရိုးကျစပြုနေသော်လည်း ချစ်ညိုဖြစ်ကြောင်းကို သိလေသည်။ အဝတ်အစားတွေက ချစ်ညိုအဝတ်အစားတွေဖြစ်ကာ၊ ခါးတွင် ချစ်ညိုကိုင်ဆောင်နေကျ ဓါးမြှောင်ကို ချိတ်ဆွဲထား၏။ ထိုအခိုက်မှာပင် နောက်မှလိုက်လာသော ငရဲသားတွေကို မြင်ရသဖြင့် သူဆက်ပြေးရပြန်သည်။

မိသွားလျှင် မလွယ်။ သူ့အနေဖြင့် အရှင်လတ်လတ် ငရဲကျခံရဖို့သာရှိသည်။ သူရောက်နေခဲ့သောနေရာကား အပါယ်လေးဘုံတစ်ဘုံအပါအဝင်ဖြစ်သည့် အသူရကာယ်ဘုံပင် ဖြစ်ပေမည်။ စာပေကျမ်းဂန်များ၌ အသူရကာယ်များသည် နေ့ခံ၍ ညစံရသူများဟု ကြားဖူးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မြို့ကြီးကိုဖြတ်ကာ ပြေးခဲ့၏။

မြို့ကြီးကိုလွန်သော် ကွင်းပြင်ကြီးထဲ ရောက်၍သွားသည်။ ကွင်းပြင်ကြီးဆုံးသောအခါ ချောက်တစ်ခု၏ထိပ်သို့ ရောက်သွား၏။ ချောက်ကား အောက်ခြေကို မမြင်ရလောက်အောင်ပင် နက်ရှိုင်း၍ နေ၏။ ထိုအခိုက်မှာပင် သူ့နောက်ကလိုက်လာသော ရဲသားတွေ ကို မြင်ရပြန်၏။ သူစဉ်းစားနေချိန်မရတော့။ မျက်စေ့ကို စုံမှိတ်ကာ ရှေ့မှချောက်ထဲသို့ ခုန်ချလိုက်ပါလေတော့သည်။

ချောက်မှာ မြင့်မားလှရာ၊ သူသည် လေထဲမှာပင် သတိလစ် ၍ သွားလေတော့သည်။ သူသတိရလာသောအခါ ရေကန်ငယ် တစ်ခု၏ဘေးတွင် ရောက်နေတာတွေ့ရ၏။ သူ အားလုံးအမှတ်ရ လာသည်။ ချစ်ညိုနောက်ကိုလိုက်သွားရင်း ဥမင်ထဲမှတဆင့် အသူရ ကယ်ဘုံရောက်ကာ မာလာနှင့်တွေ့ဆုံရပုံ။

ထိုမှတဆင့် ဘာကြောင့် ဤရေကန်ဘေး မြက်ခင်းပေါ် သူရောက်နေရသနည်း။ ကြုံတာတွေက ယုံရန်ခက်အောင်ထူး ဆန်းပြားလှရာ၊ သူသည် ရေကန်ဘေးတွင် ရုတ်တရက် အိပ်ပျော် သွားရင်း၊ ဂယောင်ဂတမ်း အိပ်မက်တွေ မက်နေခြင်းပေလား။ ဒါ ဖြစ်နိုင်ပါသည်။ သူကြုံခဲ့ရတာတွေက အိပ်မက်တွေပါ။

သူဆာလောင်နေ၏။

ထို့ကြောင့် ရေကန်ဆီသို့သွားကာ ရေငုံ့သောက်ရန် ပြင်လိုက် ၏၊ ကြည်လင်သော ကန်ရေမျက်နှာပြင်တွင် သူ့အရိပ်ကို မြင်လိုက် ရသောအခါ ထိတ်လန့်သွား၏။ သူမြင်လိုက်ရသည်မှာ ဆံပင်တွေ ဆွတ်ဆွတ်ဖြူနေသည့် အိုမင်းလှသော အဘိုးအိုတစ်ဦး။ ဒါဆို သူ တွေ့ခဲ့တာ အိပ်မက်မဟုတ်။

သူ . . . အသူရကယ်ဘုံမှာ နေခဲ့ရတာ ဘာမှမကြာသေး ဟုထင်ရ၏။ သို့သော် လူ့သက်တမ်းနှင့်ဆိုပါက ကြာမြင့်လှပြီ ဖြစ်ကောင်းဖြစ်နိုင်သည်။ နတ်ပြည်မှာတစ်ရက် လူ့ပြည်မှာတစ်သက် ဟူ ဆိုရိုးစကားရှိသည် မဟုတ်လား။

သူ ထိုနေရာမှ ထ,ကာ ရွာထဲဝင်လာခဲ့သည်။ ရုတ်တရက် ရွာကို သူမမှတ်မိ။ လူတစ်ယောက်ကို မေးကြည့်တော့ . . .

"နံ့သာရွာလို့ ခေါ်ပါတယ် အဘိုး"

ဟုဆို၏။ သို့သော် ရွာက ပုံစံအပြောင်းလဲကြီး ပြောင်းလဲ ၍နေသည်။ သူ့ကို မှတ်မိသိကျွမ်းသူဟူ၍ မရှိတော့။ သူ့မိသားစု လည်း မရှိတော့။ သူ့အိမ်လည်း မရှိတော့။

* * * *





www.burmeseclassic.com

www.burmeseclassic.com

သူတို့ရှေ့မှ အဘိုးအိုဏ်ဖြစ်ရပ်ကား ဆန်းကျယ်လွန်းလှ
သည်။ တချို့က အဘိုးအိုက လာရောက်လိမ်လည်နေသည်ဟု ယူဆ
ကြ၏။ တကယ်တော့ ဘုရားဟောခဲ့သည့် (၃၁) ဘုံကို ဗုဒ္ဓဘာသာဝင်
ဖြစ်သဖြင့် သူတို့အားလုံး လက်ခံယုံကြည်ကြပြီး ဖြစ်သည်။ အသူရ
ကယ်ဘုံကား ငရဲ တိရစ္ဆာန် ပြိတ္တာဟုဆိုသည့် အပါယ်လေးဘုံတွင်
တစ်ဘုံအပါအဝင်ဖြစ်၏။

တချို့ဘုံများကား နေရာဌာနမခြားပဲ လူ့ဘုံနှင့်တသားတည်း
တည်ရှိ၏။ ဉပမာ တိရစ္ဆာန်ဘုံ၊ လူတို့ အမြင်အတွေ့ပင်။ ပြိတ္တာဘုံ
ဟုဆိုနိုင်သော သရဲတစ္ဆေတို့သည်လည်း လူ့ဘုံနှင့် တဆက်တည်း
ပင် တည်နေလေရာ၊ မြင်နိုင်သူတချို့ မြင်ကြရသည်။ အသူရကယ်





ဘုံသည်လည်း ထို့အတူ လူ့ဘုံနှင့် တဆက်တပြင်တည်းဖြစ်ပုံရ၏။
အသူရကယ်ဘုံသို့ ရောက်သွားသည့် လူသားအချို့အကြောင်း ဇာတ်
နိပါတ်ပုံပြင်တို့တွင် တွေ့ရတတ်၏။

အဘိုးအို မောင်မောင်ကြီး ဝင်ရောက်သွားရာ နဂါးဂူဟု
သော ဉမင်လှိုဏ်ခေါင်းကြီးသည်ကား သို့ဝှက်ထားသော သာမန်လူ
တို့ မြင်တွေ့ရခဲယဉ်းသော၊ အသူရကယ်ဘုံသို့ ကူးသန်းသွားလာရာ
လမ်းကြောင်း (သို့မဟုတ်) ဘုံကူးဉမင်တစ်ခု ဖြစ်ဟန်တူ၏။ ထို
နဂါးဉမင်ကား ရွာနှင့်မလှမ်းမကမ်းတွင် ယခင်က တကယ်တည်ရှိ
ခဲ့ဖူးသည်ဟု ကြားဖူးနားဝရှိကြ၏။ လွန်ခဲ့သော အနှစ်ငါးဆယ်ခန့်က
မြေငလျင် ပြင်းထန်စွာလှုပ်ရာ၊ ကျောက်တောင်ပြိုကျ၍ ထိုဂူကြီးမှာ
ပိတ်ဆို့ပျောက်ကွယ်သွားခဲ့သည်ဟု ဆိုသည်။ ယခုအခါ ခြုံနွယ်
ပိတ်ပေါင်းများ ထူထပ်စွာ ဖုံးအုပ်နေသဖြင့်၊ ထိုနဂါးဂူတည်ရှိရာ၊
နေရာအမှန်ကိုပင် ပြောပြနိုင်သူ မရှိတော့ပဲရှိ၏။

ရွာလူကြီးက . . .

"အဘိုးအနေနဲ့ အသက်လည်းကြီးလှပြီ။ တခြား မသွားချင်
ဘူးဆိုရင် ဒီမှာပဲ နေနိုင်ပါတယ်။ လူကြီးမိဘအမှတ်နဲ့ ကျွေးမွေး
စောင့်ရှောက်ပါ့မယ်"

ဟုဆိုသော်လည်း လက်မခံ။ နောက်ဆုံး၌ . . .

မကြေးမုံမရှိသော အရပ်၊ သူ့ကို သိကျွမ်းသူ မရှိသော



www.burmeseclassic.com

www.burmeseclassic.com



အရပ်တွင် သူလည်းမနေလိုဟုဆိုကာ၊ နံ့သာရှာကလေးကို ကျောခိုင်းကာ ထွက်ခွာသွားပါလေတော့သတည်း။

* * * *



* ဤကိစ္စမှာ တစ္ဆေအခြောက်ခံရခြင်းပေလော။ ပရလောကနှင့်ပတ်သက်၍ ကျွန်ုပ်တွင် အတွေ့အကြုံမရှိ။ သဘာဝလွန်ကိစ္စများကိုလည်း ကျွန်ုပ်က လက်ခံယုံကြည်လေ့မရှိ။

## (၄) တောင်ကျွန်းနမိတ်

www.burmeseclassic.com

www.burmeseclassic.com

## တောင်ကျွန်းနမိတ်

ဤကိစ္စမှာ ယနေ့တိုင်အောင်ပင် ကျွန်ုပ်အတွက် ဝေခွဲရခက်ခဲသော ပြဿနာတစ်ရပ် ဖြစ်နေလေသည်။ ဤအဖြစ်ကို ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရခြင်း မဟုတ်ပဲ၊ တခြားသူတစ်ယောက်၏ ပြန်ပြောစကားအဖြစ်သာ ကြားရပါက၊ လုံးဝမယုံကြည်ရုံမက၊ ထိုသူအား စကားကို လျှည့်ဖျားပြောဆိုတတ်သူဟု စွပ်စွဲကောင်း စွပ်စွဲမိပေမည်။

ကျွန်ုပ်ကိုယ်တိုင်လည်း ထိုဖြစ်ရပ်ကို၊ ယုတ္တိဗေဒနည်းဖြင့် ရှင်းလင်းသဘောပေါက်ရန် ခက်ခဲနေလေရာ၊ ကြိုတင်မြင်ရသော၊



www.burmeseclassic.com

www.burmeseclassic.com



နမိတ်ဆန်းသော၊ ပရလောကအတွေ့အကြုံလောဟု ဝေဝေဝါးဝါး တွေးတောနေရဆဲဖြစ်၏။ တနည်းရှိသေး၏။ ခေတ်သစ်သိပ္ပံပညာတ အချိန်ကာလကို အတိုင်းအတာတစ်ခုဟု ယူဆခဲ့ကြ၏။ အရာဝတ္ထု တိုင်းတွင် ယခင်က အလျား၊ အနံနှင့် ထုဟူ၍ သုံးဘက်အတိုင်း အတာရှိသည်ဟု လက်ခံခဲ့ရာမှ၊ အချိန်ကို စတုတ္ထအတိုင်းအတာ (Forth Dimension) ဟု ထပ်မံအတည်ပြုခဲ့ကြ၏။ အချိန်သည် တသမတ်တည်း စီးဆင်းနေသော သဘောမဟုတ်။ ထို့ကြောင့် အတိတ် ကိုရော၊ အနာဂတ်ကိုရော ခရီးသွား၍ရသည်ဟု ဆိုကြပြန်သည်။ ကာလယန္တယားခေါ် Time machine အချိန်ခရီးသွားစက် အကြောင်းရေးသားသည့် သိပ္ပံဝတ္ထုတွေ ပေါ်လာ၏။ ထို့အပြင် အကြောင်းတစ်စုံတစ်ရာကြောင့် အချိန်သည် တွန့်ခေါက်နိုင်ကာ၊ သို့မဟုတ် (Time Slip) လွဲချော်နိုင်ကာ၊ ပစ္စုပ္ပန်နှင့်မတူသော အချိန်ကာလထဲ ရောက်ရှိသွားနိုင်သည်ဟူသော အယူအဆဖြင့် ဝတ္ထုတွေ ရုပ်ရှင်တွေ ဖန်တီးကြတာလည်း မြင်ဖူးကြည့်ဖူး၏။

ဥပမာ . . . ပြောင်းပြန်ရေတွက်ခြင်း Final Count-down ဟူသော အမေရိကန်ကားတွင် မိုက်ကယ်ဒေါက်ကလပ်တို့၏ ခေတ်မီလေယာဉ်တင်သင်္ဘောကြီးသည် အချိန်လွဲချော်ကာ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ကာစ၊ ဂျပန်က အမေရိကန်ပုလဲဆိပ်ကမ်းအား ဗုံးကြဲ လုအချိန်ကို ရောက်ရှိသွား၏။ Time Slip အချိန်လွဲချော်ခြင်း





ဂျပန်ရုပ်ရှင်ကားတွင်မူ၊ ဆန်နီချေးဘားတို့ ခေတ်သစ်ကွန်မန်ဒိုတပ်ဖွဲ့ သည် အချိန်လွဲချော်မှုဖြစ်ကာ၊ ဆာမူရိုင်းများ ကြီးစိုးသောခေတ်ကို ပြန်ရောက်သွားပြီး တိုက်ကြခိုက်ကြရပုံကို ရိုက်ကူးတင်ပြထားသည်။ ယင်းတို့မှာ ရုပ်ရှင်တွေသာဖြစ်၍ ကြည့်ကောင်းအောင် ရိုက်ကူး ထားသည်ဟု ယူဆနိုင်သော်လည်း၊ အိုင်းစတိုင်းအပါအဝင် ၂၀ ရာစု သိပ္ပံပညာကျော်တို့၏ အချိန်နှင့်ပတ်သက်သော သီအိုရီကား လက်တွေ့ မပြနိုင်သေးသည်ကလွဲ၍ အမှန်ဟုပင် ပညာရှင်အများက လက်ခံ ထားကြသည်။

ကျွန်ုပ်တွေ့ကြုံခဲ့ရသောအဖြစ်မှာ ဖော်ပြပါ ရုပ်ရှင်ကားများ ကဲ့သို့ ခမ်းနားကြီးကျယ်လှသည်ဟု မဆိုသာသော်လည်း၊ ထူးထွေ ဆန်းပြားပုံမှာမူ မလျော့လှဟု ထင်ပါသည်။ တစ်ခုသော ဆောင်း ရာသီတွင် ကျွန်ုပ်သည် ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းကာ ရှမ်းပြည်မြို့ကလေးတစ်မြို့သို့ ခရီးထွက်ခဲ့သည်။ ကျွန်ုပ်သည် ရန်ကုန်တွင်နေထိုင်၍ အတော်အသင့် အောင်မြင်နေသော ကုမ္ပဏီ တစ်ခုကို ထူထောင်ထားသည့် လူလတ်ပိုင်းအရွယ် စီးပွားရေးလုပ်ငန်း ရှင်တစ်ဦးဖြစ်ကာ၊ အလုပ်ကိစ္စနှင့်ပတ်သက်၍ ယခုကဲ့သို့ ခရီးထွက် ခွာလာခဲ့ခြင်း ဖြစ်၏။ ကျွန်ုပ်သည် ရန်ကုန်တွင်သာ မွေးဖွားကြီးပြင်း ခဲ့သူဖြစ်သဖြင့်၊ အအေးဒဏ်ကို စိုးရွံ့သူတစ်ဦးဖြစ်ကာ နွေရာသီ များမှလွဲ၍ အအေးပိုလှသည့် ရှမ်းပြည်လိုဒေသများသို့ခရီးထွက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လှ၏။ ယခုအကြိမ်မှာ မဖြစ်မနေ ကိုယ်တိုင်တွေ့ဆုံရှင်းလင်းရမည့် ကိစ္စလေးရှိနေသဖြင့် မရှောင်မလွဲသာ ထွက်ခွာခဲ့ရခြင်းဖြစ်၏။

တောင်ပေါ်ဒေသသို့ ဝင်စပြုသည်နှင့် အအေးဓါတ်က လွှန်ကဲစပြုလာလေရာ၊ ကျွန်ုပ်သည် ကားကိုလမ်းဘေးတွင်ရပ်၍ အနွေးထည် ထပ်ဝတ်ရပြန်သည်။ ထိုရပ်နားစခန်းရှိ စားသောက်ဆိုင်တွင် ကော်ဖီပူပူတစ်ခွက်ကိုသာ မှာသောက်မိ၏။ ဝမ်းထဲတွင် အတန်ငယ် ဆာလောင်နေသော်လည်း၊ ကျွန်ုပ်သွားလိုရာ မြို့ကလေးသို့ရောက်မှသာ ညစာစားတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ဤနေရာတွင် ညစာစားနေပါက အချိန်လင့်မှာ စိုးရိမ်ရသောကြောင့် ဖြစ်၏။ နေဝင်လျှင် ဤဒေသ၌ အအေးဓါတ်သည် သိသိသာသာ ပိုကဲလာတတ်ရာ မမှောင်ခင် ထိုမြို့ကလေးသို့ ရောက်ဖို့လိုအပ်လှသည်။

ပြန်လည်ထွက်ခွာသည်နှင့် ကျွန်ုပ်သည် ကားကို ခပ်ပြင်းပြင်းအရှိန်ဖြင့် မောင်းခဲ့သည်။ ကျွန်ုပ်တွင် အနည်းငယ်ဆိုးရွားသည်ဟု ထင်စရာရှိသော အကျင့်စရိုက်တစ်ခုရှိ၏။ ယင်းမှာ ကားမောင်းလျှင် အရှိန်ဖြင့် အမြင်နှုန်းမြင့်ကာ မောင်းနှင်တတ်သော ဝါသနာဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝက မိဘများဝယ်ပေးခဲ့သော Blue Bird ခေါ် ပြိုင်ကားအမျိုးအစား နှစ်ယောက်စီးကားကလေးကို မောင်းနှင်ရာမှ စွဲခဲ့ဖူးသည့် စရိုက်ဖြစ်ပုံရ၏။ ထိုစဉ်ကပင် ကျွန်ုပ်ကားကို လိုက်စီးဝံ့သူ သူငယ်ချင်းနည်းလှ၏။ ကျွန်ုပ်ကား ကားအမြန်





မောင်းရလျှင် အလိုလိုပျော်ရွှင်နေမိ၏။ ကားအမြန်မောင်းရခြင်းမှာ အသက်နှင့်ရင်းကာ လောင်းကစားရခြင်းမျိုးဖြစ်၍ ကားမောင်းနေစဉ် ရင်ဖိုရသောအရသာကို နှစ်သက်မိခြင်း ဖြစ်ကောင်းဖြစ်နိုင်ကာ၊ တကယ်တမ်းမူ ကောင်းမွန်သောလက္ခဏာ မဟုတ်ပေ။ ကိုယ့်အတွက်သာမက ပတ်ဝန်းကျင်အတွက်ပါ အန္တရာယ်ကြီးမားလှ၏။

ထို့ကြောင့် ကျောင်းကထွက်၍ ကုမ္ပဏီ၌ အလုပ်ဝင်သောအခါ ကျွန်ုပ်သည် ထိုကားကလေးကို ရောင်းပစ်လိုက်သည်။ ထို့ပြင် ကျွန်ုပ်ကိုယ်တိုင်လည်း ကားမောင်းခြင်းမပြုတော့။ ကားဒရိုင်ဘာတစ်ယောက်ကိုသာ ငှား၍ထားလိုက်သည်။ ယခု ခရီးထွက်ကာနီးဘွင်မှ ထိုကားဒရိုင်ဘာ၏ကလေးမှာ ရုတ်တရက် နေမကောင်းဖြစ်လာသဖြင့် သူ့ကိုထားခဲ့ရခြင်းဖြစ်၏။ လက်ရှိ ကျွန်ုပ်အသုံးပြုနေသော ပရာဒိုကားမှာ ဈေးနှုန်းကြီးမြင့်လှသဖြင့် ဇိမ်ခံကားဟု လူအများက သတ်မှတ်ကြသော်လည်း၊ ယခုလို ခရီးဝေး၌ အသုံးတည့်လှသော အဆင့်မြင့်ကားကောင်းတစ်စီးပင် ဖြစ်လေသည်။

ကားက စိတ်ချရအောင် ကောင်းသဖြင့်လည်းကောင်း၊ တောင်ပေါ်လမ်းတွင် ကားကြဲတောက်ကာ ရှင်းလင်းနေသဖြင့်လည်းကောင်း၊ မမှောင်ခင် လိုရာခရီးကို ရောက်ချင်ဇောကြောင့်လည်းကောင်း၊ ကျွန်ုပ်သည် လီဗာကိုဖိနင်းကာ မောင်းနှင်ခဲ့ရာ ကားသည် လေးညှို့မှလွှတ်လိုက်သော မြှားတစ်စင်းကဲ့သို့ အရှိန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားနေလေတော့သည်။ အကွေ့အကောက်များသော တောင်ပေါ်လမ်းတွင် ထိုကဲ့သို့ မောင်းနှင်ခြင်းမှာ အန္တရာယ်များမှန်းသိသော်လည်း ကျွန်ုပ်စိတ်မှာ ငယ်မူငယ်သွေး ပြန်ပေါ်လာသကဲ့သို့ ရဲတင်းလျှက်ရှိ၏။ ကားမောင်းရင်း အမြန်နှုန်းပြဒိုင်ခွက်ကို ကြည့်လိုက်သောအခါ ကီလိုမီတာ ၁၀၀ ကျော်မျှ ရှိနေသည်ကို တွေ့လိုက်ရ၏။ ဤကားကို ဤမျှမြန်အောင် ကျွန်ုပ်တစ်ခါမျှ မမောင်းဖူးခဲ့ချေ။ ထို့ကြောင့် အမြန်နှုန်းလျှော့ရန် စဉ်းစားမိစဉ်မှာပင် . . .

ရုတ်တရက် ကျွန်ုပ်ရှေ့ လမ်းမပေါ်တွင် မြူခိုးမြူငွေ့တွေ ပိတ်ဖုံးနေတာ တွေ့လိုက်ရ၏။ တခြားနေရာလမ်းတလျှောက်တွင် မတွေ့ရပဲ ဤနေရာရောက်မှ မြူများကို ဘွားခနဲတွေ့ရခြင်းမှာ အံ့နည်းငယ်ထူးဆန်းသလို ဖြစ်နေ၏။ သို့သော် ဆောင်းရာသီတွင် တောင်ပေါ်ဒေသမျိုး၌ အချိန်မရွေး နေရာမရွေး ဒီလိုအဖြစ်မျိုး ကြုံနိုင်သည်ဟု တွေးလိုက်မိပြန်သည်။ ကျွန်ုပ်မောင်းလာသော အရှိန်မှာ မြန်ဆန်လွန်းလှရာ၊ ကျွန်ုပ်တွေးတောနေချိန်မှာပင် ကျွန်ုပ်ကားသည် မြူထဲသို့ ဖေါက်ထွင်းဝင်ရောက်သွား၏။ မြူများမှာ ထူထပ်လှရာ ရှေ့သုံးလေးကိုက်အကွာကိုပင် လှမ်းမမြင်နိုင်ပဲရှိ၏။ နောက်ထူးခြားချက်တစ်ခုကား မြူများသည် အဖြူရောင် မီးခိုးရောင်မဟုတ်ပဲ အစိမ်းရောင်ဖြစ်နေခြင်း ဖြစ်၏။ ဒီလိုမြူမျိုး ယခင်က မမြင်မတွေ့ဖူးခဲ့။





မြူထဲသို့ ဝင်ရောက်သွားသည်နှင့် ကျွန်ုပ်၏ကားမှာ အရှိန်နှေးသကဲ့သို့ ဖြစ်သွားသည်။ ဥပမာပြောရလျှင် ကားစီးသွားရသော်လည်း ရုပ်ရှင်ဇာတ်ကားများထဲတွင် လိုအပ်လျှင်ပြလေ့ရှိသော Slow motion ခေါ် အနှေးပြကွက်တစ်ခုထဲ ကိုယ်တိုင်ရောက်ရှိသွားသကဲ့သို့ ရှိ၏။ သို့သော် ရီလစ်တီဗယ်တီခေါ် နှိုင်းရဓမ္မတရားအရဆိုရလျှင် ကျွန်ုပ်၏ပတ်ဝန်းကျင်၌ အစိမ်းရောင်မြူခိုးများ အုပ်ဆိုင်းပိတ်ဖုံး၍ နေလေရာ၊ အခြားအရာများကို မမြင်ရသဖြင့် ကျွန်ုပ်၏ကားမြန်နေသည် (သို့မဟုတ်) နှေးနေသည်ဟု နှိုင်းယှဉ်ပြောဆိုရန် ခက်ခဲလှပေသည်။ ရှေ့တွင်ဘာကိုမှ မမြင်ရသော်လည်း ကျွန်ုပ်ကားမှာ ထိုမြူထဲ၌ ဖြတ်သန်းမောင်းနှင်သွားနေစဉ် မည်သည့်အရာနှင့် မတိုက်မိပဲရှိခြင်းမှာ ကံကောင်းသည်ဟုပင် ခေါ်ရလေမလား မသိ။ ထိုအစိမ်းရောင်မြူတွေထဲ၌ ဖြတ်သန်းသော အချိန်သည် မည်မျှကြာမြင့်ခဲ့သနည်း။ ခန့်မှန်းရခက်၏။ အတန်ငယ်ကြာသည်ဟုလည်း ထင်စရာရှိ၏။ မည်သို့မှ မကြာမြင့်လှဟုလည်း ထင်နိုင်၏။

ဗြုန်းကနဲ ထိုအစိမ်းရောင် မြူခိုးတွေကြားထဲမှ ကားက ထွက်မြောက်လာသည်။ ရှေ့တွင် ကျွန်ုပ်သွားရမည့်လမ်းကို ထင်ထင်ရှားရှားပင် မြင်နေရသည်။ ကားက မူလအမြန်နှုန်းအတိုင်းပင် ဆက်ထိုးခဲ့ကာ ပြေးလွှားလျှက်ရှိ၏။ မကြာခင်က ကျွန်ုပ်၏ကားကို ခဏတရက် နှေးသွားသည်ဟု ခံစားရခြင်းမှာ ကျွန်ုပ်၏ အထင်အမြင်



www.burmeseclassic.com

www.burmeseclassic.com



လွဲမှားမှုတစ်ခု ဖြစ်ကောင်းဖြစ်နိုင်လေသည်။ ရှေ့တွင် လမ်းဘေးရှိ သစ်ပင်တစ်ပင်ကို ကိုယ်ပိုင်ကားငယ်တစ်စီးက ဝင်တိုက်ကာ ရပ်တန့် နေသည်ကို တွေ့ရသဖြင့်၊ ကျွန်ုပ်သည် ကားကိုရပ်ကာ အကူအညီ ပေးရန် ဆင်းကြည့်မိသည်။

ကားမှာ အဖြူရောင်ဆလွန်းကားဖြစ်ကာ၊ ကားထဲတွင် ကားမောင်းသူတစ်ဦးသာပါ၏။ သစ်ပင်ကို အရှိန်ပြင်းစွာ ဝင်တိုက် မိမှုကြောင့် ကားခေါင်းမှာ ကြေမွ၍နေကာ၊ ကားမောင်းသူနေရာ တွင် ရှိနေသည့် မိန်းကလေးမှာလည်း အသက်ပျောက်၍ နေလေပြီ။ မိန်းကလေးကား ငယ်ရွယ်လှပနုပျိုသူလေးတစ်ဦးဖြစ်ကာ၊ အနီရောင် သိုးမွေးဆွယ်တာကလေးကို ဝတ်ဆင်ထား၏။ သူသေဆုံးနေပုံက အိပ်မောကျနေသလိုလို။ သူ့ဘေးတွင် စာအုပ်ကလေးတစ်အုပ် ကျနေ၏။ ထိုစာအုပ်သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော မေရီရှယ်လီ၏ 'ဖရန်ကင်စတိန်း' ဆိုသော ဝတ္ထုဖြစ်၏။ လူသေကောင် ကို ဖုတ်သွင်းသည့် ထိတ်လန့်ခြောက်ခြားဖွယ်ရာ စာအုပ်ဖြစ်ကာ၊ တိုက်ဆိုင်မှုကား၊ ထိုစာအုပ်ကို ကျွန်ုပ်လည်း ဖတ်လက်စဖြစ်ကာ၊ ယခုပင် ကျွန်ုပ်နှင့်အတူ ကားပေါ်၌ပါလာခြင်း ဖြစ်၏။ ထိုစာအုပ် ကလေးမှာ ကျွန်ုပ်စာအုပ်နှင့် တူလွန်းလှသဖြင့် ကောက်ကိုင်ကြည့် မည်ပြုပြီးမှ လက်ကိုပြန်ရုတ်လိုက်မိ၏။

ကားထဲမှလူက သေဆုံးနေပြီး ဖြစ်သည်။ တစ်စုံတစ်ခုကို





ကျွန်ုပ်ထိကိုင်မိပါက ကျွန်ုပ်၏ လက်ဗွေရာကျန်ခဲ့ကာ၊ ကံမကောင်း အကြောင်းမလှပါက ကျွန်ုပ်သည် လူသတ်မှုဖြင့် အစွပ်စွဲခံရနိုင်ခြင်း ရှိ၏။ ကျွန်ုပ်မှာလည်း အလျင်စလို သွားစရာကိစ္စရှိနေရာ၊ ဤ အတိုင်းထားလိုက်ခြင်းက ပိုကောင်းသည်ဟု တွေးလိုက်မိသည်။ ကျွန်ုပ်က လက်တွင်ပတ်ထားသော နာရီကိုကြည့်လိုက်၏။ ငါးနာရီ ပြီး၊ ဒါက မထူးဆန်း။ ထူးဆန်းတာက ကျွန်ုပ်၏နာရီရပ်နေခြင်း ဖြစ်၏။ ဟုတ်၏။ စက္ကန့်တံသည် လုံးဝတုတ်တုတ်မျှ မလှုပ်။ ကျွန်ုပ် ၏နာရီသည် ဆွဲဇာလန်မိတ် နာမည်ကြီးရိုးလက်စ်နာရီ အကောင်း စားဖြစ်ကာ တန်ဖိုးကြီးပေးဝယ်ထားတာ မကြာလှသေး။ ဘယ်နည်း နှင့်မှ ဒီလိုစက်ချို့ယွင်းမှု မဖြစ်နိုင်။ ရန်ကုန်ပြန်ရောက်မှ ထိုနာရီ ဆိုင်ကိုပြကာ ပြောရပေတော့မည်။

ထိုနေရာမှ ကားကိုပြန်မောင်းထွက်လာသောအခါ ကျွန်ုပ် သည် ကားအရှိန်ကို လျှော့ချလိုက်သည်။ မြင်ခဲ့ရသော ကားတိုက် မှုကို သင်ခန်းစာယူရလိမ့်မည်။ ဤနေရာကား အထပ်အကွေ့ အကောက်ခုရှိနေသဖြင့် ခရီးသွားများက ခြောက်ထပ်ကွေ့ဟုခေါ်သော နေရာဖြစ်ကာ၊ ဂရုမထားပဲ မောင်းနှင်ပါက ယာဉ်တိုက်မှုဖြစ်ပွားနိုင် သော နေရာဖြစ်၏။

မြို့ထဲသို့ ရောက်သောအခါ ကျွန်ုပ်သည် ကုမ္ပဏီရှိရာ သွားသေးပဲ၊ မြို့လယ်ရဲစခန်းသို့သွားကာ၊ လမ်း၌ကြုံခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



ကားတိုက်မှုအကြောင်း အစီရင်ခံလိုက်သည်။ စခန်းမှူးကား ခပ်ထ
အသက် ၅၀ ခန့်ရှိကာ မျက်နှာထားတည်သူဖြစ်၏။ (တာဝန်သိ
ပြည်သူတစ်ယောက်အနေနဲ့ ခုလိုလာရောက်သတင်းပို့တာ၊ ကျေး
တင်ပါတယ်။ ကျွန်တော်တို့ အခုချက်ချင်းပဲ အရေးယူဆောင်ရွ
လိုက်ပါ့မယ်)

သူက ကျွန်ုပ်၏နာမည်နှင့် တည်းခိုမည့်နေရာကို မေးထာ
လိုက်သည်။ စေ့စပ်သေချာသူ ဖြစ်ပုံရ၏။ (အရေးအကြောင်းရှိရ
ကျွန်တော်တို့ ဆက်သွယ်နိုင်အောင်ပါ) ဟုဆိုသည်။ ကျွန်ုပ်
ရောက်လာလျှင်တည်းရန် ကြိုတင်ဘွတ်ကင်လုပ်ထားသော 'ရွှေ
လိပ်ပြာ' ဟော်တယ်ကို စာရင်းပေးလိုက်သည်။ ထိုဟော်တယ်မှာ
ဤမြို့တွင် အဆင့်အမြင့်ဆုံးဖြစ်၍ ကြယ်သုံးပွင့်အဆင့်ရှိ၏။

ထိုနောက်မှ ကျွန်ုပ်ကုမ္ပဏီရှိရာသို့ ရောက်ရှိသွားသည်
ကုမ္ပဏီမှ တာဝန်ရှိသူတွေနှင့် ခဏမျှသာ တွေ့ဆုံနှုတ်ဆက်နိုင်သည်
ကျွန်ုပ်မှာ စိတ်ရောကိုယ်ပါ နွမ်းနယ်နေသဖြင့်၊ အနားယူရန် ဟော်
တယ်သို့ ထွက်လာခဲ့၏။ ဤမြို့ကလေးမှာ ယခင်က မစည်ကား
သော်လည်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးလာပြီးနောက်တွင်
စဟုန်ထိုး တိုးတက်၍လာခဲ့၏။ ကျွန်ုပ်သည် ရေပူဖြင့် ခပ်သွက်သွက်
ရေချိုးပြီးနောက်၊ ညစာစားရန် အောက်ထပ်စားသောက်ခန်းမထဲ
ဆင်းလာသောအခါ၊ စားသောက်ချိန်ဖြစ်သဖြင့် အတော်ပင် စည်ကား





နေတာ တွေ့ရလေသည်။

မကြာခင် ကျွန်ုပ်၏ ကုမ္ပဏီတာဝန်ခံ ရောက်လာသဖြင့်
သူနှင့်အတူ ညစာစားရင်း လမ်းတွင်ကြုံခဲ့ရသည့် ကိစ္စအား ပြန်ပြောင်း
ပြောပြနေ၏။ ကျွန်ုပ်တို့ ညစာစားပြီးစမှာပင်၊ ထိုစားသောက်ခန်းထဲ
သို့ ရဲမှူးကြီးဝင်ရောက်လာတာ တွေ့ရသည်။ ကျွန်ုပ်ကိုမြင်သော
အခါ ကျွန်ုပ်ရှိရာသို့ ခြေလှမ်းကြဲကြဲကြီးဖြင့် လျှောက်လာ၏။ သူ့
ပုံစံက အတော်ပင် ဒေါသကို ချုပ်တီးထားရဟန်ပေါ်နေသည်။
အနားရောက်သည်နှင့် . . .

"ဒီမယ် ကိုမင်းနောင်။ ခင်ဗျားဟာ လူကြီးလူကောင်း
တစ်ယောက်ဆိုရင် ဒီလို မနောက်ပြောင်သင့်ပါဘူး"

ဟုအပြစ်တင်စကား ဆိုလိုက်၏။ ကျွန်ုပ်သည် စိတ်ထိန်း
ချုပ်တတ်သူဖြစ်သဖြင့် အေးအေးသက်သာပင် တုန့်ပြန်လိုက်သည်။

"ရဲမှူးကြီး ခင်ဗျားတို့ကို နောက်ပြောင်လောက်အောင်
ကျွန်တော့်မှာ အချိန်မပိုပါဘူး"

"ကျုပ်တို့မှာလည်း ဒီအတိုင်းပါပဲ ကိုမင်းနောင်။ ခင်ဗျား
ကြောင့် ကျုပ်တို့ အချိန်ကုန်လူပန်း ဖြစ်ခဲ့ရတယ်"

"အကြောင်းသိပါရစေ"

"ခင်ဗျားပြောတဲ့ ခြောက်ထပ်ကွေ့ကို ရောက်သွားတဲ့အခါ၊
အဲဒီမှာ ဘာကားတိုက်မှုမှ ဖြစ်နေတာ မတွေ့ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာပဲ။ ညနေစောင်းက ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့ရတာပဲ"

"အဲဒါဆို ခင်ဗျားမျက်စိကဆရာဝန်နဲ့ တိုင်ပင်ကြည့်သင့်ပြီ"

"တစ်စုံတစ်ယောက်က အလောင်းနဲ့ကားကို ဖျောက်ဖျက်လိုက်တာရော မဖြစ်နိုင်ဘူးလား"

ရဲမှူးကြီးက သရော်ပြုံးပြုံးကာ . . .

"ခင်ဗျား စုံထောက်ဝတ္ထုတွေဖတ်တာ သိပ်များနေပြီ ထင်တယ်။ ဒီအချိန်တိုတိုလေးအတွင်းမှာ ကားရောလူပါ ဖျောက်ပစ်ဖို့ မဖြစ်နိုင်ဘူး။ အဲဒါတွေကို ဖျောက်ပစ်တောင် သဲလွန်စတော့ ကျန်ခဲ့ရမယ်။ အဲဒီနေရာမှာ မြက်ပင်လေးတစ်ပင်တောင် လဲမနေဘူး"

ရဲမှူးစကားက တိကျလှသည်။ ကျွန်ုပ်ကို အရက်သောက်တတ် မသောက်တတ် စစ်မေးသေး၏။ ထိုမြို့မှ ကုမ္ပဏီတာဝန်ခံနှင့် ရဲမှူးကြီးမှာ ရင်းနှီးသူတွေသာမဖြစ်လျှင် ကျွန်ုပ်အား အလုပ်ရှုပ်အောင် နှောင့်ယှက်သည်ဟု ဖမ်းချုပ်ကောင်းချုပ်နိုင်လေသည်။

ရဲမှူးကြီးပြန်သွားသောအခါ ကျွန်ုပ်သည် ကျွန်ုပ်၏တပည့် မြို့ခံကုမ္ပဏီမှ လူကိုခေါ်ကာ ကားကို ခြောက်ထပ်ကွေ့ကို ပြန်မောင်း လာခဲ့သည်။ ကျွန်ုပ်စိတ်ထဲတွင် လုံးဝမခံချင်ဖြစ်နေသည်။ ရဲမှူးကြီးစကားက အမှန်ပင်ဖြစ်၏။ ထိုနေရာတွင် ဘာမှရှိမနေ။ ကားတိုက်ခံရသဖြင့် ထက်ပိုင်းကျိုးနေသော သစ်ပင်သည်ပင် အကောင်းပကတိ





ရှိနေ၏။ ကားနှင့်လူကို ဖယ်ရှားပစ်နိုင်သည့်တိုင်အောင်၊ သစ်ပင်ကို အကောင်းပကတိပြန်ဖြစ်အောင် လုပ်ဖို့ဆိုတာ ခဲယဉ်းလှ၏။ ပြီးတော့ ဤနေရာတွင် ခြေရာလက်ရာပျက်နေသော ရှုန်းရင်းဆန်ခတ်ဖြစ်ခဲ့သည့် အနေအထားကို မတွေ့ရ။ ယုတ်စွအဆုံး မြက်ပင်ကလေး တစ်ပင်တောင် လဲမနေ။ ကျွန်ုပ်မှာ မစဉ်းစားတတ်အောင်ဖြစ်ကာ ပြန်လာခဲ့ရသည်။

ဟော်တယ်ရောက်သောအခါ ရဲမှူးကြီးထံ ဖုန်းဆက်ကာ တောင်းပန်လိုက်သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လူကြီးလူကောင်း တစ်ယောက်အနေဖြင့် ဤသို့တောင်းပန်သင့်သည်ဟု ထင်သည်။ သို့သော် ကျွန်ုပ်စိတ်ထဲမှာ တအုံနွေးနွေး ဖြစ်၍နေသည်။ ဤကိစ္စမှာ တစ္ဆေခြောက်ခံရခြင်းပင်လော။ ပရလောကနှင့်ပတ်သက်၍ ကျွန်ုပ်တွင် အတွေ့အကြုံမရှိ။ သဘာဝလွန် ကိစ္စရပ်များကိုလည်း ကျွန်ုပ်က ယုံကြည်လက်ခံလေ့မရှိ။ မြို့မှ ကုမ္ပဏီတာဝန်ခံကလည်း ထိုနေရာတွင် ယခင်ကတော့ တစ္ဆေခြောက်သည်ဟု တစ်ခါမှ မကြားဖူးဟု ဆိုလေသည်။

နောက်တစ်ခု ထူးခြားသည်ဟု ဆိုရမည်မှာ ကျွန်ုပ်၏နာရီသည် ရပ်တန့်နေရာမှ သူ့အလိုအလျောက် ပြန်သွားနေခြင်းဖြစ်သည်။ နောက်တစ်နေ့ မိုးလင်းသောအခါ ဤကိစ္စကို ကျွန်ုပ်အတော်အတန် မေ့ပျောက်၍သွားသည်။ ရှင်းလင်းရမည့် ကုမ္ပဏီကိစ္စများကို



www.burmeseclassic.com

www.burmeseclassic.com



သာ ခေါင်းထဲထည့်တွေးနေမိ၏။ ထိုနေ့မနက် ကုမ္ပဏီမသွားခင် ဟော်တယ်စားသောက်ခန်းထဲတွင် ကော်ဖီသောက်နေခိုက်၊ ဟော်တယ် ရှေ့ကို ကားဖြူကလေး၊ ထိုးဆိုက်လာ၏။ ကားပေါ်မှ ဆွယ်တာ နီနီဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ဆင်းလာတာ တွေ့လိုက်ရသောအခါ သောက်နေသည့်ကော်ဖီပင် သီးလုမတတ် ဖြစ်သွား၏။ ဤကားနှင့် ဤကောင်းမလေးကာ မနေ့ညက ကျွန်ုပ်၏ ခြောက်ထပ်ကွေ့တွင် တွေ့ခဲ့ရသည့် ကားနှင့် ကောင်မလေးပင် ဖြစ်၍နေလေတော့သည်။ ကျွန်ုပ်က ဤအပြင်မှာ မနေ့ညကလိုပင် စိတ်ထဲတွင် ဖြစ်ပေါ်လာသည့် ထင်ယောင်ထင်မှား အမြင်ပေလော ဟု တွေးတောလိုက်သေး၏။ သို့သော် မဟုတ်နိုင်။

မိန်းကလေးသည် ဟော်တယ်ဝန်ထမ်းလူငယ်ကို နှုတ်ဆက်ကာ၊ အပေါ်ထပ်သို့ တက်သွားလေသည်။ ကျွန်ုပ်သည် ဟော်တယ် ရှေ့တွင်ရပ်ထားသည့် ကားဖြူကလေးအား လက်ဖြင့် ထိကိုင်ကြည့်၏။ ထိကိုင်၍ရသည်။ မိန်းကလေးနှုတ်ဆက်သွားသော ဟော်တယ် ဝန်ထမ်းလူငယ်ကိုခေါ်၍ စုံစမ်းကြည့်လေသောအခါ . . .

"ဒီ အမလေးနာမည်က သီတာဝင်းတဲ့။ မန္တလေးမှာ နေတာ အမေနဲ့ စိတ်ဆိုးထွက်လာတာတဲ့။ ဒီရောက်နေတာ သုံးလေးရက် ရှိပြီ"

ဟုဆိုလေသည်။





ယနေ့ အသက်ထင်ရှားရှိလျက် သွားလာလှုပ်ရှားနေသော မိန်းကလေးကို မနေ့ညနေက သေဆုံးနေသောပုံစံဖြင့် ကျွန်ုပ်တွေ့ မြင်ခဲ့ရခြင်းအကြောင်းကို မည်ကဲ့သို့ ရှင်းပြရပါမည်နည်း။ ထိုနေ့ တစ်နေ့လုံး ကျွန်ုပ်သည် ကုမ္ပဏီမြို့နယ်တာဝန်ခံနှင့် ရှင်းလင်းစရာ ကိစ္စများအား ပြောဆိုရှင်းလင်းနေသည်။ အလုပ်ကိစ္စများမှာ ပြီးပြတ် သလောက် ဖြစ်သွားသဖြင့် မနက်ဖြန်ပြန်မည်ဆိုပါက ကျွန်ုပ်ပြန်၍ ဖြစ်နိုင်ပေသည်။ တာဝန်ခံက အနားယူသည့်အနေဖြင့် ၂ ရက် ၃ ရက်ခန့်နေရန် ပြောသော်လည်း၊ ကျွန်ုပ်က ငြင်းပယ်လိုက်၏။ ရန်ကုန်တွင်ရှိနေသော အလုပ်တွေကို ပစ်ထား၍မရ။ ရန်ကုန်တွင် လည်း ကျွန်ုပ်မရှိလျှင် မဖြစ်ပါ။

ထိုနေ့ညနေစောင်း စားသောက်ခန်းထဲ၌ ကျွန်ုပ်သည် ကော်ဖီတစ်ခွက်ကိုသောက်ရင်း မေရီရှယ်လီ၏ 'ဖရန်ကင်စတိန်း' ဆိုသော ဝတ္ထုကို ဖတ်နေပါသည်။ မျက်စိများ ညောင်းညာလာသဖြင့် စာအုပ်က မျက်နှာခွာလိုက်သောအခါ၊ အနီးကပ်စားပွဲတွင်ထိုင်ကာ ကော်ဖီသောက်နေသည့် မိန်းကလေးကို တွေ့ရ၏။ မိန်းကလေးက အချိန်လုံး ကျွန်ုပ်ကို အကဲခတ်နေပုံရသည်။ မျက်လုံးချင်းဆုံသော အခါ ပြုံးပြကာ . . .

"အန်ကယ်။ ဒီစာအုပ်ကလေး ခဏကြည့်လို့ရမလား"

ဟုမေး၏။ ကျွန်ုပ်အသက်မှာ သုံးဆယ်ခန့်သာ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကုမ္ပဏီကြီးတစ်ခုကို အုပ်ချုပ်စီမံနေရသဖြင့်၊ လူကြီး တစ်ယောက်ပုံစံဖမ်းနေ၏။ သို့သော် မိန်းကလေးတစ်ယောက်က အန်ကယ် (ဦးလေး) ဟု ခေါ်သံကြားရသောအခါ ယောကျ်ားတို့ သဘာဝ မကျေမချမ်း ဖြစ်မိသေး၏။ သို့သော် . . .

"ကြည့်ပါ"

ဟု စာအုပ်ကို လှမ်းပေးလိုက်မိ၏။ မိန်းကလေးက . . .

"ဒီစာအုပ်အကြောင်း ကြားဖူးတယ်။ ဖရန်ကင်စတိန်းရုပ်ရှင် လည်း ကြည့်ဖူးတယ်။ ဝတ္ထုတော့ တစ်ခါမှ မဖတ်ဖူးဘူး။ ဒီစာအုပ် ကို ခဏငှားလို့ရမလားဟင်။ ကျွန်မက အခန်းနံပါတ် (၁၃) က"

ဟုခပ်ပြုံးပြုံးမေး၏။ ကလေးဆန်ဆန် သွက်သွက်လက်လက် ကလေးပင်ဖြစ်သည်။ ကျွန်ုပ်က သဘောကောင်းသော လူကြီးတစ် ယောက်လို ပြုံးကာ . . .

"ယူလေ . . . ဖတ်ပါ"

"ကျွန်မနာမည်က သီတာဝင်းတဲ့"

"ငါ့နာမည်က မင်းနေ့ခင်ပါ"

"ကျေးဇူးပဲ အန်ကယ်။ အခန်းထဲ ပြန်ဖတ်လိုက်ဦးမယ် ပျင်းနေတာ။ ခုတော့ အဖော်ရပြီ"

ထိုနေ့က မိန်းကလေးကို ပြန်မတွေ့ရပါ။ နောက်တစ်နေ့ နေ့လည်စာစားချိန်ကျမှ၊ ကျွန်ုပ်က စားသောက်ပြီးအထ၊ ထမင်းစား





ခန်းထဲဝင်လာသော သူမနှင့် တိုးရလေသည်။

"အန်ကယ် စာအုပ်ဖတ်တုန်းနော်။ ဖတ်ရတာ ထင်တာ ထက် ပိုခက်နေတယ်။ သမီး အင်္ဂလိပ်စာက သိပ်မကောင်းဘူး"

"အဲဒီစာအုပ်ကို မင်းပဲ အပိုင်ယူထားလိုက်ပါတော့"

"ဟင် အန်ကယ်လည်း ဖတ်တာ မပြီးသေးဘူး မဟုတ်လား"

"ငါက ရန်ကုန်ရောက်ရင် ဝယ်လို့ရပါတယ်။ မင်းတို့ လက်ဆောင်ပေးတယ်လို့ သဘောထားပေါ့။ လူငယ်တွေ စာဖတ်ရင် ငါက အားပေးချင်တယ်"

"ကျေးဇူးပဲ အန်ကယ်"

"ငါက ညနေပြန်တော့မယ်"

"ကျွန်မကတော့ ဒီမှာ ကြာဦးမယ်ထင်တယ်"

ထိုမျှသာပြောကာ ကျွန်ုပ်တို့ ခွဲခဲ့ကြသည်။ တစ်နေ့လုံး အလုပ်ကိစ္စနှင့် လှုပ်ရှားနေခဲ့ပြီး၊ ညနေစောင်းမှ ဟော်တယ်ပြန်ရောက် ၏။ ပစ္စည်းများသိမ်းဆည်းကာ၊ ပြန်တော့မည်ဟု နှုတ်ဆက်စကား ပြောရန် အခန်းနံပါတ် (၁၃) သို့ ရောက်သွားသောအခါ တံခါးပိတ် ထားတာ တွေ့ရ၏။ အခန်းစောင့်က . . .

"ဒီအခန်းက ဧည့်သည်ပြန်သွားတာ တစ်နာရီလောက်ရှိပြီ ဆရာ"

"ဟုတ်လား။ သူပြောတော့ ဒီမှာ ကြာဦးမယ်ဆိုလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပုတ်ပါတယ်။ အခု အိမ်က ဖုန်းဆက်လို့။ သူ့အမေ ရုတ်တရက် နေမကောင်းဖြစ်လို့တဲ့"

ကောင်းတာပါပဲဟု ကျွန်ုပ်တွေးလိုက်သည်။ သူ အိမ်နှင့် ပြန်တည့်ကာ အိမ်ပြန်သွားတာ ဝမ်းသာစရာပဲပေါ့။ ကျွန်ုပ်လည်း ဟော်တယ်မှ ကားဖြင့်ထွက်လာခဲ့သည်။ ခြောက်ထပ်ကွေ့နား ရောက်သောအခါ စိတ်ထဲက လေးလံ၍လာသည်။ နောက်ဆုံး ကွေ့ကို ကျော်လိုက်သောအခါ ဒီကိုလာစဉ် ကျွန်ုပ်တွေ့ခဲ့သည့် ကားတိုက်မှု ဖြစ်ပွားရာနေရာ၌ လူများ၊ ကားများ စုဝေးနေသည်ကို တွေ့ရသဖြင့် စိတ်ထဲထင့်သွားသည်။ ကားကို လမ်းဘေးတွင်ရပ်ကာ ဆင်းလိုက်၏။ 'ကားတိုက်မှုဖြစ်လို့တဲ့' ဟူသော စကားများကို ကြားရ၏။

တွေ့ရပါပြီ။ ကျွန်ုပ်မြင်ခဲ့ဖူးသည့် အတိုင်းပင်။ ကားအဖြူ လေးတစ်စီးက လမ်းဘေးက သစ်ပင်ကို ဝင်တိုက်ကာ ရပ်တန့်နေ၏။ ကားမောင်းသူနေရာတွင် ထိုင်နေသည့် မိန်းကလေးမှာ သေဆုံး၍ နေပြီဖြစ်၍ သူမဝတ်ဆင်ထားသည့် ဆွယ်တာနီနီမှာ သွေးနီနီတို့ စွန်း၍နေလေသည်။ သူမဘေး ထိုင်ခုံပေါ်တွင် စာအုပ်ကလေး တစ်အုပ်ရှိနေကာ ထိုစာအုပ်မှာ မေရီရှယ်လီ၏ 'ဖရန်ကင်စတိန်း' စာအုပ် ဖြစ်လေသည်။

ထိုကားဘေးတွင် ရဲမှူးကြီးလည်း ရှိနေ၏။ သူက ကျွန်ုပ်၏ပုခုံးကို ပုတ်ကာ . . .





"ခင်ဗျားကို တောင်းပန်ပါတယ်။ အခုတော့ ခင်ဗျား မြင်ခဲ့တဲ့အတိုင်း တကယ့်ကို ဖြစ်လာတာပဲ"

ဟုဆိုလေသည်။

"ကျွန်တော် ဝမ်းနည်းတာတစ်ခုရှိတယ်။ ဒီလိုဖြစ်နိုင်တာ ကြိုသိခဲ့ပေမယ့်၊ အဲဒါကို မဖြစ်အောင် မတားဆီးခဲ့နိုင်တာပဲ"

ဟုဆိုသည်မှာ သတ္တဝါတို့အတွက် လွန်ဆန်ရခက်သော အရာ ဖြစ်ပုံရ၏။ ကျွန်ုပ်က ခရီးဆက်ရန် ကားစက်နှိုးရင်း နာရီကို ကြည့်လိုက်သည်။ နာရီက ငါးနာရီကို ညွှန်ပြနေလေသည်။

ရွှင်လန်းချမ်းမြေ့ပါစေ

ဒေဝစကြာ



www.burmeseclassic.com